

ကျော်ဟိန်း




နှစ်ပေါင်း(၄၀)ထဲက မျက်နှာများစွာနဲ့ ကျော်ဟိန်း အကြောင်း

<u>(၁၉၆၇)ခုနှစ်တွင် ရုပ်ရှင်လောကထဲ စတင်ရောက်ခဲ့သည်။</u>







ဒီဓာတ်ပုံ(၃)ပုံဟာ ရုပ်ရှင်ကောင်စီက သရုပ်ဆောင်သစ် ရွေးချယ်ပွဲ အတွက် လျှောက်လွှာတင်ခဲ့တဲ့ ဓာတ်ပုံတွေပဲ။

နာမည် – မောင်မောင်ကျော်

မွေးသက္ကရာဇ် – ၁၉၄၇ ဇူလိုင်လ ၁၄ ရက်

မှတ်ပုံတင်အမှတ် – အေအေ ၀၈၀၅၉၀

ပညာအရည်အချင်း – ဆယ်တန်း(ခ)အဆင့်နှင့်အောင်

နေရပ်လိပ်စာ – ၂၈ / ၃၀ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်။

ရည်ရွယ်ချက် – ကြီးကျယ်ချမ်းသာသော လူတစ်ယောက်ဖြစ်ရမည်။

မှတ်ချက် – အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရဲစခန်းထောက်ခံချက်ပူးတွဲတင်ပြသည်။

သရုပ်ဆောင်အလိုရှိသည်ဆိုတဲ့ ကြော်ငြာကြောင့် သူငယ်ချင်းတွေဆီက တစ်ယောက်ငါးမူး၊ တစ်ကျပ်စီစုပြီး ဓာတ်ပုံသုံးပုံ ရိုက်ပို့လိုက်တာ အရွေးခံရတယ်။ ရွေးတဲ့နေ့က ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးတွေ အများကြီးပဲ။ ဦးချင်းစိန်၊ ဒေါ်နန်း၊ သူဇာဦးချစ်စိန်၊ ဒါရိုက်တာမောင်မိုးသူ။ (ကျန်တဲ့လူတွေ မမှတ်မိတော့ဘူး)။

*လူကြီး – အခုလက်ရှိမင်းသားတွေထဲက မင်းဘယ်သူ့ကိုကြိုက်လဲ။*

*ကျော် – တစ်ယောက်မှ မကြိုက်ဘူး။*

*လူကြီး – မင်းသမီးတွေထဲကရောကွာ။*

*ကျော် – အကုန်လုံးကြိုက်တယ် ခင်ဗျ။*

ခန်းမတစ်ခုလုံးမှာရှိတဲ့ လူတွေအကုန်လုံး ဝိုင်းရယ်ကြတယ်။ လူကြီးတစ်ယောက်က ထပ်မေးပြန်တယ်။

*လူကြီး ၂ – မင်းသီချင်းဆိုတတ်လား။*

*ကျော် – ဟုတ်ကဲ့။*

*လူကြီး ၂ – ဆိုပြ။*

*ကျော် – ဘာဆိုပြရမလဲ။*

*လူကြီး ၂ – မြန်မာသီချင်းတစ်ပုဒ် ဆိုပြပေါ့ကွာ။*

*ကျော် – ကျွန်တော် မြန်မာသီချင်းတွေ မဆိုတတ်ဘူး။ ကျောင်းမှာတည်းက အင်္ဂလိပ်သီချင်းတွေပဲ အလွတ်ကျက်ဆိုနေကျမို့လို့ပါ။*

*လူကြီး – မြန်မာသီချင်း မဆိုတတ်လို့ ဖြစ်မလားကွ။ မြန်မာရုပ်ရှင်တွေမှာ သီချင်းဆိုခန်းတွေ မပါမနေရ ပါတယ်နော်။ မြန်မာသီချင်းတွေ ဆိုတတ်အောင် ကျင့်မထားဘူးလား။ မင်းက အင်္ဂလိပ်သီချင်းပဲ ဆိုတတ်တယ်ဆိုတော့ အင်္ဂလိပ်သီချင်း အဓိပ္ပာယ်ကိုရော သိလို့လား။*

*ကျော် – မသိပါဘူး ခင်ဗျာ။*

*လူကြီး – မသိဘဲနဲ့ မင်းဘယ်လိုဆိုလဲ။*

*ကျော် – အင်္ဂလိပ်စာသားကို မြန်မာအသံထွက် ရေးပြီး၊ ကျက်ပြီး ဆိုပါတယ်။ စာသားအဓိပ္ပာယ်တော့ ကျွန်တော် နားမလည်ပါဘူး ခင်ဗျာ။*

(အဖွဲ့ဝင်လူကြီးများနှင့် ဘေးပရိသတ်များ ခေါင်းခါသူခါ၊ စိတ်ပျက်သူပျက်၊ ရယ်သူရယ် ဖြစ်ကုန်။)

*လူကြီး – ကဲ ဘာဖြစ်ဖြစ် ဆိုပြကွာ။*

*ကျော် – ဟုတ်ကဲ့။ ဂစ်တာရှိရင်ခဏလောက်။*

*လူကြီး – ဟ ! ဘယ်ကလာ ဒီမှာ ဂစ်တာရှိမှာလဲ။ ဒီတိုင်း ဆိုပြ။*

*ကျော် – ဒီတိုင်း ဆိုပြလို့တော့ မဖြစ်ဘူး။ ကျွန်တော်တို့က သီချင်းဆိုရင် ဂစ်တာတီးပြီးဆိုတာ။ ဘာမှမပါဘဲ ဘလိုင်းကြီး ဆိုပြရင် နားထောင်လို့ ဘယ်ကောင်းမလဲ။*

စားပွဲရှည်မှာ ထိုင်နေတဲ့ လူကြီးတွေ တိုးတိုးတိတ်တိတ် ခေါင်းချင်း ရိုက်ကြပြန်တယ်။

ပဏာမ အရွေးခံကြတဲ့ သရုပ်ဆောင်သစ် အားလုံးကလည်း ဒီကောင်တော့ အရွေးခံရမှာ မဟုတ်ဘူးလို့ တွေးပြီး ဦးကျော်ကို ဝိုင်းကြည့်နေကြတယ်။ ဦးကျော် စိတ်ထဲမှာတော့ အဲဒီလို မတွေးဘူး။ ဂစ်တာတီးပြီး ဆိုပြရတော့မယ်ဆိုရင် အလွတ်ရတဲ့ သီချင်းထဲက ဘယ်သီချင်းကို ဆိုပြရင် ကောင်းမလဲ။ သီချင်းဆိုရင်းနဲ့ ပရက်စလေလို ရှိတ်ဆွဲပြလိုက်ရင် ကောင်းမလား၊ စဉ်းစားနေတာ အစုံပဲ။

ဦးကျော်က(၈)တန်း၊ (၉)တန်းထဲကသောကြာနေ့ Assembly မှာ စင်ပေါ်တက် သီချင်းဆိုနေကြလေ။

ဒီသီချင်းဆိုတာလေးများ ပါးပါးလေး။ နောက်ဆုံးတော့ အရွေးသာ ခံလိုက်ရတယ် ဘာသီချင်းမှ မဆိုပြလိုက်ရဘူး။

ဘာဖြစ်လို့ ရွေးတာလဲဆိုတော့ ဦးကျော်က **သွက်တယ်တဲ့**။

**ရဲတယ်တဲ့**။

**သတ္တိရှိတယ်တဲ့**။ အဲဒီ သွက်တယ်၊ ရဲတယ်၊ သတ္တိရှိတယ်ဆိုတာ ဦးကျော်ရဲ့ သရုပ်ဆောင်ဘဝမှာ ပထမဆုံး အသိအမှတ်ပြုခြင်း ခံရတဲ့အချက်တွေပဲ။



**<u>မိတ်ကပ်လိမ်းခြင်းအတတ်ပညာ</u>**

အရွေးခံလိုက်ရတဲ့ ဦးကျော်တို့ (၆)ယောက် မော်လမြိုင်မှာ ပြဇာတ်ကဖို့ သွားရတယ်။ ဟိုရောက်တော့ ဦးကျော်တို့ (၆) ယောက် ဘာမှန်းလဲမသိဘဲ ဇာတ်ခုံရှေ့ ပြေးထွက်သွားလိုက်၊ ဟုတ်တယ်၊ ဟုတ်တယ် ပြောပြီး ပြန်ဝင်လာလိုက်နဲ့ဆိုတော့ ငါတို့ဟာ အဓိကမဟုတ်ဘဲ ဝေလေလေ ပါလားဆိုတာ သိလိုက်ရတယ်။

နောက်နေ့ကျတော့ မထွက်ဘဲ နေနေလိုက်တယ်။ အဲဒီမှာ လူကြီးတစ်ယောက် ရောက်လာပြီး ဆူတယ်။ 'မင်းက ဘာအချိုး ချိုးတာလဲ' တဲ့၊

ဒီလူကြီးက ဘယ်သူမှန်း မသိတော့ ငြိမ်နေလိုက်ရတယ်။ (နောက်ပိုင်း ရုပ်ရှင်ထဲ ရောက်တဲ့အခါကျမှ အဲဒီလူကြီးက ဘာမှမဟုတ်တဲ့ လူမှန်းသိရတယ်။)

ဘာပဲဖြစ်ဖြစ် မော်လမြိုင်မှာ ပြဇာတ်ကဖို့ အဖွဲ့နဲ့ လိုက်သွားရတာ ဘာပညာရလဲဆိုရင် မိတ်ကပ်လိမ်းတယ်ဆိုတဲ့ စကားကို ပထမဆုံး ကြားဖူးတာပဲ။ ရုပ်ရှင်ရိုက်ရင် မိတ်ကပ်လိမ်းတာနဲ့၊ ပြဇာတ်ကရင် မိတ်ကပ်လိမ်းတာ မတူဘူးတဲ့။ ပြဇာတ်ကလို့ရှိရင် မိတ်ကပ်ထူထူကြီး လိမ်းမှ ဟိုနောက်ဆုံးမှာရှိတဲ့ ပရိသတ်တွေက မြင်မှာတဲ့။ သြော် ဒါ့ကြောင့် ဇာတ်အဖွဲ့က ပညာရှင်တွေ မိတ်ကပ်ကို လိုတာထက် ပိုပြီး လိမ်းကြတာကိုးဆိုတာ သိရတာ။

အဲဒီ မိတ်ကပ်ဆိုတာကြီးကို ရုပ်ရှင်ရိုက်တဲ့အခါ မလိမ်းရင် မရဘူးလားလို့ မေးတော့၊ မရဘူးတဲ့။ အမျိုးသား သရုပ်ဆောင်နဲ့ အမျိုးသမီး သရုပ်ဆောင် အသားအရေ အရောင်တွေက မတူဘူးတဲ့။ တချို့က ဖြူတယ်၊ တချို့ကညိုတယ်၊ တချို့က မည်းတယ်၊ တချို့က ဝါတယ်ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ညီညီညာညာ ဖြစ်သွားအောင် လိမ်းရတယ်တဲ့။

ဒါပေမယ့် ဦးကျော်ရိုက်ခဲ့သမျှ ရုပ်ရှင်အားလုံး မိတ်ကပ် တစ်ခါမှမလိမ်းခဲ့ဘူး။



**<u>ပထမဆုံးလာငှားတဲ့ ဇာတ်ကားကို လက်မခံဘဲ ငြင်းလိုက်ခြင်း</u>**

အရွေးခံရတဲ့ ဦးကျော်တို့(၆)ယောက်ကို ရုပ်ရှင်ရိုက်ဖို့ ငှားတယ်။ ရိုက်ရမယ့်ဇာတ်ကားနာမည်က 'တူတူရေဝါး'တဲ့။ ဦးကျော်က မရိုက်ဘူးလို့ ငြင်းလိုက်တယ်။ တူတူရေဝါး ဆိုတဲ့ဇာတ်ကားနာမည်မကြိုက်လို့၊ မရိုက်ချင်လို့ ငြင်းလိုက်တာကို ဆဲလိုက်တာများ ရစရာကိုမရှိဘူး။ ဘာမှတောင် မဖြစ်သေးဘူး၊ ခွေးမသား၊ ဘဝင်မြင့်တယ်၊ ဘာညာနဲ့ပေါ့။ ဦးကျော်က ဘဝင်မြင့်တာမဟုတ်ပါဘူး။ ရုပ်ရှင်လောကထဲ ဦးကျော်ရောက်လာတာ နံပါတ် (၁) ရည်ရွယ်ချက်က ချမ်းသာချင်လို့။ နံပါတ်(၂)က တစ်ကားနှစ်ကားရိုက်ပြီး ဘယ်ရောက်သွားမှန်းမသိတဲ့လူမျိုး မဖြစ်ချင်လို့။ နံပါတ်(၃)က ငါဘာလုပ်ရင် ဘာဖြစ်မလဲဆိုတာကို သိချင်လို့အခြေအနေကြည့်ရသေးတယ်။ လာငှားတိုင်း ရိုက်လို့မဖြစ်ဘူး။

ဦးကျော်ရုပ်ရှင်ထဲ စရောက်တဲ့အချိန် ဦးကျော်ရှေ့မှာ နာမည်ကြီးမင်းသားတွေ အများကြီးပဲ။ ရွှေဘ၊ ဝင်းဦး၊ ကျော်ဆွေ၊ ညွှန့်ဝင်း၊ ဇော်ခင်၊ တွံတေးသိန်းတန်။ သူတို့လို နာမည်အရမ်းကြီးတဲ့ မင်းသားတွေကြားထဲမှာ တူတူရေဝါးဆိုတဲ့ နာမည်နဲ့ ကျည်ဆံတစ်တောင့်ဟာ ဘယ်လောက်ထိ ထိုးဖောက်နိုင်မှာလဲ။ အဲဒီလို တွေးမိလို့ မရိုက်တာ။ အဲဒီအတွေးဟာ ဘဝင်မြင့်တာ မဟုတ်ဘူး။ အကြံကြီးတာဆိုတာကို ဘယ်လိုရှင်းပြရမလဲ။

ပြောချင်တာကတော့ စလုပ်ကတည်းက ကြံစည်ခဲ့တာပဲ။ ရုပ်ရှင်ရိုက်ရင် အရက်(၂၀)၊ အလွန်ဆုံးတစ်လပေါ့။ ကိုယ့်ဘဝတစ်ခု အပြောင်းအလဲဖြစ်ဖို့ တစ်လနဲ့တစ်ဘဝ မလဲသင့်ဘူးလား။

## (၁) ဖူးစာလမ်းဆုံ

ပတ္တမြား ရုပ်ရှင်မှ ထုတ်လုပ်တယ်။ ဒါရိုက်တာ ဗိုလ်ဗကို ရေးသား၊ ရိုက်ကူးတယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက စန္ဒာ၊ ကျော်ဟိန်း၊ ဗိုလ်ဗကို၊ စံရှားတင်၊ မောင်ဗမာဗကွန်း၊ ဘေဘီနွဲ့၊ ဦးကျော်ဇော၊ ဂင်ဇာရင်ရင်။




၁၉၆၈ ခုနှစ်မှာ ရုပ်ရှင်စရိုက်တယ်။ ဖူးစာလမ်းဆုံဟာ ဦးကျော် ပထမဆုံးရိုက်တဲ့ ရုပ်ရှင်ဇာတ်ကားပဲ။ ချမ်းသာချင်တဲ့ စိတ်တစ်ခုတည်းနဲ့ ရုပ်ရှင်ဝင်ရိုက်တာ။

သရုပ်ဆောင်တယ်ဆိုတာကို သေသေချာချာ မသိဘဲနဲ့ကို ရိုက်တာ။ ပြီးတော့ ဒါရိုက်တာက “ *ဟေ့ကောင်ဖိုးကျော် မင်းရိုက်လို့ရီဂျက်တွေ ခဏခဏထိရင် ကိုယ့်စရိတ်နဲ့ကိုယ် ရန်ကုန်ပြန်ရမှာနော်* ” တဲ့။ လူတွေရှေ့မှာ ဘာသဘောနဲ့ ပြောလိုက်တယ် မသိဘူး။

ဦးကျော်စိတ်ထဲမှာ စိန်ခေါ်တယ်လို့ ထင်သွားတယ်။ သွေးတွေ ဆူသွားတယ်။ မွေးကတည်းက သွေးထဲမှာ ပါလာတဲ့ မခံချင်စိတ်တွေ။ ဂျလေဘီဘဝနဲ့ ကျင်လည်တုန်းက ပြောရဲ၊ ဆိုရဲ၊ ရင်ဆိုင်ရဲခဲ့တဲ့ စိတ်တွေ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ခဲ့တဲ့ သတ္တိတွေက အဲဒီချိန်မှာ ပုံ့ပိုးမှုတွေ ဖြစ်ကုန်တယ်။ စိန်ခေါ်ရင် အသေခံချမယ်ဆိုတဲ့ ကရကဋ္ဌရာသီဖွား ဦးကျော်ရဲ့ အကျင့်စရိုက်တွေကြောင့် ဒါရိုက်တာရဲ့ စိန်ခေါ်မှုဟာ ပါးပါးလေးဖြစ်သွားတယ်။



နောက်တစ်ခုက လက်မှတ်ဝယ်မပေးဘဲ ရန်ကုန်ကနေ မန္တလေးအထိ ရထားပေါ် တင်ပေးခံလိုက်ရတဲ့ ရက်စက်မှု။ တော်သေးတယ် ဒေါ်စံရှားတင်က သူ့အခန်းထဲမှာ ခေါ်ထားလို့။ အဲဒီ အခန်းထဲမှာ ပုန်းရှောင် ကပ်စီးလာရင်း အမေ ဒေါ်စံရှားတင်နဲ့ ရင်းနှီးခဲ့ရတယ်။ အဲဒီ ရင်းနှီးမှု စိတ်အနေအထား တွေကြောင့် စိတ်ကလွတ်လပ်ပြီး အမေအဖြစ်သရုပ်ဆောင်တဲ့ ဒေါ်စံရှားတင်နဲ့ ဦးကျော် ဘာစိတ်ကျင်းကြပ်မှုမှ မရှိဘဲ သရုပ်ဆောင်လို့ အဆင်ပြေသွားတယ်။ ဒါရိုက်တာပြောတဲ့ ရီဂျက် ထိတယ်ဆိုတာ မဖြစ်ဘဲ ချက်ချင်းအလုပ်ရသွားတယ်။ ကျပ် (၃၀၀၀ိ/) လို့သတ်မှတ်ထားတဲ့ ဦးကျော်ရဲ့ သရုပ်ဆောင်ကြေးထဲက စရံငွေ (၁၀၀၀ိ/) ထုတ်ပေးတယ်။ ရန်ကုန်မပြန်ရတော့ဘဲ ကားပြီးသည်အထိ ဆက်ရိုက်ခွင့်ရသွားတယ်။

ဆူးလေဘုရားလမ်းက ကုန်သည်ကြီးများဟိုတယ် နေရာမှာ အရင်တုန်းက ဂလုပ်ရုံနဲ့ ပလေဒီယံရုံဆိုတဲ့ ရုပ်ရှင်ရုံ နှစ်ရုံရှိတယ်။ နောက်ပိုင်းမှာ ပလေဒီယံရုံက ပပဝင်းရုံဖြစ်ပြီး၊ ဂလုပ်ရုံက ဂုဏ်ရုံ ဖြစ်သွားတယ်။

၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ၊ အဲဒီဂုဏ်ရုံမှာ ‘ဖူးစာလမ်းဆုံ’ ဇာတ်ကား ရုံတင်တယ်။ ရုံတင်တဲ့နေ့ ပထမဆုံးပွဲကို အဲဒီဂုဏ်ရုံမှာ သွားကြည့်တယ်။

‘အဲဒီပထမဆုံးနေ့၊ ပထမဆုံးပွဲကိုကြည့်ရမှ’ ဆိုတဲ့ အကျင့်ကို ကျောင်းသားဘဝ ကိုးတန်းလောက်ကတည်းက ကျောင်းပြေးပြီး ကြည့်ရင်း ရသွားတဲ့အကျင့်ပဲ။ ရုပ်ရှင်ပြတဲ့ ပွဲစဉ်တွေမှာ အဲဒီ ပထမဆုံးနေ့၊ ပထမဆုံးပွဲကိုကြည့်ရတာ ရင်ခုန်ပြီး အရသာအရှိဆုံးပဲ။ နာမည် အရမ်းကြီးတဲ့ ကားဆိုရင် ပထမဆုံးနေ့၊ ပထမဆုံးပွဲကို ကြည့်ရဖို့ လက်မှတ်တန်းစီနေတုန်း ကျောင်းအုပ်ကြီးကိုယ်တိုင် ရှေ့ခန်းမှာထိုင်ပြီး ပါလာတဲ့ကားကို တွေ့လို့ကတော့ ကျောင်းပြေးတဲ့ ကောင်တွေ အကုန်ပုန်းပဲ။

အဲလိုပုန်းရင် စီထားတဲ့တန်းက ပျက်ပြီး နောက်ကလူ ရှေ့ကိုရောက်သွားတယ်။ ကျောင်းအုပ်ဆရာကြီးကားလည်း ထွက်သွားရော မူလ စီထားတဲ့ကောင်တွေက သူ့တို့နေရာကို ပြန်တောင်းတယ်။ အဲဒီမှာ တောင်းလို့မရရင် စကားများပြီး ရန်တွေဖြစ်ကုန်ကြရော။ သူ့ကျောင်းနဲ့ ကိုယ့်ကျောင်း အပြန်အလှန် ရန်ဖြစ်နေတုန်း၊ နောက်ကျောင်း တစ်ကျောင်းက ကျောင်းအုပ်ဆရာကြီး ရောက်လာပြန်ရင် အဲဒီကျောင်းနဲ့ သက်ဆိုင်တဲ့ ကျောင်းပြေးတွေက ထွက်ပြေးကြပြန်တယ်။ ဖြစ်နေဆဲ ရန်ပွဲက တို့လို့တန်းလန်းနဲ့ ရပ်သွားတယ်။

ရုံထဲရောက်လို့ ရုပ်ရှင်ကြည့်နေရင်း မဟုတ်တရုတ် အခန်းများပါလာလို့ကတော့ အော်ကြ၊ ဟစ်ကြတယ်။ တန်းစီနေတုန်းက အဆုံးမသတ်တဲ့ ရန်ပွဲမှာ မပြောလိုက်ရတဲ့ စကားတွေကို အပြန်အလှန် အော်ဟစ် ပြောကြတယ်။ ရုံထဲမှာ ဆူ ညံ နေတာပဲ။ အဲဒီတုန်းက ရုပ်ရှင်ရုံတွေမှာ အဲယားကွန်းဆိုတာ မရှိဘူး။ ပန်ကာ(၁၀)လုံးထဲမှာ (၄)လုံးကပျက်ပြီး၊ ကျန်တဲ့(၆)လုံးပဲ လည်တယ်။ အဲ့ဒီပန်ကာ(၆)လုံးရဲ့ လေဟာ လက်မှတ်တိုးရင်း ထွက်လာတဲ့ချွေးတွေကို ချဉ်စော်နံတဲ့အဆင့်ထိ ပြောင်းပေးလိုက်သလိုဖြစ်ပြီး တစ်ရုံလုံး နံစော်ကုန်တာပဲ။ ဒါပေမယ့် ဦးကျော်တို့ ငယ်ငယ်တုန်းကရခဲ့တဲ့ လူငယ်တွေရဲ့ လွတ်လပ်မှု ထွက်ပေါက်ဟာ အဲဒီပထမဆုံးနေ့ရဲ့ ပထမဆုံးပွဲပဲ။ ရုပ်ရှင်ကို အရသာခံပြီး ကြည့်ချင်တဲ့ လူတွေကတော့ သောကြာနေ့ ရုံတင်တဲ့ ပထမဆုံးနေ့၊ ပထမဆုံးပွဲကို ဘယ်တော့မှ မကြည့်ဘူး။ စနေနေ့ည(၆)နာရီခွဲ ပွဲဟာ လူနေမှု အဆင့်အတန်းမြင့်တဲ့ လူတွေ ကြည့်တဲ့ပွဲ။

ရုပ်ရှင်သမားတွေအတွက် သောကြာနေ့ ပထမဆုံးပွဲဟာ ကြောက်စရာအကောင်းဆုံး စာမေးပွဲပဲ။ ကြည့်တဲ့ပရိသတ်ထဲမှာ ကျောင်းသားတွေများတယ်။ လူငယ်တွေဆိုတော့ သူတို့ကြိုက်ရင် လက်ခုပ်တီးတယ်။ မကြိုက်ရင် ရစရာ မရှိအောင် ဆဲတယ်။ ဖူးစာလမ်းဆုံ ရဲ့ ပထမဆုံးနေ့၊ ပထမပွဲမှာလည်း ဦးကျော် အအော်ခံရတယ်။ စိန်ဂေါ်လီ၊ ဂျလေဘီကနေ ရုပ်ရှင်မင်းသား ဖြစ်သွားတာကို သိတဲ့ကောင်တွေလည်း ပါတယ်။ မတည့်တဲ့ကောင်တွေလည်း ပါတယ်။ သူများအသံနဲ့ ဆိုထားတဲ့ သီချင်းကို ဦးကျော် အိုက်တင်လုပ်တဲ့အခန်းမှာ အခြောက်၊ ငပေါ၊ အရူး။ စုံနေတာပဲ အော်ကြတာ။ ဦးကျော်ရဲ့ ပထမဆုံး ဖူးစာလမ်းဆုံ ဇာတ်ကားဟာ အောင်မြင်တာလည်း မဟုတ်ဘူး။ မအောင်မြင်ဘူးလည်း မဟုတ်ဘူး။ စန္ဒာ၊ ကျော်ဟိန်း။ မင်းသား၊ မင်းသမီးအသစ်တွေဆိုတော့ ငြိမ်ငြိမ်သက်သက်၊ အေးအေးဆေးဆေးပဲ ပြီးသွားတယ်။ ဒါပေမယ့် ကိုယ်ပါဝင်သရုပ်ဆောင်တဲ့ ဇာတ်ကားကို ပြည်သူလူထုရှေ့ချပြတဲ့အခါမှာ ပရိသတ်နဲ့ရောပြီး စာမေးပွဲဖြေကြည့်တဲ့နည်းဟာ ကိုယ့်အပေါ်မှာ ထားတဲ့ ပြည်သူလူထုရဲ့ ဝေဖန်မှုကို အဖြေမှန်ထွက်စေတယ် ဆိုတာကို သိလိုက်ရတယ်။ ဒါအမြတ်ပဲ။

ဖူးစာလမ်းဆုံထဲက သီချင်းဆိုခန်းမှာ သူများအသံနဲ့ကျော်ဟိန်းအရုပ်ကို TRACK - 1 တွင်ကြည့်ပါ။

ဖူးစာလမ်းဆုံပြီးတော့၊ သူဇာရုပ်ရှင်က ဒါရိုက်တာသူဇာချစ်စိန်က လာငှားတယ်။ (ဇာတ်ဆရာကြီး ချစ်စိန် မဟုတ်ပါ။) **(၂) တစ်ချက်ခုတ်နှစ်ချက်ပြတ်** ရယ်၊ **(၃) ကိုကြေးမုံ** ဆိုတဲ့ဇာတ်ကားရယ် နှစ်ကားဆက်တိုက် ရိုက်ဖြစ်တယ်။ အဲဒီနှစ်ကားထဲက တစ်ချက်ခုတ်နှစ်ချက်ပြတ် ရိုက်တုန်းက တစ်ခါမှမရောက်ဖူးတဲ့ (ကယားပြည်နယ်) လွိုင်ကော်မြို့နဲ့ ဒီမောဆို ဆိုတဲ့နေရာကို ရောက်ဖူးတာကလွဲရင် ဦးကျော်ရဲ့ အနုပညာအတွက် ဘာမှ တိုးတက်၊ ထူးခြား၊ ပြောင်းလဲခြင်းတွေ မရှိဘူး။

## (၄) နုနုငယ်ငယ်

ထုတ်လုပ်ရေးကုမ္ပဏီ – မော်လမြိုင်ရုပ်ရှင်
ဝတ္ထု၊ ဇာတ်ညွှန်း – ရွှေဒုံးထွန်းလွင်
ဒါရိုက်တာ – လုလင်ဒါရိုက်တာ တင်အောင်မြင်ဦး
ပါဝင်သူများ – ကျော်ဟိန်း၊ စန္ဒာ၊ ဝင်းညွန့်၊ ကြည်ကြည်ဌေး၊ ဦးကျောက်လုံး၊ သာဆန်း။

နုနုငယ်ငယ် ဆိုတာဦးကျော်ရဲ့ (၄)ကားမြောက်ဇာတ်ကား။ ဒီဇာတ်ကားကစပြီး ဦးကျော်ဆိုရမယ့် ရုပ်ရှင် ဇာတ်ဝင်သီချင်းတွေကို ဦးကျော်ကိုယ်တိုင်ပဲ ဆိုတော့တယ်။ လူငယ်တစ်ယောက်အနေနဲ့ ဂစ်တာတီးပြီး သီချင်းဆိုခန်းတွေ၊ ဖိုက်တင်ချတဲ့ အခန်းတွေ၊ ခုနစ်ထွေကတဲ့ အခန်းတွေ ပါတယ်။

အဲဒီကား ရိုက်တုန်းက ခက်ခက်ခဲခဲရိုက်ရတာ (၂)ခန်းပါတယ်။ အရက်မသောက်ဘဲ မူးရတဲ့အခန်းရယ်၊ ဦးကျော်ဘဝမှာ တစ်ခါမှ မပတ်သက်ခဲ့ဖူးတဲ့ ခုနှစ်ထွေကရတဲ့ အခန်းပဲ။

လုံးဝ လုပ်လို့မရဘူး။ အဲတော့ ဦးကျော်က အရက်သောက်ပြီး လုပ်ကြည့်မယ်လို့ ဦးကျောက်လုံးကို ပြောကြည့်တယ်။ ဦးကျောက်လုံးကလည်း မသိချင်ယောင်ဆောင်နေတော့ ရဲဆေးတင်တဲ့အနေနဲ့ ရမ်(၂)ပက်လောက် ချလိုက်တယ်။ အဲဒါကို ဒါရိုက်တာ ကိုတင်အောင်မြင်ဦး သိသွားတယ်။ ဦးကျောက်လုံးကို မတားဘူးလားဆိုပြီး ဆူတယ်။

ဦးကျော်ကိုလည်း *'မင်းကစိန်ဂေါ်လီဆိုပြီး အရက်မူးတာတောင်မလုပ်တတ်ဘူးလား'* လို့ ရိတယ်။ ဒီ ကတာလေးကို ရှက်နေရသေးလားဆိုပြီး ဆဲတာဗျာ!။ ဦးကျော်ကလည်း ဂေါ်လီဆိုတော့ ဦးကျော်ကို ဆဲရင်မကြိုက်ဘူး။ စိတ်ထဲမှာ ပူထူသွားပြီး မခံချင်စိတ်နဲ့ ရအောင်လုပ်တာ။ နောက်တစ်နေ့ မနက်(၄)နာရီကျော်တော့မှ ဒါရိုက်တာ စိတ်ကြိုက်ဖြစ်သွားတယ်။



ကျော်ဟိန်းသီချင်းဆိုခန်းနဲ့ ခုနစ်ထွေအကကို TRACK - 2 တွင်ကြည့်ပါ။



အဲဒီကား ရုံတင်တော့ ပထမဆုံးနေ့၊ ပထမဆုံးပွဲကို ကြည့်တယ်။ တနင်္ဂနွေနေ့ နောက်ဆုံးပွဲကို ကြည့်တယ်။ အင်္ဂါနေ့မှာ နှစ်ပွဲကြည့်တယ်။ သွက်သွက်လက်လက်နဲ့ လူငယ်စတိုင် သီချင်းဆိုတဲ့အခန်းတွေ၊ ခုနစ်ထွေကတဲ့အခန်းတွေ ကြည်ကြည်ဌေးနဲ့ စန္ဒာနဲ့ လွမ်းတဲ့အခန်းတွေ မျိုးစုံပါတော့ ဦးကျော်ရဲ့(၄)ကားမြောက် ဒီ 'နုနုငယ်ငယ်' ဇာတ်ကားမှာ ကျော်ဟိန်းဆိုပြီး ပရိသတ်က အသိအမှတ်ပြုသွားတယ်။

ဒါပေမယ့် ဇာတ်လမ်းမျိုးစုံရိုက်ပြီး နာမည်ကြီးနေတဲ့ ရှေ့ကပုဂ္ဂိုလ်ကြီးတွေအတွက်ကတော့ ဦးကျော်ရဲ့ 'နုနုငယ်ငယ်' ဇာတ်ကားဟာ ခပ်ပါးပါး မျက်စောင်းထိုးကြည့်လိုက်တဲ့ အဆင့်မှာပဲ ရှိနေသေးတယ်ဆိုတာ ကိုယ့်ကိုယ်ကို သဘောပေါက်ထားပါတယ်။

'နုနုငယ်ငယ်' အောင်မြင်တော့ နောက်ထပ် ရုပ်ရှင်ဇာတ်ကားတွေ အများကြီးလာငှားတယ်။

**(၅) မိုးဆမ်းပန်း** ဆိုတဲ့ဇာတ်ကားကို မင်းသမီးခင်ချိုဆက်နဲ့ ရိုက်ရတယ်။ ဒါပေမယ့် ဘယ်လိုဖြစ်တယ် မသိဘူး။ အဲဒီဇာတ်ကားက ဒီနေ့အထိ ရုံတင်မပြဖြစ်ဘူး။

**(၆) ချစ်ရတဲ့သူရယ်**

**(၇) ပဝါဖြူ**

**(၈) ဟိုကောင်မလေးညိုတိုတို**

**(၉) ဒီလူနဲ့ဒီမိန်းကလေး**

လူကြမ်းဦးဌေးဝင်းကြီး ဒါရိုက်တာလုပ်ပြီးရိုက်ကူး၊ ထုတ်လုပ်တယ်။ ဦးကျော်က ဦးဌေးဝင်းအတွက် ပိုက်ဆံတစ်ပြားမှ မယူဘဲ အခမဲ့သရုပ်ဆောင်ပေးလိုက်တယ်။

## (၁၀) ကျွန်တော့်နာမည်ကျော်ကျော်

နယူးဘားမားရုပ်ရှင်ထုတ်လုပ်ရေးက ပန်းချီစိုးမိုးရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို စာရေးဆရာမောင်မိုးသူက ဒါရိုက်တာ အဖြစ် ရိုက်ကူးတာ။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ တင်တင်ညို၊ မမိုးဝါ။

ကျော်ဟိန်းနဲ့ နွဲ့ယဉ်ဝင်းနှစ်ယောက်တွဲဆိုတဲ့ 'တစ်ကယ်ချစ်ရဲ့လား' ဇာတ်ဝင်သီချင်း နာမည်အရမ်းကြီးသွားတယ်။

<u>မကျော်ကြားတဲ့ အလုပ်ဆို ဘာမှမလုပ်ဘူး၊ 'ကျွန်တော့်နာမည်ကျော်ကျော်'</u>




ဘာဖြစ်လို့ နာမည်ကြီးတာလဲ ဆိုတာကို စုံစမ်းကြည့်တော့ တစ်ချက်တစ်ချက် လေသံလေးနဲ့ ဝင်ဆိုလိုက်တဲ့ ဦးကျော်အသံ ကြောင့်တဲ့။ ပြီးတော့ ကျော်ဟိန်းသီချင်းဆိုတဲ့ အိုက်တင်တွေက အကြောဆွဲသလို တွန့်လိမ်ကောက်ကွေးနေတာပဲလို့ အဝေဖန်ခံရတယ်။ ဒါပေမယ့် အဲဒီသီချင်းနဲ့ တွန့်လိမ်ကောက်ကွေးတဲ့ အမူအရာတွေဟာ အငြိမ့်တွေ၊ ဇာတ်တွေထဲမှာ လူရွှင်တော်တွေအတွက် ပျက်လုံး ဖြစ်သွားတယ်။





## (၁၁) ပြင်ဦးလွင်မှစိန်တစ်ပွင့်

ဒါရိုက်တာထူးကျော် ရိုက်ကူးပြီး၊ မဥ္ဇူ ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်တယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ နွဲ့နွဲ့မူ။

အဲဒီအချိန်တုန်းက အရမ်းနာမည်ကြီးတဲ့ Yellow River အင်္ဂလိပ်သီချင်းကို ဦးကျော့မှူးက မြန်မာစာသား ထည့်တယ်။ ဦးကျော်က ဆိုပြီး၊ အဲဒီကားထဲမှာ သရုပ်ဆောင်တယ်။



**(၁၂) ဖူးစာတစ်ရေးနိုး**

ဒါရိုက်တာကရဲဘော်သက်ရှည်၊ ပြီးတော့ သူ့ရဲ့မဟာဗောဓိရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်တာ။ မင်းသမီး ခင်သန်းနုနဲ့ ပထမဆုံး တွဲဖက်သရုပ်ဆောင်ရတယ်။

တစ်ကားလုံးမှာပါတဲ့ ဦးကျော်နဲ့ခင်သန်းနုရဲ့ နှစ်ယောက်ဆုံတဲ့ အခန်းတွေကို တစ်ရက်တည်းအပြီး ရိုက်တယ်။ ကျန်တဲ့ရက်တွေမှာ တစ်ကားလုံးရဲ့ အခန်းဆက် အဝတ်အစားတွေယူလာခိုင်းပြီး တစ်ခြမ်းစီ ရိုက်တယ်။ '*ခင်သန်းနု က ဘယ်လိုပြောလို့ မောင်ကျော်က ဘယ်လို အိုက်တင်လုပ်။ ခင်သန်းနုက ဘယ်လိုအိုက်တင်လုပ်လို့ မောင်ကျော်ကဘယ်လို ဒေါသထွက်ပြီး ပြန်ပြော။ တစ်ကားလုံးကို အဲ့ဒီပုံစံနဲ့ရိုက်ပြီး (၅)ရက်၊ (၆)ရက်လောက်ကြာတော့ ကားပြီးပြီလို့ပြောတယ်။ ကျော်ဟိန်းနဲ့ ခင်သန်းနုနဲ့ အဆုံ တစ်ရက်တည်း ရိုက်ပြီး ကားပြီးပြီလို့ပြောတာ အံ့ဩလွန်းလို့ ဟုတ်ရဲ့လားလို့ ဦးကျော်ကမေးမိတယ်။ ကားထွက်ရင် ကြည့်ပေါ့လို့ သူက ပြန်ပြောတယ်။*'

အဲဒီကား ရုံတင်တော့ ဦးကျော် သွားကြည့်တယ်။ သူပြောသလိုမျိုး ဖြစ်နေတော့ ရဲဘော်သက်ရှည်ရဲ့ ပညာကို သတိထားမိတယ်။ ဒါပေမယ့် တစ်ခြမ်းစီ သီးသန့် ခွဲရိုက်ထားတာဆိုတော့ ဦးကျော်နဲ့ ခင်သန်းနုတို့ရဲ့ အပြန်အလှန် အမူအရာတွေ မှားနေတယ်။

မှတ်ချက် (ဒီဖက်ခေတ် ဒါရိုက်တာတချို့ အဲဒီပုံစံမျိုးတွေ ရိုက်နေကြတယ်။ ဦးကျော်ရဲ့ ရုပ်ရှင်သက်တမ်းမှာတော့ ဒါရိုက်တာရဲဘော်သက်ရှည်နဲ့ အဲဒီ 'ဖူးစာတစ်ရေးနိုး' ဇာတ်ကားတစ်ကားပဲ ရိုက်ဖြစ်ခဲ့တယ်။)



**(၁၃) ကျွန်တော့်ရွှေမင်းသမီး** ဆိုတဲ့ဇာတ်ကား လာငှားတယ်။ အဲဒီ ရုပ်ရှင်ကုမ္ပဏီဟာ ဦးကျော် ရုပ်ရှင်ထဲမရောက်ခင် မင်းသမီးယောကျ်ားဘဝနဲ့တုန်းက မညီမမျှဆက်ဆံတာကို ခံခဲ့ရဖူးတယ်။ အဲဒါကို ပြန်သတိရပြီး ကားရိုက်တဲ့အခါကျရင် ပြန်ချမယ်လို့ စိတ်ထဲအငြိုးထားပြီး လက်ခံလိုက်တယ်။ ဒါပေမယ့် ကားရိုက်တဲ့အခါကျတော့ ဇာတ်လမ်းထဲ စိတ်ပါပြီး ကားသာပြီးသွားတယ်၊ ကလဲ့စားချေဖို့ မေ့သွားတယ်။

**(၁၄) ချစ်ဖူးသူတိုင်းရှုးကြသည်** (မင်းသမီးချိုပြုံးနဲ့ ပထမဆုံးတွဲဖက်သရုပ်ဆောင်တယ်။)

**(၁၅) ကျွန်တော်စုံထောက်ကြီး**

**(၁၆) အလှတွင်အယဉ်ဆင့်** (မင်းသမီးစမ်းစမ်းအေးနဲ့ ပထမဆုံးတွဲဖက် သရုပ်ဆောင်တယ်။)

**(၁၇) မိုးပုလဲနဲ့တိမ်မည်းညို** (မင်းသမီးဝါဝါဝင်းရွှေနဲ့ ပထမဆုံးတွဲဖက် သရုပ်ဆောင်တယ်။)



**(၁၈) ဝါသနာကိုမတားပါနဲ့ရှင်** (မြတ်မွန်နဲ့ တစ်ကားတည်းပဲ တွဲဖက် သရုပ်ဆောင်ခဲ့ရတယ်။)



**(၁၉) အသည်းဒေါင့်မှာတစ်နေရာ** ယုဝတီ မာလာသိန်းရဲ့ဝတ္ထုကို ဒါရိုက်တာ ဇာတ်ဆရာကြီးချစ်စိန်(ရှုမဝ)ရိုက်ကူးပြီး ပဒေသာ ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်တယ်။

**(၂၀) ကညာပျိုနဲ့ဇရာအို** ကျော်စိုးရုပ်ရှင်က ဦးကျော်စိုး(ဘိတ်ကလာတဲ့ငပြာရည်) အတွက် သရုပ်ဆောင်ကြေး မယူဘဲ အခမဲ့သရုပ်ဆောင်ပေးလိုက်တယ်။



## (၂၁) မိစမ်း

သရုပ်ဆောင်စမ်းစမ်းဝင်းက သူ့ဘဝဖြစ်ရပ်မှန်တွေ ဦးကျော်ကို ပြောပြတယ်။ သူဒုက္ခရောက်ခဲ့လို့ မိသားစု တစ်စုကို အကူအညီတောင်းခဲ့တဲ့ အကြောင်း၊ အဲ့ဒီမိသားစုဝင်တွေက သူ့ကိုအနိုင်ကျင့်တဲ့အကြောင်း၊ သူ့ဘဝ ပျက်ခဲ့ရတဲ့ အကြောင်းတွေ သူပြောပြတာ နားထောင်ပြီး ကိုယ်ချင်းစာစိတ်ဖြစ်လို့ သရုပ်ဆောင်ကြေးမယူဘဲ ရိုက်ပေးလိုက်တယ်။

စမ်းစမ်းဝင်းရဲ့ ဘဝကံအကြောင်းတရားတွေက ဘယ်လိုလဲမသိဘူး။ ဦးကျော်က သရုပ်ဆောင်ကြေးမယူဘဲ အခမဲ့ သရုပ်ဆောင်ပေးပေမယ့် ကြားက ဖြတ်ခုတ်တဲ့ လူတွေကြောင့် သူ့ရဲ့ အကျိုးခံစားခွင့်တွေ မရဘူးတဲ့။

## (၂၂) သံလက်သီးနဲ့ကရာတေး

မင်းသားကြီး ဦးတင်ညွန့်၊ သူ့ကုမ္ပဏီကနေ သူဒါရိုက်တာလုပ်ပြီး ရိုက်ကူး၊ ထုတ်လုပ်တာ။ အဲဒီကား ရိုက်ဖို့အတွက် ကရာတေးပညာကို ကရာတေးဆရာကြီး ဦးစိုးမြင့်ဆီမှာ စနစ်တကျ သင်ကြားခွင့်ရတယ်။ ဦးကျော်ရဲ့ သူငယ်ချင်းတွေထဲမှာ သင်္ဘောသားတွေလည်းပါတော့ သူတို့ သင်္ဘောလိုက်ရင်း ကြည့်ခဲ့ရတဲ့ ဘရုစ်လီရဲ့ အကြောင်းတွေ ပြောပြတယ်။ ဘရုစ်လီရဲ့ ဓာတ်ပုံတွေ ရှာပေးတယ်။ အဲဒီတုန်းက ဗီဒီယိုဆိုတာတွေ မပေါ်သေးတော့ သူတို့ပြောပြတဲ့ ဘရုစ်လီဇာတ်ကားတွေနဲ့ သူတို့ပေးတဲ့ ဘရုစ်လီဓာတ်ပုံကို တွဲပြီး စိတ်မှန်းနဲ့ လေ့ကျင့်တယ်။

အဲဒီဇာတ်ကားကစပြီး နောက်ပိုင်း ရိုက်သမျှဇာတ်ကားတွေရဲ့ လက်သီးထိုးခန်းတွေမှာ လက်သီး ထိုးချက်တွေ စနစ်တကျ၊ သေသေသပ်သပ် ဖြစ်သွားတယ်။



ဦးကျော်နဲ့ တစ်ချိန်တည်းမှာပဲ ဇော်ဝမ်းဆိုတဲ့ မင်းသားတစ်ယောက် ရှိနေတယ်။ သူကလည်း ကျောက်ခဲသီချင်းနဲ့ နာမည်ကြီးခဲ့တဲ့လူ။ အဲဒီတုန်းက သတင်းဂျာနယ်လို စာစောင်တွေမှာ ဝင်းဦးနဲ့ ဇော်ဝမ်းဖက်ရိုက်ထားတဲ့ ပုံပါလာတော့ ဇော်ဝမ်းက နာမည်ပိုကြီးသွားတယ်။ ရွှေဟသာ်ရုပ်ရှင်၊ စိန်ရုပ်ရှင်၊ သုခုမရုပ်ရှင်၊ အမျိုးသားရုပ်ရှင်တို့လို ချမ်းသာတဲ့ ကုမ္ပဏီတွေကပဲ သူ့ကိုရိုက်တာ။ ဦးကျော်ကို ရိုက်တဲ့လူတွေကျတော့ "*ကိုကျော့်သရုပ်ဆောင်ခကို ကားပြီးမှ ယူနော်။ ရုံဆင်းတော့မှပဲ အကျေယူလိုက်ပါတော့ဗျာ*" ဆိုတဲ့ ကိုသိန်းဝင်း၊ ကိုသန်းဝင်း၊ ကိုမျိုးမြင့်လေးတို့လို မိတ်ဆွေတွေ။



## (၂၃) အချစ်တစ်ပွဲစစ်ပွဲတစ်ရာ

ဦးကျော် ပထမဆုံးရိုက်တဲ့ စစ်ကားပဲ။ ဒါရိုက်တာက ဦးစိန်ဖေတင်၊ ထုတ်လုပ်သူက ထိပ်တန်းရုပ်ရှင် ပိုင်ရှင် ဦးမောင်ကို။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်သန်းနု၊ ကိုကိုခိုင်၊ မမိုးဝါ၊ ဦးသိုက်စိုး၊ ဝေသာလီမောင်ဖုန်း၊ အများကြီးပဲ။

တောထဲမှာ လေယာဉ်ပျံပျက်ကျတဲ့ ဇာတ်လမ်း။ ပါလာတဲ့ ခရီးသည်တွေရဲ့ စရိုက်အမျိုးမျိုးကြောင့် အဆင်မပြေပုံ။ ဆရာဝန်မတစ်ယောက်နဲ့ စစ်ဗိုလ်တစ်ယောက်ရဲ့ စည်းရုံးနိုင်မှုကြောင့် ခရီးသည်အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကိုယ်ချင်းစာ၊ ဖေးမကူညီပြီး ဒုက္ခတွေထဲက လွတ်မြောက်သွားပုံကို ဇာတ်လမ်းဆင်ပြီး ရိုက်တာ။ အဲဒီ စစ်ကားကို မိုးနဲမှာ သွားရိုက်တယ်။




TRACK - 3 တွင်ကြည့်ပါ။

# (၂၄) စိန်သို့မဟုတ်စိမ်

**မင်းလွင်ရုပ်ရှင်ကုမ္ပဏီကို ငှားပြီးရိုက်ကူးတယ်။**

**စာရေးဆရာ အောင်လင်းရဲ့ ဝတ္ထု။**


**ကျော်ဟိန်း ဘဝရဲ့ ပထမဆုံးအကြိမ် လှုပ်ရှားခွင့်ရတာဆိုတော့ ကိုယ်ပိုင်ထုတ်လုပ်တယ်။ ဇာတ်ညွှန်းရေးတယ်။**

**သီချင်းတွေ ရေးတယ်။**

**ဒါရိုက်တာ လုပ်တယ်။**

**ရုံဆင်ပိုစတာတွေ၊ မဂ္ဂဇင်းဒီဖိုင်းတွေ ကိုယ်တိုင်ရေးတယ်။**

**ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မေဝင်းမောင်၊ ဇော်ဇော်၊ ဇော်မင်းယု၊ မမိုးဝါ။**





ဒီ 'စိန်သို့မဟုတ်စိမ်' ဇာတ်ကားက ဦးကျော် ရုပ်ရှင်ထဲရောက်ပြီး (၄)နှစ်သက်တမ်းနဲ့ ပထမဆုံး ဒါရိုက်တာ လုပ်ပြီး ကိုယ်ပိုင် ထုတ်လုပ်၊ ပြသခဲ့တဲ့ဇာတ်ကား။ ကိုယ့်ဟာကိုယ် ဇာတ်ညွှန်းရေးပြီး ရိုက်ချင်သလို လျှောက်ရိုက်တာ။ ရုပ်ရှင်ရဲ့မူဝါဒတွေ၊ သီအိုရီတွေကို (၈၀%) ရာခိုင်နှုန်းလောက် ချိုးဖောက်ပြီး ရိုက်တာ။ (၇၀)ခုနှစ်များတုန်းက အာရုံသစ်ပေါ့။

သတင်းစာ၊ မဂ္ဂဇင်းတွေမှာထည့်တဲ့ ဒီဖိုင်းအားလုံး နေမင်းထိပ်ခေါင် နာမည်နဲ့ ဦးကျော် ကိုယ်တိုင် ဆွဲတယ်။ ဇာတ်ဝင်သီချင်းတွေ ကိုယ်တိုင်ရေးတယ်။ စာတန်းထိုးတဲ့နေရာမှာ သူများ ရုပ်ရှင်ဇာတ်ကားတွေ စာတန်းထိုးသလို မထိုးဘဲ၊ ဦးကျော်က မော်တော်ဆိုင်ကယ်စီးလာ၊ တစ်နေရာရောက်တော့ရပ်၊ ဆိုင်ကယ် ပေါ်ကဆင်း၊ ကြိုတင်ဒီဖိုင်း ရေးထားတဲ့ ဓာတ်ပုံစာအုပ်ကို တစ်ရွက်ချင်းလှန်ပြီး စာတန်းထိုးတဲ့ပုံစံမျိုး။ ပြီးတော့ အဓိကကျတဲ့ ဇာတ်ကောင်တွေကို ဇာတ်ကားထဲက အဓိကကျတဲ့အခန်းရောက်မှ လှုပ်ရှားနေတဲ့အရုပ်ကိုရပ်ပြီး စာတန်းထိုးတာ။ ဇာတ်ကောင်ကို ဂုဏ်ပြုတဲ့ အနေနဲ့ စာတန်းထိုးပေးတဲ့ သဘောပဲ။

ရိုက်ပြီးသား ဖလင်နဂ္ဂတစ်တွေ၊ ပေ့စတစ်ဖလင်တွေ အကုန်လုံးကို မဟာဝိဇ္ဇာမိုရ်ဖလင်းရဲ့ ကားကူး၊ ကားဆေး ဌာနမှာ ဆေးတယ်။ ကူးတယ်။ ရုံတင်ကော်ပီကူးတော့ ရုပ်ရှင်ဖခင်ကြီးဦးညီပုက ဦးကျော်ကို ဘာပြောလဲဆိုတော့။

ဦးညီပု– *မင်းရိုက်တဲ့ကားရဲ့ အပိုင်းတွဲထားတာတွေ ပြန်စစ်ဦး။*

ကျော် – *ဘာဖြစ်လို့လဲ ဦးလေး။*

ဦးညီပု– *တချို့အခန်းတွေမှာ လူမပါဘဲ ချစ်သူချင်း စကားပြောတဲ့အသံတွေ ပါနေတယ်။ ပြီးတော့ လေသံတိုးတိုး တိုးတိုးနဲ့ ပြောနေကြတာကွ။ ဦးလေး သေသေချာချာကြည့်တော့လည်း ချုံပုတ်ပဲမြင်တယ်။ မင်း သေသေချာချာ စစ်ကြည့်ဦး။*

ကျော် – *အပိုင်းတွဲတာ မှန်ပါတယ် ဦးလေးရ။ ဦးလေးပြောတဲ့ ချုံပုတ်နောက်မှာ ချိန်းတွေ့နေကြတဲ့ ချစ်သူနှစ်ယောက်ရှိပါတယ်။ ကွယ်နေတော့ မမြင်ရမယ့်အတူတူ လူမထည့်ဘဲ အသံတွေပဲ ထည့်ထားတာ။ ဘေးကလူတွေ ကြားမှာစိုးလို့ သူတို့နှစ်ယောက်က တိုးတိုး တိုးတိုး ပြောနေကြတဲ့ သဘောကို ကျွန်တော်က ရိုက်ပြထားတာ ဦးလေးရ။*

(အန်ကယ် ဦးညီပုကြီးက ဦးကျော် ပြောတာတွေကို နားထောင်ပြီး ဘာမှမပြောတော့ဘဲ ထွက်သွားတယ်။) ရုံတင်ကော်ပီကူးပြီးလို့ အဲဒီကား ရုံပေါ်မတင်ခင် ရုပ်ရှင်နဲ့ပတ်သက်ပြီး နားလည်တဲ့ တစ်ယောက်ယောက်ကို ပြချင်နေတယ်။ သူဘာပြောမလဲ အရမ်းသိချင်တာနဲ့ ဦးကျော်ရဲ့မိတ်ဆွေ ဒါရိုက်တာ ဦးစိန်ဖေတင်ဆီ သွားတယ်။

ကျော် – *ကိုကြီး ကျွန်တော်တို့ ရုပ်ရှင်လောကမှာ ဆရာကြီးက ဘယ်သူလဲ။*

စိန် – *ဦးတင်မောင်၊ ဦးညီပု၊ ဦးသုခ၊ ဦးချစ်ခင်၊ ဆရာရွှေဒုံးဘီအောင်။ ဒါ အခုလောလောဆယ် ငါ့လက်ထက်မှာ ငါပြောနိုင်တဲ့ ဆရာကြီးတွေ။ သူ့တို့တွေရှေ့မှာ ဆရာကြီးတွေ ရှိသေးတယ်။ သူ့တို့နောက်မှာလည်း ဆရာကြီးတွေရှိသေးတယ်။*

ကျော် – *အဲဒီထဲက ဆရာကြီးတစ်ယောက်ကို ရွေးပေးဗျာ။*

စိန် – *ဘာလုပ်မလို့လဲ။*

ကျော် – *ကိစ္စရှိလို့ပါ။ ကျွန်တော့်ကို ဆရာကြီးတစ်ယောက် ရွေးပေးပါ။*

စိန် – *အေး ငါနဲ့ရင်းနှီးတာတော့ ဆရာရွှေဒုံးဘီအောင်ပဲ။*

ကျော် – *သူ့ကိုပြောပေးမလား။*

စိန် – *ဘာပြောပေးရမှာလဲ။ မောင်ကျော်က ဘာလုပ်ချင်တာလဲဆိုတာကို ပြောဦးလေ။*

ကျော် – *ကျွန်တော်ရိုက်ထားတဲ့ 'စိန်သို့မဟုတ်စိမ်' ကားကပြီးပြီ။ ရုံတင်ကော်ပီကူးပြီးပြီ။ ရုံမတင်ခင် ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆရာကြီး တစ်ယောက်ယောက်ကို ပြချင်တယ်။ ကျွန်တော် ရိုက်ချင်သလို ရိုက်ထားတဲ့ကားကို သူတို့ဘာပြောမလဲ သိချင်လို့။*

ဦးစိန်ဖေတင် ချိန်းပေးတာနဲ့ ဆရာရွှေဒုံးဘီအောင်တို့အိမ်မှာ ဦးကျော်ရဲ့ 'စိန်သို့မဟုတ်စိမ်' ကိုသွားပြတယ်။ ကားပြီးတော့ ဆရာရွှေဒုံးဘီအောင်ကို ဦးကျော်ကမေးတယ်။

ကျော် – *ဆရာ! ကျွန်တော့် ရုပ်ရှင်သက်တမ်း(၄)နှစ်နဲ့ ကျွန်တော်ပထမဆုံး ဒါရိုက်တာလုပ်ပြီးရိုက်တဲ့ကားကို ဆရာ ဘယ်လို မြင်လဲ။ ဆရာသိတဲ့ပညာနဲ့ ဝေဖန်ပေးပါ။*

ရွှေဒုံးဘီအောင် – *အေး။ ငါတို့နားလည်ထားတဲ့ ရုပ်ရှင်ပညာ၊ ဒါရိုက်တာပညာ၊ ဇာတ်ညွှန်းပညာ၊ ကင်မရာပညာ၊ သရုပ်ဆောင် ပညာတွေနဲ့ မင်းရိုက်တဲ့ ဒီကားနဲ့ တခြားစီပဲ။ မင်းရိုက်ချင်သလို ရိုက်တယ်။ ပြချင်သလိုပြတယ်။ ကားဆက်ချင်သလို ဆက်တယ်။ စာတန်းကိုလည်း ထိုးချင်သလို ထိုးတယ်။ မင်းရိုက်ထားတဲ့ ဒီဇာတ်ကားကို ပရိသတ်က လက်ခံတယ်ဆိုရင်တော့ ငါတို့တွေ အလုပ်ပြုတ်ပြီ။* ဆရာရွှေဒုံးဘီအောင်က 'စိန်သို့မဟုတ်စိမ်' ကိုကြည့်ပြီး အဲ့လိုမှတ်ချက်ချပါတယ်။

Press Show ပြတော့ လမ်းပေါ်မှာ ဦးကျော် လှုပ်ရှားခဲ့တုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းအကုန်လုံးကို ဖိတ်တယ်။ ရွှေဆောင်နဲ့ ဂုဏ်ရုံ နှစ်ရုံခွဲပြီး ပြတယ်။

*"မင်းတို့ရဲ့ သူငယ်ချင်းကျော်ဟိန်း အခု အသက်(၂၄)နှစ်ရှိပြီ။ ဒီ 'စိန်သို့မဟုတ်စိမ်' ဇာတ်ကားဟာ ငါပထမဆုံး ဒါရိုက်တာလုပ်ပြီး ရိုက်တဲ့ကားပဲ။ မင်းတို့တွေလာကြည့်ကြ"* ။

ရန်ကုန်အလယ်ပိုင်းက ဘော်ဒါတွေ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းကဘော်ဒါတွေ အကုန်ဖိတ်တာ။

ရွှေဆောင်ရုံရဲ့ အောက်ထပ်မှာကျတော့ အရမ်းခင်တဲ့ စိန်ဂေါ်လီသူငယ်ချင်းတွေ၊ အပေါ်ထပ်မှာတော့ ဦးဝင်းဦးတို့လို ပုဂ္ဂိုလ်တွေ၊ စာရေးဆရာကြီးတွေ။ လက်မှတ်မပေးဖြစ်တဲ့ ခပ်ဝေးဝေး တစ်အိမ်ကျော်က သူငယ်ချင်းတွေကျတော့(တစ်ဆင့် တစ်ဆင့်ခင်တဲ့ သူငယ်ချင်း) ရုံရှေ့မှာ ဆူညံ ဆူညံ လုပ်နေကြတယ်။ ရွှေဆောင်ရုံထဲမှာ သူတို့ရဲ့ ဘော်ဒါကြီးကျော်ဟိန်းရှိ မှန်းသိလို့ ဝင်မယ်တကဲကဲ လုပ်နေကြတယ်။ ရုံစောင့်ကလည်း လက်မှတ်မရှိရင် မဝင်ရဘူးလို့ တားတယ်။ သူတို့ကလည်း လက်မှတ်မရှိပေမယ့် ကျော်ဟိန်းနဲ့သိတယ် ဝင်မယ်လို့ စောဒက တက်တယ်။

ရွှေဆောင်ရုံထဲမှာကျတော့လည်း အောက်ထပ်တစ်ခုလုံး ဆူညံနေတယ်။ *"ငါတို့ ဘော်ဒါကြီး ကျော်ဟိန်းကိုယ်တိုင် ဖိတ်တာကွ"* ဆိုပြီး မူးပြီး အော်နေတဲ့ကောင်ကလည်း ဘယ်လိုမှ တားလို့မရဘူး။ အဲ့ဒီမှာ ဦးကျော်နားကို ရွှေဆောင်ရုံက မန်နေဂျာ ဦးကျော်ဇော ရောက်လာတယ်။

မန်နေဂျာ – *ဟေ့ကောင် ဖိုးကျော် မင်းလူတွေမင်းရအောင်ထိန်း။ မထိန်းနိုင်ရင် မင်းရုပ်ရှင်ကားကို ငါမပြတော့ဘူး။*

(ပြောပြီးထွက်သွားတယ်။)

ဦးကျော်လည်း အပေါ်ထပ်က ကာထားတဲ့ ဘောင်ပေါ်တက်၊ လက်နှစ်ဖက်မြှောက်ပြီး၊ အောက်ကသူငယ်ချင်းတွေကို အော်ပြောလိုက်တယ်။

ကျော် – *ဟေ့ကောင်တွေ မင်းတို့ဆူဆူညံညံတွေ လုပ်မနေကြနဲ့လေ။ မင်းတို့နဲ့ သူငယ်ချင်းလုပ်ခဲ့တုန်းက လမ်းပေါ်မှာ နေခဲ့တဲ့ ငါဟာ အခု ဒါရိုက်တာလုပ်ပြီး ဇာတ်ကားတစ်ကား ရိုက်ပြလိုက်တာကို မင်းတို့ကြည့်စေချင်လို့ ဖိတ်တာ။ ငါ့ကားကို ကြည့်ပြီးရင် မင်းတို့လည်း တစ်ခုခု လုပ်ကြတော့။ မင်းတို့ဆူညံနေရင် မပြဘူးလို့ မန်နေဂျာကြီးက ငါ့လာပြောနေတယ်။ ငါ မင်္ဂလာယူနေတဲ့ အချိန်မှာ မင်းတို့လည်း အေးဆေးကြည့်ပါ။*

ဦးကျော်ပြောလိုက်တော့ အောက်ထပ်ကကောင်တွေ သဘောပေါက်ပြီး ငြိမ်သွားတယ်။

ကျော် – *ကဲ အန်ကယ်ဦးကျော်ဇော ပြလို့ရပြီ။ ကျွန်တော့်ကောင်တွေ ငြိမ်သွားပြီ* လို့ပြောလိုက်တဲ့ အချိန်မှာ ဦးဝင်းဦးကြီးက ဦးကျော်ကို မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်။ အဲဒီတုန်းက ဦးကျော်ရဲ့ပုံစံက ဘယ်လိုလဲဆိုတော့ ပေါင်လယ်လောက်ရှိတဲ့ သားရေဂျာကင် အနက်ကြီးကိုဝတ်ထားတယ်။ အထဲမှာ ဘာအင်္ကျီမှ ဝတ်မထားဘူး။ လည်ပင်းမှာလည်း အသံစုံမြည်တဲ့ ဆွဲကြိုးတွေ အများကြီးဆွဲထားတယ်။ လွယ်ထားတဲ့ လွယ်အိတ်ကလည်း ကချင်လွယ်အိတ်ဆိုတော့ ဦးကျော်လမ်းလျှောက်ရင် အသံမျိုးစုံမြည်နေတယ်။ အဲဒါကိုကြည့်တာလား။ မင်းသားနဲ့မတူဘဲ သရုပ်ပျက်နေတဲ့ ဦးကျော်ကို စိတ်ပျက်ပြီး ကြည့်နေတာလား။ မသိဘူး။






အထူးပွဲပြပြီးလို့ ပြန်ထွက်လာတော့ ရွှေဆောင်ရုံရှေ့မှာလူတွေအများကြီးပဲ။ အထူးပွဲမကြည့်ရတဲ့လူတွေရော၊ နောက် ထပ်ရောက်လာတဲ့ လူတွေရော၊ အများကြီးပဲ။ *"အားလုံးကိုလေးစားတယ်လို့"* လက်နှစ်ဖက်မြှောက်ပြီး အလေးပြုလိုက်တယ်။ အဲ့ဒီအချိန်ကစပြီး ကျော်ဟိန်းလက်နှစ်ဖက် မြှောက်ပြလိုက်တဲ့ဒီဇိုင်းဟာ *"လူသားအားလုံးကိုလေးစားပါတယ်"* ဆိုတဲ့အဓိပ္ပာယ်ကို ဖြစ်သွားစေတယ်။


ဒါရိုက်တာအနေနဲ့ ပထမဆုံးရိုက်တာလည်းဖြစ်ပြန်၊ ကိုယ့်ပိုက်ဆံကလည်းပါနေတော့ စီးပွားရေးအခြေအနေ ဘယ်လိုရှိမလဲ သိချင်တာနဲ့ တစ်ပြိုင်တည်း ပြတဲ့ရုံတွေမှာ ပွဲတိုင်းလိုလို ပရိသတ်တွေနဲ့ ရောပြီးကြည့်တယ်။

သရုပ်ဆောင်အနေနဲ့ ရပ်တည်နေလာခဲ့ရာက ဒါရိုက်တာအဖြစ်၊ ပန်းချီဆရာအဖြစ်၊ ဇာတ်ညွှန်းရေး ဆရာအဖြစ် ဖန်တီးခဲ့ရတဲ့ အာရုံအသစ်တွေ ဦးကျော်ကိုယ်ထဲ စီးဝင်လာတယ်။ ထုတ်လုပ်သူတစ်ယောက်အနေနဲ့ ကိုယ့်ကား တင်တဲ့ရုံတွေကို လှည့်ပတ်သွားရင်း၊ နေရာစုံက ရုံဝန်ထမ်းတွေ၊ ပရိသတ်တွေရဲ့ဘဝတွေ စကားပြောကြည့်ရင်း၊ အတွေ့အကြုံအသစ်တွေ ထပ်ရတယ်။ တွေ့တဲ့လူတိုင်းက ဦးကျော်ကို *"လူခွေး လူခွေး"* နဲ့ ခေါ်ကြတော့ သူတို့ကြည့်ရတဲ့ ဇာတ်ကားထဲက ဇာတ်ကောင်တစ်ကောင်ရဲ့ လှုပ်ရှားမှုကို ပရိသတ်တွေ အသိအမှတ်ပြုတာ သတိထားမိတယ်။

*'စိန်သို့မဟုတ်စိမ်'* ကိုရိုက်လိုက်မိတာ ဦးကျော်ဘဝအတွက် တန်တယ်။

အကျေနပ်ဆုံးကတော့ ရုပ်ရှင်လောကထဲ မရောက်ခင် ပန်းချီကျောင်း တက်ခဲ့ဖူးတဲ့ ဦးကျော်အတွက် 'စိန်သို့မဟုတ်စိမ်' နဲ့ ပတ်သက်ပြီး ပန်းချီဒီဇိုင်းတွေကို စိတ်ထဲရှိသမျှ စိတ်တိုင်းကျ ဖန်တီးခွင့်ရလိုက်တယ်။

စိန်သို့မဟုတ်စိမ် ဇာတ်ကားနှင့်ပတ်သက်ပြီး နေမင်းထိပ်ခေါင်နာမည်နဲ့
လှုပ်ရှားခဲ့သော ပန်းချီဒီဇိုင်းများ








နေမင်းထိပ်ခေါင်
အမည်ဖြင့်
ရေးဆွဲခဲ့သော
၁၀ပေ X ၂၀ပေ

# ပိုစတာ



ဆူးလေဒေါင့်က ပိုစတာစင် မှာတင်သည်။



၂၀ × ၃၀ ဝေါရှိဒီဇိုင်းထဲက ဒီမျှားပြထားတဲ့ပုံကို နဂ္ဂတစ်ကနေ ပေါ့စတစ်၊ ပေါ့စတစ်ကနေ နဂ္ဂတစ် အပြန်အလှန်ကူးရင်း အဲဒီ အနေအထား ဖြစ်သွားတာ။ နောက်တစ်ခါ ပြန်လုပ်တာ ဘယ်လိုမှလုပ်လို့ မရတော့ဘူး။ (မှတ်ချက်– အဲ့ဒီတုန်းက ကွန်ပျူတာ ဆိုတာ မပေါ်သေးဘူး။)




စိန်
သို့မဟုတ်
စိမ်း




အာစန်းစင့်အလိုက်အညည်ရေးသည်
စိန်သန်း နေဝင်း ဒေါ်မေသစ်
ဇော်ဇော် တရုတ်ကြီး ဇော်မင်းသူ အုံးခင် မွေးဝင်း မောင်မောင်ဦးသိန်း
ပေါ်တက် စိန်ဝင်း မေဝင်းမောင် မိုးကြိုး ဖိုးထောင် ပြည်ထောင်စုကျော်နိုင်
ဇော်ဝင်းမြင့်အေး ကျော်ဟိန်း - လူရွေးစာဖြစ်သတာဝအောင်ပိုင်းလှုပ်ရှားသည်
ACES
BLACK + WHITE
ကျော်ဟိန်း တင်ပြသည်




မှတ်ချက် – နောက်ကျောပေးပြီး မထုံတက်သေး အမူအရာနဲ့

စကားကိုမပွင့်တပွင့်ပြောတာ လူခွေးရဲ့ အမူအရာ ဖြစ်သွားတယ်။ အငြိမ့်တွေ၊ ဇာတ်တွေထဲမှာ ကျော်ဟိန်းရဲ့ လူခွေးအိုက်တင် ဆိုပြီး လူရွှင်တော်တွေ ပျက်လုံး ထုတ်ကြပြန်တယ်။ သူများနဲ့မတူ ထူးထူးဆန်းဆန်း ရိုက်တဲ့ကားဆိုရင် ကြိုက်တတ်တဲ့ ပရိသတ်အသစ် ထပ်ရတယ်။

ဒါရိုက်တာ ကျော်ဟိန်းအနေနဲ့ ‘စိန်သို့မဟုတ်စိမ်’ ဇာတ်ကားကို ရိုက်ကူးတင်ပြပြီးတဲ့နောက် လူငယ်ပရိသတ်ထု (၈၀) % နဲ့ အသက်(၂၄)နှစ်အရွယ် ကျော်ဟိန်း တစ်သားတည်း ဖြစ်သွားတယ်။



‘စိန်သို့မဟုတ်စိမ်’အရှိန်နဲ့ **(၂၅) ဆောင်းကလျာ**

**(၂၆) အပြောချိုတဲ့အပျိုချော** ဆိုတဲ့ ဇာတ်ကားနှစ်ကား ရိုက်မယ့် ဒါရိုက်တာအသစ် နှစ်ယောက် ရောက်လာတယ်။ ဦးကျော်နဲ့ ရိုက်ချင်တဲ့အကြောင်းတွေ ပြောတယ်။ ရိုက်တဲ့အခါမှာလည်း ဦးကျော်ရဲ့ အကြံဉာဏ်တွေ ပေးဖို့ တောင်းဆိုတယ်။ ဒါရိုက်တာနဲ့ သရုပ်ဆောင် ပူးပေါင်း ရိုက်ကူးကြမယ်ဆိုတဲ့ စကားရဲ့တန်ဖိုးကို ပထမဆုံးအကြိမ် သဘောပေါက်သွားတယ်။ စိတ်ဝင်စားပြီး လက်ခံလိုက်တယ်။ အပြန်အလှန် ဆွေးနွေးပြီး၊ ရင်းရင်း နှီးနှီး၊ တက်တက်ကြွကြွ ရိုက်ကြတယ်။

ရုံတင်တဲ့အခါကျတော့ ပရိသတ်က ထင်သလောက် မကြိုက်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ပြချင်တာတွေများပြီး မူလရိုက်ပြချင်တဲ့ ဇာတ်လမ်းရည်ရွယ်ချက်တွေ ပြောင်းသွားတယ်။ နောက်တစ်ခုက ဒါရိုက်တာပညာ၊ ဇာတ်ညွှန်းပညာတွေနဲ့ ပတ်သက်ရင် သီအိုရီကို လွှတ်ပြီး ကိုယ့်အာရုံနဲ့ကိုယ် စိတ်တိုင်းကျ ဖန်တီးလိုက်တာ ပရိသတ်နဲ့ အံမဝင်ဘူး ဖြစ်သွားတာလည်း ပါတယ်။ အဲဒီ နောင်တရမှုကို နောက်ဆုံးအချိန်ထိ မပြင်မိဘူး။ ဒီဖက်ခေတ်မှာ အာရုံသစ်ဆိုပြီး ထပ်လုပ်သေးတယ်။ လူတွေ လက်မခံဘူး။ အဲဒီ ဒါရိုက်တာ နှစ်ယောက်ကိုလည်း နောက်ထပ်မတွေ့ရတော့ဘူး။

## (၂၇) မာန်လျှော့လေဦးစောခက်ငယ်

ဥက္ကလာ ရုပ်ရှင်ကုမ္ပဏီမှ တင်တင်လတ်ရဲ့ ဝတ္ထုကို ဖိုးသောကြာ ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ရန်ကုန်စိုးမောင် ရိုက်တယ်။

ပါဝင်တဲ့ သရုပ်ဆောင်တွေက ယနေ့ကျော်ဆွေ၊ ကျော်ဟိန်း၊ ခင်ယုမေ၊ မမိုးဝါ၊ စံတင်၊ ငွေးဝင်း၊ အံ့ကျော်။












ဦးကျော် ငယ်ငယ်တုန်းကနေ ရုပ်ရှင်ထဲမရောက်ခင်အထိ နိုင်ငံခြားကားတွေပဲ ကြည့်တယ်။ မြန်မာကားဆိုလို့ (၃) ကားပဲ ကြည့်ဖူးတယ်။ ရွှေဘရဲ့ ၀ွစာ ဆိုတဲ့ကားရယ်၊ ကျော်ဆွေရဲ့ ဒဏ် နဲ့ ပုလဲမျက်ရည်၊ အဲဒီ(၃)ကားပဲ ကြည့်ဖူးတယ်။

ကျော်ဆွေဆိုတာက သူပါတဲ့ကားတွေမှာ သူ့နာမည်ကို ယနေ့ကျော်ဆွေလို့ စာတန်းထိုးပေးရတယ်။ အဲဒီ လူကြီးက မနက်တိုင်း ဂေါက်သီးရိုက်တယ်။ မြင်းစီးတယ်။ အဲလို အဆင့်အတန်း မြင့်မြင့်နဲ့ နေတဲ့ ရုပ်ရှင်မင်းသားမျိုးကို ဦးကျော်ဆွေကျမှပဲ မြင်ဖူးတယ်။ ပြီးတော့ ဦးကျော်ဆွေက မိုးရုပ်ရှင်ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီနဲ့ မိုး စက်အဖွဲ့ဆိုပြီး ထောင်ထားတယ်။ သူရိုက်တဲ့ ကားတွေ၊ သူပါတဲ့အခန်းတွေကို သူ့စက်နဲ့ သူဟာသူ ရိုက်တယ်။

နောက်ပိုင်း အဲဒီရုပ်ရှင် ရိုက်တဲ့စက်ကို ဦးကျော်ဝယ်ပြီး ရှိုင်းဆိုတဲ့နာမည်နဲ့ ရုပ်ရှင်စက်အဖွဲ့ ထူထောင်လိုက်တယ်။ ဦးကျော် လက်ခံတဲ့ဇာတ်ကားထဲက ဦးကျော်စက်နဲ့ ရိုက်ချင်ရင် ရိုက်ပေးတယ်။ ရုပ်ရှင်လောကမှာ ကိုယ့်စက်နဲ့ကိုယ် ရိုက်တဲ့ သရုပ်ဆောင်ဆိုလို့ အေဝမ်းဦးတင်မောင်တို့ အုပ်စုရယ်၊ ကျော်ဆွေရယ်၊ ဝင်းဦးရယ်၊ ဦးကျော်ရယ်၊ အခုနောက်ပိုင်း လွင်မိုးရယ်။ ဒါပဲ။ (၂၀၀၈ ခုနှစ် ဦးကျော်ထွက်တော့ ကင်မရာမင်း ကျောက်ဖြူကို အဲဒီစက် ပေးလိုက်တယ်။)

'မာန်လျှော့လေဦးစောခက်ငယ်' ဆိုတဲ့ကားမှာ ကျော်ဆွေနဲ့ ကျော်ဟိန်း ပထမဆုံးတွဲရိုက်တာပဲ။ အဲဒီ ဇာတ်ကားကို အောင်ပန်းနဲ့ ကလောမှာ ရိုက်တယ်။ အောင်ပန်းမှာ ဦးကျော်ဆွေရဲ့ ခြံကြီးရှိတယ်။ သူ့ခြံထဲမှာ ပြိုင်မြင်းကြီးတွေ မွေးထားတယ်။ အဲ့ဒီဇာတ်ကားထဲမှာ ဦးကျော်ဆွေ မြင်းစီးတဲ့အခန်းတွေပါတော့ ဦးကျော်ဆွေက သူ့မြင်းနဲ့၊ သူ့ကင်မရာနဲ့ သူ့ဟာသူ ရိုက်တယ်။ နောက်ခံရှုခင်းတွေကို သေသေချာချာရွေးပြီး သူကြိုက်တဲ့ အလင်းရောင် အနေအထားရမှ ရိုက်တယ်။ တကယ်လို့မရရင် နောက်တစ်နေ့ စောင့်ရိုက်တယ်။

ဦးကျော်ဆွေက စနစ်တကျမြင်းစီးတတ်တော့ သူမြင်းစီးတာ အရမ်းလှတယ်။ သူ့အခန်းတွေ ရိုက်ပြီးလို့ သူပြန်သွားတဲ့အချိန်မှာ ဦကျော်လည်း မြင်းစီးတဲ့အခန်း ရိုက်ချင်လာတာနဲ့ ဒါရိုက်တာကို သွားပြောတယ်။

ကျော် – *ကိုစိုးမောင် ကျွန်တော်လည်း မြင်းစီးတဲ့အခန်း ရိုက်ချင်တယ်ဗျာ။*

ဒါရိုက်တာ – *မောင်ကျော်က မြင်းစီးတတ်လို့လား။*

ကျော် – *စီးတတ်တယ်။*

ဒါရိုက်တာ – *ဟုတ်လို့လား၊ တကယ်စီးတတ်လို့လား။*

ကျော် – *ဩော် ကိုစိုးမောင်ကလည်း စီးတတ်ပါတယ်ဆိုမှ။* (အမှန်က ခပ်တည်တည်နဲ့ ညာပြောလိုက်တာ။ လုံးဝ မစီးတတ်ဘူး။ ဒါပေမယ့် မစီးတတ်ဘူးပြောရင် မြင်းစီးတဲ့အခန်း မရိုက်ရမှာစိုးလို့။)

ဒါရိုက်တာ – *မောင်ကျော်က ဒီကားထဲမှာ လူဆိုးခေါင်းဆောင်သူဌေးလေ။ သွားစရာရှိရင် မော်တော်ကားနဲ့ပဲ သွားတာ၊ မြင်းဘယ်စီးမှာလဲ။*

ကျော် – *အဲဒါဆိုလည်း လိုသုံးအနေနဲ့ ရိုက်ထားပေးဗျာ။ ကျွန်တော် မြင်းစီးတဲ့အခန်း ရိုက်ဖူးချင်လို့။*

ဒါရိုက်တာ – *ကဲ ကိုစန်းမောင်ရေ၊ မောင်ကျော်က သူမြင်းစီးတဲ့အခန်း ရိုက်ချင်လို့တဲ့၊ ရိုက်ပေးလိုက်စမ်းပါဗျာ။*



အဲဒီမှာ ဦးကျော်ဆွေရဲ့ မြင်းကြီးကို စီးခွင့်ရတာ။ မြင်းဆိုတဲ့ သတ္တဝါတွေကလည်း သူတို့ကျောကုန်းပေါ်ကို မစီးတတ်တဲ့ကောင် တက်လာရင် သိတယ်ထင်တယ်။ ဦးကျော်တက်ပြီး ခွတုန်းပဲရှိသေးတယ်၊ မြင်းက အသားကုန် ပြေးတာ။ ဦးကျော်လည်း ပြုတ်မကျရင်ပြီးရောဆိုပြီး မြင်းမျက်နှာ ဘေးနားမှာရှိတဲ့ ကြိုးတွေအကုန်ဆွဲ၊ လက်တွေ၊ ခြေထောက်တွေ အကုန်ကျုံ့ထားပြီး လိုက်သွားတာ။ မြင်းမသားမြင်း သူတို့တွေထားတဲ့ မြင်းခြံဝင်းနားလည်းရောက်ရော ရုတ်တရက် ဘရိတ်အုပ်ပြီး ရပ်လိုက်တယ်။ သူ့ဖင်ကို အောက်ကျုံ့ပြီး ဖင်ထိုင်ရပ်ပုံစံ လုပ်ချလိုက်တယ်။ ဦးကျော် မြင်းပေါ်ကနေ နောက်ကို လျှောကျသွားတာပေါ့။ အောက်ရောက်တာနဲ့ ဦးကျော်က မြင်းဖင်ကို အရင်ဦးအောင် ကန်ပစ်လိုက်တာ။

အဲဒီနေ့က ရိုက်ကွင်းမှာ ဦးကျော်ကို တစ်ဖွဲ့လုံးက စိတ်ညစ်သွားကြတယ်။ ဒါရိုက်တာ ရန်ကုန်စိုးမောင် ဆိုတာများ ဦးကျော်ကိုကြည့်ပြီး မချိတင်ကဲ တတွတ်တွတ်ကို ပြောနေတော့တာ။

ဒါရိုက်တာ – *မောင်ကျော် ဘာလို့ အဲဒီလို လုပ်တာလဲ။ စီးလည်း မစီးတတ်ဘဲနဲ့ မတော်တဆ တစ်ခုခု ကျိုးပာယ်၊ ပွဲပာယ်၊ ကန်ပာယ်၊ ကြောက်ပာယ် ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။*

ကျော် – *ကျွန်တော်က စီးတတ်တယ်။ မြင်းက မကောင်းတာ။*

တပည့် – *ကျွန်တော့်ဆရာကြီး မြင်းတွေက ပြိုင်မြင်းတွေဗျ။ ဘာလို့ မကောင်းရမှာလဲ။ ကိုကျော်သာ မစီးတတ်ဘဲနဲ့ စီးတာ၊ ကံကောင်းလို့ပေါ့ဗျာ အကန်ခံလိုက်ရလို့ကတော့ ဗေဒါပျံ အံကိုခဲ ပန်းမပန်ဘဲ ကျွမ်းပြန်သွားမယ်။*

ဦးကျော်ဆွေရဲ့ တပည့်က တတွတ်တွတ်နဲ့ပြောပြီး ထွက်သွားတယ်။ ဦးကျော်သတင်းက ဦးကျော်ဆွေဆီ ရောက်သွားတယ်။ ဘာပဲပြောပြော တန်တယ်။ ယနေ့ကျော်ဆွေလို့ နာမည်အရှိန်ကြီးတဲ့ လူကြီးရဲ့စိတ်ထဲမှာ ဂျလေဘီ တစ်ဇွတ်ထိုး ကျော်ဟိန်း ရောက်သွားတာ အမြတ်ပဲ။

ဘာဖြစ်လို့ အဲဒီလို ပြောနိုင်လဲဆိုတော့ ဦးကျော်ဆွေကြီး မဆုံးခင် (၁)နှစ်လောက်မှာ ဦးကျော်ရယ်၊ ဦးကျော်ဆွေရယ်၊ ဇော်ဝမ်းရယ်၊ 'နုနုငယ်ငယ်' ရိုက်တဲ့ ဒါရိုက်တာတင်အောင်မြင့်ဦးရယ်၊ ဒါရိုက်တာ ကိုကိုကျော်ရယ်၊ ဇာတ်ညွှန်းရေးတဲ့ ရွှေဒုန်းထွန်းလွင်ရယ်၊ ခု ရုပ်ရှင်နဲ့ဗီဒီယိုလောကမှာ ဘကြီးအောင်လို့ခေါ်နေကြတဲ့ ဦးအောင်လွင်ရယ်၊ ဦးကျော်ကို ကားဆက်ပညာ သင်ပေးတဲ့ ဖလင်အယ်ဒီတာ မောင်မောင်နိုင်ရယ်၊ (၃၃)လမ်းက မော်လမြိုင်ရုပ်ရှင် တိုက်ခန်းထဲမှာ အုပ်စုဖွဲ့ပြီး သောင်းကျန်းဖူးတယ်။ အဲဒီတုန်းက ဦးကျော်ဆွေက မြင်းစီးတဲ့ကိစ္စ ဦးကျော်ကိုပြောတာ။

ကျော်ဆွေ – *မောင်ကျော် မြင်းမစီးတတ်ဘဲနဲ့ မြင်းစီးတဲ့အခန်းကို ရအောင် ရိုက်နိုင်တာကိုတော့၊ မောင်ကျော့်ကို ချီးကျူးတယ်။ အဲ့ဒီကားပြီးတော့ ကိုကြီးရဲ့ တပည့်တွေ၊ ကိုကြီးရဲ့အသိုင်းအဝိုင်းက ပြောကြတယ်။ မောင်ကျော်က ကိုကြီးကို မကြောက်ဘဲ ယှဉ်ပြီး သရုပ်ဆောင်ရဲတယ်တဲ့။*

ကြောက်ရင်လွဲ
ရဲမင်းဖြစ်

ဆိုတဲ့စကားပုံကို ကိုယ့်ဘဝတိုးတက်ဖို့အတွက် အသုံးချသင့်ရင် ချရမယ်။





**(၂၈) ရာသက်ပန်မေတ္တာ** ဇမ္ဗူအေးရုပ်ရှင်က မမြင့်အတွက် သရုပ်ဆောင်ကြေးမယူဘဲ အခမဲ့ သရုပ်ဆောင်ပေးတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက မောင်ယဉ်ထွေး၊ ကျော်ဟိန်း၊ စန္ဒာ။ ဒါရိုက်တာက သန်းကျော်ဌေး (အေဝမ်း ကြည်အေး)။ အေဝမ်းဦးကြည်အေး ဆိုတာက၊ ဒီနေ့ ဗီဒီယိုလောကမှာ ဒါရိုက်တာလုပ်နေတဲ့ နေပိုင်ရဲ့ ယောက္ခမ၊ ဒါရိုက်တာ မျိုးဇော်အောင်ရဲ့ အဖေ။

**(၂၉) လှချင်ရက်စက်စက်ယို**

## (၃၀) သူ့အကြောင်းနဲ့သူ

ဒါရိုက်တာက တက္ကသိုလ်ကိုကိုလေး (မန္တလေး)။

အဲဒီကားကို သူ့ဟာသူရိုက်တယ်၊ သူ့ဟာသူ Sound Effect တွေထည့်တယ်။

အဲဒီ သူ့ရဲ့ စိတ်နဲ့ ပုံစံတွေကိုကြိုက်လို့ သရုပ်ဆောင်ကြေးမယူဘဲ အခမဲ့ သရုပ်ဆောင်ပေးလိုက်တယ်။

**(၃၁) နိုင်စပယ်ဖူး**




## (၃၂) ညောင်ညိုရိပ်ဝယ်

စာရေးဆရာဗိုလ်မြင့်ရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာမောင်စိန်သော် ရိုက်တယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်မောင်ထွေး၊ စိုးနိုင်၊ တင်တင်လှ။

# သူများတွေ
## ချမ်းသာတယ်ဆိုတာ အလကား
# ကျွန်တော်က ကုဋေရှစ်ဆယ်သူဌေးသား




### (၃၃) ကုဋေရှစ်ဆယ်သူဌေးသား

ဒါရိုက်တာက ပန်းချီစိုးမိုး။ အဲဒီဇာတ်လမ်းထဲမှာ ချမ်းသာတဲ့သူဌေးသားက ဆင်းရဲပြီး လမ်းပေါ်ရောက်သွားတယ်။ ဆင်းရဲသားဆောင်းတဲ့ ဦးထုပ်မရှိတာနဲ့ ရုပ်ရှင်ရိုက်ရင်း လမ်းပေါ်မှာတွေ့တဲ့ လူဆီက ယူပြီး ရိုက်လိုက်တယ်။ လမ်းပေါ်ကို သူများလွှင့်ပစ်တဲ့ စီးကရက် ကောက်ပြီး သောက်တဲ့အခန်းပါတယ်။

မှတ်ချက် (ကုဋေရှစ်ဆယ်သူဌေးသား ကားပြပြီးတဲ့အချိန်မှာ ဦးကျော်ဆောင်းတဲ့ စစ်ဦးထုပ်မျိုး ပရိသတ်တွေ လိုက်ဆောင်းတဲ့ အထိ ခေတ်စားသွားတယ်။)



### (၃၄) ချစ်အားငယ်ရသူမယ်

စမ်းချောင်း၊ သံတံတားလမ်းမှာနေတဲ့ ကိုကိုကြီး ဒါရိုက်တာလုပ်ပြီး ရိုက်တယ်။ သရုပ်ဆောင်ကြေး မယူဘဲ အခမဲ့ သရုပ်ဆောင်ပေးတယ်။ သရုပ်ဆောင်သစ် မော်ဆိုတဲ့ မိန်းကလေးကို မင်းသမီးအဖြစ် တင်တယ်။ (အဲဒီ မော်ဆိုတဲ့ မိန်းကလေးဟာ အခုဗီဒီယိုတွေ ရိုက်နေတဲ့ ဒေါ်အိအိစိုးရဲ့ ညီမအရင်းပဲ။)

### (၃၅) မလှချင်

### (၃၆) သူ့လက်ထဲမှာစား




### (၃၇) မျက်လုံးချင်းဆုံတော့ရင်ခုန်တယ်

တက္ကသိုလ် ခင်မောင်အေးရဲ့ဝတ္ထုကို စောလင်းနဲ့ သန်းစိုးအောင်က ဇာတ်ညွှန်း ရေးတယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ထွန်းထွန်းဝင်း၊ ခင်ယုမေ၊ ခင်မိုးမိုး၊ ဇော်ခင်၊ ဗိုလ်ဗကို၊ အံ့ကျော်။



### (၃၈) တိမ်လွှိုင်းပမာ

မိုးမိုးရဲ့ဝတ္ထုကို မာလာသန်းက ဇာတ်ညွှန်းရေးတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ တင်တင်ညို၊ အံ့ကျော်၊ မျိုးငြိမ်း၊ ခင်လေးဆွေ၊ ဌေးဝင်း။

'မျက်လုံးချင်းဆုံတော့ ရင်ခုန်တယ်'နဲ့ 'တိမ်လွှိုင်းပမာ' နှစ်ကား စလုံးကိုရိုက်တဲ့ ဒါရိုက်တာက ရန်ကုန်စိုးမောင်။

**(၃၉) မေတ္တာလက်တစ်လှမ်း** ရဲ့ဇာတ်က မောင်နှမအချစ်ကို ပြတဲ့ဇာတ်လမ်း။ ညီမကို စော်ကားတဲ့ အံ့ကျော်ကို ညီမ လုပ်သူက သတ်လိုက်တယ်။ အစ်ကိုလုပ်သူ ဦးကျော်က ညီမဒုက္ခဖြစ်မှာစိုးလို့ အံ့ကျော်ကို သူသတ်တယ်လို့ ဖြောင့်ချက်ပေးလိုက်တယ်။ ညီမကလည်း အစ်ကိုဒုက္ခဖြစ်မှာစိုးလို့ သူသတ်တယ်ပဲ ပြောတယ်။ တရားရုံးခန်းထဲမှာ မောင်နှမ နှစ်ယောက် သူသတ်တယ်၊ ငါသတ်တယ်နဲ့ အပြိုင်သရုပ်ဆောင်နေကြတဲ့ ဇာတ်သိမ်းပိုင်း ရိုက်နေတဲ့အချိန် ဦးကျော် မိန်းမ စာဥဆီက ဖုန်းလာတယ်လို့ ပြောတယ်။

ဇနီး – *မောင် သမီးစိမ့်ကို ဆေးရုံတင်လိုက်ရပြီ။ အခုချက်ချင်း ဆေးရုံကိုလာခဲ့ပါ။*

ကျော် – *ဟာ ဒုက္ခပဲ၊ ဒီမှာ ဇာတ်သိမ်းခန်းကြီး ရိုက်နေတာ။*

ဇနီး – *နောက်မှ ရိုက်ပါ။ ဒီမှာ သမီးကို ဆေးရုံလာပြရတဲ့ဟာကို ဘာဖြစ်မှန်းမသိဘူး။ ဗိုက်နာတယ်၊ ဗိုက်နာတယ် ဖိအော်နေတယ်။*

ကျော် – *ဒီမှာလည်း လူတွေအများကြီးနဲ့ ဇာတ်သိမ်းခန်းရိုက်နေတာ ဘယ်လိုမှ ထွက်လို့မရဘူး။*

ဇနီး – *သမီးတစ်ယောက်လုံး ဆေးရုံရောက်နေတဲ့ ကိစ္စကို နည်းနည်းလေးတောင် ဂရုမစိုက်တော့ဘူးလား။ ဖအေ မပီသတဲ့ ပုံစံတွေ မလုပ်နဲ့နော်။*

ကျော် – *မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ အနားမှာ ဆရာဝန်တစ်ယောက်ယောက်ရှိလား။*

ဇနီး – *ရှိတယ်။*

ကျော် – *ရှိရင် ခေါ်ပေး။*

*ဆရာ ကျွန်တော် ကျော်ဟိန်းပါ။ ဆရာတို့ဆီမှာ ရောက်နေတယ်ဆိုတဲ့ ကျွန်တော့်သမီးလေးဟာ ခုချက်ချင်း သေနိုင်လား ခင်ဗျာ။*

ဆရာဝန် – *အဲ့လောက်ကြီးလည်း မဟုတ်ပါဘူးဗျာ။ သိပ်မစိုးရိမ်ပါနဲ့။*

ကျော် – *ဆရာက မစိုးရိမ်နဲ့ဆိုရင်လည်း မစိုးရိမ်တော့ဘူး။ ကျွန်တော့်သမီးလေးကို ဆရာတို့ကုပေးပါ။ ကျွန်တော် မကုတတ်ဘူး။ ဒီမှာ အရမ်းအရေးကြီးတဲ့ ဇာတ်သိမ်းခန်း ရိုက်နေတယ်။ လူတွေကလည်း အများကြီးပဲ။ မောင်နှမ နှစ်ယောက်ချစ်တဲ့ ဇာတ်လမ်း၊ အံ့ကျော်ကြီးကို သတ်တဲ့တရားခံ သူပဲ၊ ငါပဲ အပြိုင်လုပ်နေတဲ့ အခန်းရိုက်နေတာ ဆရာရဲ့၊ အပြင်ထွက်ပြီးပြန်လာရင် ဘယ်လိုမှရိုက်လို့ရမှာ မဟုတ်ဘူး။ ကျွန်တော် နားမလည်တဲ့ ဆေးကုခြင်း ကိစ္စတွေ ဆရာတို့ပဲကုပေးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်။*

ဆရာဝန် – *ရပါတယ်ခင်ဗျာ။*

ကျော် – *ရရင်လည်း ကျေးဇူးပဲ။ ဟိုမှာ ကျွန်တော့်ကို စောင့်နေကြတယ်။*

ဦးကျော် ဖုန်းချလိုက်ပြီး ရုပ်ရှင် ဆက်ရိုက်တယ်။ ကားရိုက်ပြီးလို့ အိမ်လည်းရောက်ရော လင်မယားနှစ်ယောက် ရန်ဖြစ်ကြတယ်။ ရုပ်ရှင်လောကထဲမှာ ရှိနှင့်ပြီးသားလူနဲ့၊ ရုပ်ရှင်လောကထဲကို နောက်မှရောက်လာတဲ့လူက သမီးထက် ရုပ်ရှင်ကို ဦးစားပေးမိတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး လင်မယားတွေ ရန်ဖြစ်ကြတယ်။ အဲဒီရန်ဖြစ်တဲ့ကိစ္စကြီးဟာ ဦးကျော်အတွက် အရမ်းထူးဆန်းတယ်။ ကျော်ဟိန်း ဘာတွေဖြစ်သွားပြီလဲ။

အဲဒီ အခန်းကို ရိုက်ပြီးတဲ့အချိန်မှာ ဦးကျော် သရုပ်ဆောင်တာ ပီပြင်တယ်လို့ ဝိုင်းပြောကြတယ်။ သူတို့တွေ ချီးကျူးတာထက် ဒါရိုက်တာ တင်နွယ်စိန်က '*ကြိုက်လိုက်တာ ကိုကျော်ရာ*' လို့ ပြောတဲ့အသံကို ပိုကျေနပ်တယ်။ ဒါပေမယ့် မိန်းမလုပ်သူရဲ့ အမုန်းတွေကတော့ အဲဒီအချိန်ကစပြီး တဖြည်းဖြည်း ကြီးထွားလာတယ်။

ဦးကျော် ပြောင်းလဲသွားတာကို ဦးကျော် သတိထားမိတာကတော့ အိမ်မှာ ပြက္ခဒိန် မထားတော့ဘူး။

နာရီမပတ်တော့ဘူး။

ဇာတ်လမ်းအရ၊ လူမှုရေးအရ ဝတ်ရမယ်ဆိုရင်လည်း ဦးကျော်ပတ်ထားတဲ့နာရီက ရပ်နေတယ်။ အချိန်တွေ မသိချင်တော့ဘူး။

ထမင်းစားတဲ့ကိစ္စတွေ စိတ်မဝင်စားတော့ဘူး။

ဘယ်အချိန်စားစား ပထမစားတာ မနက်စာ၊ ဒုတိယစားတာညစာ။

## အိပ်တဲ့အချိန်က ညပဲ။




**(၄၀) မတ်တတ်ရပ်လို့လမ်းမှာငို**

မောင်ဝဏ္ဏရဲ့ဇာတ်ညွှန်းကို ဒါရိုက်တာသက်နောင်ရိုက်တယ်။ သရုပ်ဆောင်ကြေးမယူဘဲ ဧည့်သည်တော်အဖြစ်နှစ်ကိုယ်ခွဲအခမဲ့ သရုပ်ဆောင်ပေးတယ်။

ပါဝင်တဲ့ သရုပ်ဆောင်တွေက ဇော်ဝမ်း၊ မော်၊ ဇော်လွင်၊ အောင်လွင်၊ စိုးရွှေ၊သန်းဖေလေး၊အောင်ပြည့်၊ သာဆန်း၊ မေချစ်၊ မိတင်အေး (ရှမဝ)။




**(၄၁) အရှေ့နဲ့အနောက်**

**(၄၂) ပန်းနုရောင်မရင့်တရင့်** ဇာတ်ကားက ပန်းချီဆရာ တင်လှဝင်းထင်အတွက် ရိုက်ပေးတာ။ ဒါရိုက်တာကမောင်ဝဏ္ဏ။

**(၄၃) နေမဝင်အချစ်** ဒါရိုက်တာက မျိုးမြင့်အောင်။ ပါဝင်တဲ့သူတွေက ကျော်ဟိန်း၊ လင်းထင်။



**(၄၄) ပတ်ဝန်းကျင်ကိုစိန်ခေါ်ချင်တယ်**

စာရေးဆရာ သခင်မြသန်းရဲ့ဝတ္ထုကို မောင်ရွှေစင်က ဇာတ်ညွှန်းရေးတယ်။ ဒါရိုက်တာ ကိုကိုကျော်က ရိုက်တယ်။ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ချိုပြုံး၊ စိန်ဂွမ်းထွန်းရွှေ၊ ဒေါ်မေနွဲ့။



**(၄၅) ကမ္ဘာဆယ်သိန်းချစ်ပါ့မယ်** ယုဝတီခင်စိန်လှိုင်ရဲ့ဝတ္ထုကို ရွှေဒုံးထွန်းလွင်က ဇာတ်ညွှန်းရေးတယ်။ ဒါရိုက်တာ မျိုးမြင့်အောင်က ရိုက်တယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ဇော်လင်း၊ ချိုပြုံး၊ တိုးတိုးလွင်၊ ဗိုလ်ဗကို၊ သန်းဖေလေး။ အဲဒီကားရဲ့ ဇာတ်သိမ်းခန်းမှာ ချိုပြုံးကိုကြည့်ပြီး သီချင်းဆိုရင်း သေသွားတဲ့အခန်းပါတယ်။ အဲဒီ အခန်းရိုက်တော့ ပင်စီကို ချိုပြုံး နေရာထားပြီး သရုပ်ဆောင်မှ အိုက်တင်ကောင်းသွားတယ်။ အဲဒီမှာ ဘာပညာရလဲဆိုတော့ သရုပ်ဆောင်တဲ့နေရာမှာ ထိရောက်စွာ ခံစားလို့ရမှ အိုက်တင်ကောင်းတယ်ဆိုတဲ့ အသိဥာဏ်ပဲ။

**(၄၆) နှလုံးသားနဲ့စစ်တာဝန်** ဒီဇာတ်ကားဟာ 'အချစ်တစ်ပွဲစစ်ပွဲတစ်ရာ' ရဲ့ အဆက်၊ ဒါရိုက်တာက စိန်ဖေတင်။ အဲဒီ ကားက 'အချစ်တစ်ပွဲစစ်ပွဲတစ်ရာ' လောက် မအောင်မြင်ဘူး။



## (၄၇) ဒို့နှစ်ယောက်နဲ့မိငြိမ်းချမ်း

*ကျော် – ဟော့ကောင် ဇော်ကြီး၊ ဒီကားဟာ မင်းနဲ့ငါနဲ့ ပထမဆုံးတွဲပြီး ရိုက်တဲ့ကားပဲ။ ဇာတ်ညွှန်းရေးတဲ့လူ၊ မှတ်တမ်းရေးတဲ့လူ၊ ရုပ်သေ၊ ရုပ်ရှင် ရိုက်တဲ့လူ၊ တောက်တိုမယ်ရ ခိုင်းတဲ့အဖွဲ့ အကုန်လုံးဟာ မင်းလူတွေချည်းပဲ။ ရိုက်တဲ့နေရာက မင်းတို့မန္တလေး။*

*လာကြည့်တဲ့ ပရိသတ်တွေက မန္တလေးသူ၊ မန္တလေးသားတွေ။ ပြီးတော့ ဒါရိုက်တာက မင်းအစ်ကို။ မင်းတို့အုပ်စုထဲကို ငါတစ်ယောက်တည်း လာရိုက်တာနော်။ ဒီလို အခွင့်အရေးမျိုးဆိုတာ ခဏခဏ မရတတ်ဘူး။ ငါကတော့ အသေချမှာပဲ။*

အဲဒီ စကားတွေက ကားမရိုက်ခင် ဦးကျော်က ဇော်ဝမ်းကို ပြောခဲ့တဲ့ စကားတွေပဲ။ **ဒီကားအရေးကြီးတယ်ဆိုတဲ့ စိတ်ကို စရိုက်တဲ့ နေ့ကနေ ပြီးတဲ့နေ့အထိ ထိန်းသိမ်းထားတယ်။**


ဇာတ်လမ်းက ဇော်ဝမ်းရယ်၊ တင်တင်ညိုရယ်၊ ကျော်ဟိန်းရယ်၊ ငယ်ငယ်တည်းက အရမ်းချစ်တဲ့ သူငယ်ချင်း သုံးယောက်အကြောင်းပဲ။ တူတူဆော့တယ်၊ ကျောင်းသွားတယ်၊ ဟိုဒီ လျှောက်လည်တယ်။ ထုံးစံအတိုင်း သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း။ ကြီးလာတဲ့အခါမှာ ဇော်ဝမ်းနဲ့ ကျော်ဟိန်းက အယူအဆချင်း မတူတဲ့ အဖွဲ့အစည်းတွေထဲ ရောက်သွားကြတယ်။

ကျော်ဟိန်းက သူပုန်၊ ဇော်ဝမ်းက အစိုးရဘက်တော်သား။ ရုပ်ရှင်သီအိုရီအရ လူဆိုး၊ သူခိုး၊ ကြမ်းပိုးတွေရဲ့ ဇာတ်ကောင်စရိုက်တွေဟာ ထိန်းချုပ်မှုတွေ မရှိတော့ လွတ်လပ်တယ်။ အမူအရာကို လုပ်နိုင်သလောက် လုပ်ခွင့်ရှိတော့ လုပ်လိုက်တဲ့ အမူအရာတွေဟာ ကြည့်ရတဲ့ ပရိသတ်အတွက် စိတ်လှုပ်ရှားမှုကို ဖြစ်စေတယ်။ ရုပ်ရှင်ရိုက်ရင်း ဗီလင် သွင်းတာ များသွားလို့ မူးလဲသွားတယ်ဆိုတဲ့ အခြေအနေမျိုး အဲဒီကားမှာ ပထမဆုံး စဖြစ်တယ်။





ကားပြီးသွားတော့ ဇော်ဝမ်းအစ်ကို ဒါရိုက်တာမောင်တင်ဦးက ပြောတယ်။ *"မောင်ကျော်က ကိုယ့်ညီလေးဖြစ်ရင် သိပ်ကောင်းမှာပဲ "*တဲ့။






ဒို့နှစ်ယောက်နဲ့ မိငြိမ်းချမ်း

# ဒါရိုက်တာ မောင်တင်ဦး

# ဇော်ဝမ်း၊ တင်တင်ညို




စက်ဘီးတစ်စီးနဲ့ သူငယ်ချင်းသုံးယောက် လျှောက်လည်တဲ့အခန်းကို ဆည်တော်ကြီးမှာ ရိုက်တယ်။ ရိုက်မယ့်အချိန်မှာ မိုးတွေကအုံ့နေတယ်။ ရိုက်ကူးမှုအချိန်ဇယားအရ နောက်တစ်နေ့ ကူးလို့မရဘူး။ ဒီအခန်းကို ဒီနေ့ ပြီးအောင် ရိုက်ရမယ်။ အဲဒီတော့ နေထွက်လာတာကို မစောင့်နိုင်တော့ဘဲ မိုးအုံ့ထဲမှာ ရိုက်လိုက်ကြတယ်။

အေအက်စ်အေ (၁၂၅)ပဲရှိတဲ့ အဖြူအမည်း နဂ္ဂတစ်ဖလင်ကြောင့် အဲဒီကား ရုံတင်တော့ နေမရှိဘဲ ရိုက်လိုက်တဲ့ အခန်းက အရုပ်တွေမည်းနေတယ်။ စက်ဘီးပေါ်က ဇော်ဝမ်းနဲ့ တင်တင်ညိုကို နောက်ကပြေးလိုက်ပြီး တွန်းပေးတဲ့ ကျော်ဟိန်း အရုပ်ကပဲပေါ်နေတယ်။ အဲဒီတုန်းက ကျော်ဟိန်းဝတ်ထားတာက အဖြူရောင်အင်္ကျီ လက်ရှည်၊ ဘောင်းဘီက အဖြူရောင်၊ ရုံထဲက ပရိသတ်တွေကြားထဲမှာရှိနေတဲ့ ဦးကျော်၊ ကြားလိုက်ရတဲ့အသံကတော့ *(ကျော်ဟိန်းက လူလည်၊ သူက စက်ဘီးမစီးဘဲ နောက်ကတွန်းပြီး ပြေးလိုက်တော့ မြင်ရတဲ့လူတွေ သူ့ကို သနားအောင် လုပ်တာပဲ။)* အဝေးက မြင်တဲ့သဘောကို ပြတော့ လည်း အရုပ်ကသေးတော့ ဘယ်သူတွေမှန်းမသိဘူး။ အဖြူရောင်ဝတ်ထားတဲ့ ကျော်ဟိန်းကိုပဲ ဟိုမှာ ကျော်ဟိန်း ကျော်ဟိန်း လို့ပြောကြတယ်။

ပြီးတော့ ဇာတ်ကားရိုက်နေတဲ့ အချိန်အတွင်းမှာ ဇော်ဝမ်းက နေမကောင်းဘူးဆိုပြီး ခဏခဏ ရှူတင်ပျက်တယ်။ တချို့အခန်းတွေဆိုရင် သူ့နေရာမှာ သူ့အဝတ်အစားတွေကို သူ့အစ်ကိုကဝတ်ပြီး နောက်ကျော ပေးရိုက်ခဲ့ရတာတွေရှိတယ်။ တော်သေးတာပေါ့ ကိုတင်ဦးက သူ့ညီ ဇော်ဝမ်းနဲ့ နည်းနည်းတူနေလို့၊ ဒါပေမယ့် မျက်နှာအမူအရာပြပြီး စကားပြောတဲ့ အခန်းတွေကျတော့ ရိုက်လို့မရဘူးပေါ့။



# ကျော်ဟိန်း



**(၄၈) တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ**

ဆရာဦးသုခနဲ့ ပထမဆုံးရိုက်တဲ့ကား။ ဇာတ်လမ်းက စာရေးဆရာ ကောက်လှိုင်း ရေးတာ။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ တင်တင်ညို။ **တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမယ်**ဆိုတဲ့စကားက အဲဒီဇာတ်ကားထဲမှာ ဆရာဦးသုခပြောခိုင်းတဲ့စကား။

**(၄၉) သားနဲ့ပါဆို ကိုလူပျို**

**(၅၀) မဟူရာ**

**(၅၁) ရှာမှရှား တကယ့်ယောကျ်ား**

ဒါရိုက်တာက မောင်စိန်သော်။

ကိုယ့်ကိုယ်ကို လူကောင်းဆိုပြီးရည်းစားရှေ့မှာ လိမ်ထားတဲ့ဖောက်ထွင်းဝိဇ္ဇာက မီးခံသေတ္တာထဲမှာ ပိတ်မိနေတဲ့ကလေးကို အသက်ကယ်ရင်း ဖောက်ထွင်းဝိဇ္ဇာမှန်း အသိခံလိုက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်အကြောင်း။

**(၅၂) လမင်းတစ်ရာ**

**(၅၃) မချစ်ရင်လည်း ရပါတယ်** သရုပ်ဆောင်၊ ဒါရိုက်တာ ဝါဝါဝင်းရွှေနဲ့ ပထမဆုံး တွဲဖက်ရိုက်ကူးတဲ့ ဇာတ်ကား။

**(၅၄) လမ်းပေါ်မှာ လမ်းပျောက်သူ** စာရေးဆရာမ ညိုယဉ်ရဲ့ ဝတ္ထုကို၊ နီဦး ဇာတ်ညွှန်းရေးတယ်။ ဒါရိုက်တာမင်းဆွေဦးက ရိုက်တယ်။ ဆရာမညိုယဉ်ဆိုတာ ဒေါ်နုနုခင် အလွတ်ပညာသင်ကျောင်းမှာ ဆယ်တန်းနေတုန်းက မြန်မာစာသင်တဲ့ ဆရာမ။

**(၅၅) နှစ်ဆယ်ရာစု လက်ဝှေ့ကျော်**

ရေတပ်က လက်ဝှေ့သမား ကြီးမောင် နဲ့ ဂျိတ်ဘာဝါးဆီမှာ လက်ဝှေ့ပညာကို စနစ်တကျသင်ပြီး ရိုက်တယ်။

**(၅၆) ကိုကိုမောင် တော်တော်ဆိုး**

**(၅၇) ခရမ်းရောင် လွင်ပြင်**

**(၅၈) တစ်ယောက်နှစ်မျက်နှာ** ဒါရိုက်တာက ရန်ကုန်စိုးမောင်။ ပါဝင်တဲ့ သရုပ်ဆောင်က ကျော်ဟိန်း၊ ဇော်လင်း။

**(၅၉) နွေဦးပေါက်ရင်**

**(၆၀) လောကကြီးမှာ တစ်ယောက်တည်း**

**(၆၁) စနေမ**

သရုပ်ဆောင်၊ ဒါရိုက်တာ ဝါဝါဝင်းရွှေနဲ့ တွဲရိုက်တဲ့ ဒုတိယကား။ ဦးကျော်ရဲ့ဘဝမှာ ပထမဆုံး ရာဇဝင် ဓားသိုင်းကားပဲ။ မုံရွာမှာရိုက်တာ။ နွေရာသီဆိုတော့ အရမ်းပူနေတဲ့အချိန်။ ရိုက်နေတုန်း မဝါ နေမကောင်းဖြစ်လို့ မန္တလေး ဆေးရုံမှာ တင်လိုက်ရတယ်။ မဝါဆေးရုံတက်နေတဲ့အချိန် ဦးကျော်ကိုရိုက်ခိုင်းလို့ (၂)ရက်လောက် ဒါရိုက်တာလုပ်ပြီး ရိုက်ပေးလိုက်ရတယ်။ အဲဒီ(၂)ရက် ရုပ်ရှင်အဖွဲ့ကို ကျွေးချင်သလို ကျွေးမိလို့ မဝါအဒေါ် အန်တီရင်ကြီးနဲ့ မျက်နှာပျက်ဖူးတယ်။


**(၆၂) လိမ္မာပါကွယ်မောင်လေးရယ်**

ထုတ်လုပ်သူ မျိုးညွန့်သွင်အတွက် တက္ကသိုလ်တင်မြင့်ရဲ့ **'မမလေးညာတယ်'** ဝတ္ထုကို ကျော်ဟိန်းနဲ့ စိုးသိမ်းထွဋ်က ဇာတ်ညွှန်းရေးပြီး၊ ဒုတိယအကြိမ် ဒါရိုက်တာအဖြစ် ကျော်ဟိန်းရိုက်ကူးတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ချိုပြုံး၊ ဗိုလ်ဗကို။



**(၆၃) မနော်ဟာရီအလှ** စာရေးဆရာ ဆန်းလွင်ရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာ နန္ဒမင်းခေါင်က ရိုက်ကူးတယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်နဲ့၊ ဦးဆန်းလွင်ရဲ့ သရုပ်ဆောင် သင်တန်းသားတွေဖြစ်တဲ့ မင်းဒင်၊ မင်းယျာ။ ရိုက်ကွင်းက စစ်ကိုင်းတိုင်း ကသာမှာ။ အဲဒီကားရိုက်ပြီး မန္တလေးကို ပြန်လာတော့ ငှက်ဖျားဖြစ်ရော။ ငှက်ဖျား ဆိုတာကြီးက တော်တော်ခံစားရတာပဲ။

၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၂) ရက်နေ့မှာ ရုံတင်တယ်။ ရုံတင်တဲ့အခါမှာ မနော်ဟာရီအလှ ဇာတ်ကားနဲ့ ပတ်သက်ပြီး ဆရာဇော်ဗလရဲ့ ဝေဖန်မှုကို လေ့လာနိုင်ရန် တင်ပြလိုက်ပါတယ်။



**(၆၄) မုန်းစကားဆိုနဲ့ ချစ်သည်း**

**(၆၅) တောပြောင်းသောကျား**



အဲဒီအချိန်က ရုပ်ရှင်မှာ နှစ်ကိုယ်ခွဲ ရိုက်တာမပီပြင်တော့ အလယ်မှာ အမည်းလိုင်းကြီး ပေါ်နေတယ်။




(၆၆) ဒီကမ္ဘာမှာကျွန်တော်အပျော်ဆုံး



ဒို့နှစ်ယောက်နဲ့မိငြိမ်းချမ်း အပြီးမှာ ဆက်တိုက်ရိုက်ခဲ့တဲ့ကားတွေ အများကြီးပဲ။ နံပါတ် (၄၈)ကနေ (၆၆)အထိ။ ငွေကြေးအရ အောင်မြင်တဲ့ ကားတွေ ပါပေမယ့် ကျော်ဟိန်းကို ထပ်ပြီး ကြီးကျယ်စေတဲ့ ကားမျိုး မပါခဲ့ဘူး။ အဲဒီအထဲမှာ ကျော်ဟိန်းကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်တဲ့ 'လိမ္မာပါကွယ်မောင်လေးရယ်' ဆိုတဲ့ကားလည်း ပါတယ်။ အဲ့တော့ တွက်ကြည့်ရင် ကျော်ဟိန်းအတွက် အချိန်ရှုံးတယ်။ ဒီအတိုင်း ဆက်ရိုက်လို့တော့ မဖြစ်ဘူးဆိုပြီး


**(၆၇) ချစ်သောဖေဖေ** လည်းရိုက်ပြီးရော ကားရိုက်တွေ ခဏနားပစ်လိုက်တယ်။

ဒါရိုက်တာ ဦးကြီးမြင့်၊

ဦးဇော်ထက်၊

ဦးတင်ဦး၊

ဦးသက်နောင်တို့နဲ့ ဆွေးနွေးတယ်။ ဇာတ်ကားတွေ အများကြီး ရိုက်ပြီး ထူးခြားမှုမရှိလို့ နောက်ထပ် ပုံစံတစ်ခုပြောင်းပြီး လုပ်ကြည့်ချင်တယ်လို့ ပြောပြတယ်။ စာတွေဖတ်တယ်။ ပတ်ဝန်းကျင် အသစ်တွေထဲက လူတွေနဲ့ ပေါင်းတယ်။ အပေါင်းအသင်းတွေ များလာတော့ မသောက်ဘဲ ဖြတ်ထားတဲ့ အရက် ပြန်သောက်မိတယ်။ အရက်ပြီးတော့ ဆေးခြောက်၊ ဆေးခြောက်ပြီးတော့ နံပါတ်ဖိုး ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေတဲ့ ကိုယ်ခန္ဓာဟာ တဖြည်းဖြည်း ပိန်လာတယ်။



ဆေး ချ နေ ဆဲ ကျော်ဟိန်းပုံ

အနားယူပြီး ပထမဆုံး ပြန်ရိုက်တဲ့ကားက

**(၆၈) အနန္တချစ်သူ** မောင်ဝဏ္ဏရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာဦးသက်နောင်က ရိုက်တယ်။ အဲဒီဇာတ်ကားထဲမှာ ပုဂံမြို့မှာရှိတဲ့ ဘုရားပေါင်းစုံ၊ ရှုခင်းပေါင်းစုံပါတယ်။ ပြီးတော့ အဲဒီကားက မြန်မာကားနဲ့တူတယ်။ ဦးကျော်က လေယာဉ်ကွင်းက တက္ကစီမောင်းတဲ့ ဒါရိုင်ဘာ။ ရုပ်ရှင်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို လာလည်တဲ့ နိုင်ငံခြားသားဧည့်သည် တချို့မန္တလေး၊ ပုဂံလျှောက်လည်ရအောင် ရက်ကြာကြာ နေခွင့်မရဘူးဆိုရင် ပုဂံမြို့ကို အခြေတည်ရိုက်တဲ့ အဲဒီ အနန္တချစ်သူကားကို ပြလိုက်ရင် ပုဂံကို သွားစရာမလိုဘဲ ပုဂံအကြောင်းကို သိခွင့်ရကြတယ်။

အဲဒီဇာတ်ကားနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို TRACK - 4 တွင်ကြည့်ပါ။

**(၆၉) ရွှေလဝင်းကို ခွင်းမည့်သူ** တက္ကသိုလ်မောင်လှသူရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို ဒါရိုက်တာဇော်ထက်က ရိုက်တယ်။ ဦးကျော် ရုပ်ရှင်ထဲမရောက်ခင် ဒီလောကမှာ နာမည်ကြီးခဲ့ဖူးတယ်ဆိုတဲ့ ဦးရွှေဘနဲ့ ပထမဆုံး တွဲဖက် သရုပ်ဆောင်ရတယ်။ သူနဲ့ ဦးကျော်နဲ့ လက်သီးထိုးတဲ့အခန်းရိုက်တော့ သူ့မျက်နှာကိုလက်သီးနဲ့ တကယ်ထိုးခိုင်းတယ်။ ဦးကျော်က အားနာလို့ မထိုးဘူး။ သူ့အလှည့်ကျတော့ သူက တကယ်ထိုးမှအားရတယ်ဆိုပြီး ဦးကျော်ကို တကယ်ထိုးတယ်။ သူ့လက်သီးက တော်တော်ပြင်းတယ်။ အဲဒါကြောင့် သမ္မတလူကြမ်းအဖွဲ့က သူ့တပည့်တွေ သွားတွေကြိုးနေတာပဲဖြစ်မယ်။

အင်္ဂလိပ်ဇာတ်ကား ကိတ်ဖီရာ (Cape fear)ကိုမြန်မာမှုပြုပြီး ပြန်ရိုက်တဲ့ကား။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ရွှေဘ၊ ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ခင်သီတာထွန်း။





**(၇၀) ဘတစ်ပြန်ကျားတစ်ပြန်** ညွန့်ဝင်းနဲ့ ကျော်ဟိန်း ပထမဆုံးတွဲဖက်သရုပ်ဆောင်တဲ့ကား။ ဒါရိုက်တာက ဦးကြီးမြင့်။



**(၇၁) ကျားသိုင်းနဲ့ ဓားရိုင်း**











ဆံပင်ဒီဇိုင်းကို ကန်တော်လေးက ပန်းချီ ဦးစံရင် လုပ်ပေးတယ်။ ဒါရိုက်တာက မောင်တင်ဦး၊ မှန်ထိုးတဲ့နေရာမှာ စနစ်တကျ ကြိုတင်စီစဉ်ထားတဲ့ သစ်သားဒေါက်တွေပေါ်မှာ မှန်ချပ်တွေ တင်ထားတယ်။ မှန်ချပ် အရွယ်အစားက (၇)ပေ ပတ်လည်ရှိမယ်။ နိုင်ငံတကာရိုက်တဲ့ ပုံစံမျိုးနဲ့ ကိုတင်ဦးက ရိုက်တာ။ အဲဒီတုန်းက သူ့ကိုကြည့်ရတာ အားကျဖို့ ကောင်းတယ်။ ဓါးသိုင်းကားတွေထဲမှာ ကျားသိုင်းနဲ့ ဓားရိုင်းကားက အဆင့်အတန်း မြင့်တယ်။



## (၇၂) လူဇော်

ကိုဆန်နီ၊ ဒေါ်သင်းသင်းယုတို့က ရွှေညာမောင် ရုပ်ရှင်ကုမ္ပဏီကို ငှားပြီး ရိုက်ကူး၊ ထုတ်လုပ်တယ်။


အောင်လင်းရဲ့ ဝတ္ထုကို နေလင်းထွန်းက ဇာတ်ညွှန်းရေးတယ်။

ဒါရိုက်တာက ဇော်ထက်။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ ကြည်ကြည်ဌေး၊ မြင့်နိုင်၊ မင်းဇော်၊ တိုးတိုးလွင်။

# လူဇော်





ဒါက **လူဇော်**။ ရိုက်နေရင်း အာရုံရလို့ ဒီဇိုင်းပြောင်းလိုက်တာ။

လူဇော် ဇာတ်ကားကစပြီး စိတ်ရဲ့လွတ်လပ်မှုပုံစံ၊ လှုပ်ရှားမှုပုံစံ၊ အကုန်လုံး ပြောင်းပစ်လိုက်တယ်။

ရုပ်ရှင်နဲ့ ပတ်သက်ပြီး သိခဲ့တာတွေ၊ သိထားတာတွေ အကုန်လုံး ခေါင်းထဲက ထုတ်ပစ်လိုက်တယ်။

နောက်ထပ် စိတ်အသစ်တစ်ခု ထည့်ကြည့်လိုက်တယ်။

တစ်ယောက်တည်းနေတယ်။

ရှူတင်ကို တစ်ယောက်တည်းသွားတယ်။

ဒါရိုက်တာလိုချင်တဲ့ အမူအရာကို ကိုယ်သိထားတဲ့ ဇာတ်ကောင်ဘက်က ခံစားပြီး လုပ်လို့ရသလောက် အဆုံးစွန် လုပ်ပေးလိုက်တယ်။

အဲဒီကားမှာ ပဲကြီးလှော် ကောက်စားတဲ့အခန်းပါတယ်။ အဲဒါ သူ့ဟာသူ ဖြစ်သွားတာ။ ဦးကျော် ကောက်စားတာ မဟုတ်ဘူး။ လူဇော် ကောက်စားတာ။

လူဇော်ဆိုတာ ဦးကျော် စိတ်ထဲမှာ ရင်းနှီးနေတဲ့ ကျော်ဟိန်းလို ကောင်တစ်ကောင်။ အပြင်က ကျော်ဟိန်းလို အကျင့်တွေ၊ စရိုက်တွေ၊ နေတာ ထိုင်တာတွေ၊ အကုန်လုံး လူဇော်ထဲကို ထည့်ပေးလိုက်တယ်။

တချို့အခန်းမှာ သရုပ်ဆောင်နေတာတွေ ဦးကျော် အကုန်မသိတော့ဘူး။ ဦးကျော် လုပ်လိုက်တာလား။ နောက်စိတ်တစ်ခုက လုပ်လိုက်တာလား။ သရုပ်ဆောင်တဲ့အချိန်မှာ ဖြစ်နေတဲ့စိတ်တွေကို စိတ်ဝင်စားလာတယ်။

အဲဒီ စိတ်တွေဟာ သတိထားမိတဲ့ နောက်ထပ်အသိဉာဏ်တစ်ခုဆိုတာ ထပ်သိလိုက်တယ်။

လူဇော် ရိုက်နေတဲ့အချိန်မှာ
စိတ်တွေက လွတ်လပ်နေတယ်။
ထိန်းချုပ်ထားတာဆိုလို့
ဘာမှမရှိဘူး။
ဒီကားရိုက်ရင်း စိတ်တွေအကုန်လုံး
ပြောင်းသွားပြီဆိုတာ
ကိုယ့်ကိုယ်ကို သတိထားမိတဲ့
လူဇော်ရဲ့လှုပ်ရှားမှုတွေကို
**TRACK - 5** တွင်ကြည့်ပါ။






# (၇၃)တစ်ခါကတစ်ဘဝ

ကုမ္ပဏီက မင်းသူရိန်။
တက္ကသိုလ် မောင်အောင်ဆွေရဲ့ ဝတ္ထု။
ဒါရိုက်တာက မောင်တင်ဦး။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်သီတာထွန်း၊ ချိုပြုံး၊ ဇော်ဇော်၊ ဗိုလ်ဗကို၊ ဖိုးပါကြီး၊ စိန်ဂွန်းထွန်းရွှေ၊ ဝေသာလီမောင်ဖုန်း၊ နေမင်းထွန်း၊ ဦးမင်းဏီ။



အဲဒီဇာတ်ကားထဲက ဇာတ်ကောင်စရိုက်က ကိုယ့်နာမည်ကိုယ် မသိဘူး။

အူကြောင်ကြောင်နဲ့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ် ရောက်သွားတယ်။ သူ့ကိုယ်သူ စက္ကလို့ တွေ့ကရာနာမည်ပေးပြီး ကျွန်းပေါ်မှာ လှုပ်ရှားတယ်။ လုလုဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်။

အဲဒီမှာ လုလုနဲ့ပတ်သက်တဲ့လူတွေရယ်၊

ရန်ကုန်မြို့မှာ လူသတ်ပြီးထွက်ပြေးနေတဲ့ တရားခံတစ်ယောက် ကျွန်းပေါ်မှာ ရောက်နေတယ်ဆိုတဲ့ သတင်းရယ် ပေါ်ထွက်လာတဲ့ အချိန်မှာ ဇာတ်ရှိန် တက်သွားတယ်။

အဲဒီဇာတ်ကား လူကြိုက်များတယ်။ စက္ကနဲ့ လုလု မျက်နှာချင်းဆိုင် Slow motion ပြေးတဲ့ပြကွက်ဟာ လူရှင်တော်တွေအတွက် ပျက်လုံးဖြစ်သွားပြန်တယ်။

အဲဒီ 'တစ်ခါကတစ်ဘဝ' ဇာတ်ကားနဲ့ ဒါရိုက်တာ၊ မင်းသမီး၊ ဓာတ်ပုံဆရာ နဲ့ နောက်တစ်ယောက် အကယ်ဒမီ(၄) ဆုရတယ်။

ဦးကျော်တော့ မရဘူး။

ဦးကျော် ရုပ်ရှင်ရိုက်တဲ့ သက်တမ်းတစ်လျှောက်မှာ အကယ်ဒမီအလိုချင်ဆုံးနှစ်က

**အနန္တချစ်သူရယ်၊ လူဇော်ရယ်၊ ပန်းစကားရယ်၊ တစ်ခါကတစ်ဘဝရယ်။**

အဲဒီ (၄)ကားလုံးက တစ်နှစ်ထဲမှာ ပြတဲ့ကားတွေပဲ။

ဒါပေမယ့် ဆုတွေကြေညာလို့ ပြီးတဲ့အခါမှာ ဦးကျော် မပါတော့ ဦးကျော်ကို ဝိုင်းကြည့်ကြတဲ့ မျက်လုံးတွေဟာ အမိပွါယ်မျိုးစုံပဲ။ အဲဒီအချိန်တုန်းက ရှက်လိုက်တာ။

ဇာတ်လမ်းထဲက သရုပ်ဆောင်မှုနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို **TRACK - 6** တွင်ကြည့်ပါ။

**(၇၄) စက္ကူလှေကလေးများ**

ထုတ်လုပ်သူ၊ ဒါရိုက်တာ ဦးမြတ်လေးအတွက် သရုပ်ဆောင်ကြေးမယူဘဲ အခမဲ့ သရုပ်ဆောင်ပေးတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ဇော်လင်း၊ မြတ်လေး၊ ခင်သန်းနု။

**(၇၅) ဇဝေဇဝါ**

ဒါရိုက်တာ ဦးခင်စိုး။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ဇော်လင်း၊ ဒေစီကျော်ဝင်း။

**(၇၆) မချစ်ဝံ့ဝံ့ချစ်ဝံ့ဝံ့**

ခင်လေးမွန်ရဲ့ ဝတ္ထုကို ဒါရိုက်တာမြတ်တင်အေး ရိုက်တယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ထွန်းထွန်းနိုင်၊ ဝင်းဆွေ၊ စံရှားတင်၊ ဗိုလ်ဗကို၊ နွဲ့နွဲ့စန်း၊ မေယု၊ စိန်ဂျွန်းထွန်းရွှေ၊ ဝေသာလီမောင်ဖုန်း။

**(၇၇) နှလုံးသားတိုက်ပွဲ**

**(၇၈) ထွတ်လပ်မှအမျှဝေပါ**

ထုတ်လုပ်သူက ကိုဆန်းမြင့်၊ ဒါရိုက်တာက မောင်မိုးသူ။ ကိုဖေသန်းရဲ့ မိတ်ကပ်နဲ့ တော်လှန်ရေးသမားအဖြစ် သရုပ်ဆောင်ရတယ်။ ကျော်ဟိန်းနဲ့အတူ ပါဝင်တဲ့သရုပ်ဆောင်တွေက လင်းထင်၊ ဆွေဇင်ထိုက်၊ မင်းမင်းစိုး။



# (၇၉) ပန်းစကား

စောမြသန္တာတို့ ပဒေသာ ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူး၊ ထုတ်လုပ်တယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ စောမြသန္တာ၊ ဗဂျီအောင်စိုး။

ဉာဏ်ရည် မမီသော အောင်ဒင်အဖြစ် သရုပ်ဆောင်ရတယ်။ ဒါပေမယ့် ကျော်ဟိန်းရဲ့ အမူအရာတွေဟာ

လေငန်းဆွဲနေတဲ့ ဝေဒနာရှင် နဲ့ ပိုပြီး တူနေတယ်လို့ အဝေဖန်ခံရတယ်။

ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို **TRACK - 7** တွင်ကြည့်ပါ။



# (၈၀) ကျွန်တော့်ကိုယ်စားပြောပေးပါ

ဒါရိုက်တာ ကျော်ဟိန်း အနေနဲ့ (၃)ကားမြောက် စိတ်တွေလွှတ်ပြီး ရိုက်တဲ့ဇာတ်ကားပဲ။

ပါဝင်တဲ့ သရုပ်ဆောင်တွေကအသစ်တွေ။ မင်းမင်းစိုး၊ မြတ်မြတ်မော်၊ ဥမ္မာသော်က။

ဥမ္မာသော်က ဆိုတာက စာရေးဆရာသော်ကရဲ့ သမီး။ သူက စကားမပြောတတ်ဘူး။

စကားမပြောတတ်တဲ့ ဥမ္မာသော်ကကို အမူအရာသင်တဲ့အခါမှာ သူတို့စကားမပြောတတ်တဲ့လူချင်း နားလည်နိုင်တဲ့ လက်အမူအရာ၊ မျက်နှာအမူအရာတွေ သင်ပြီး ရိုက်ရတယ်။ အရမ်းခက်ခဲတဲ့ အဓိပ္ပါယ်မျိုးကျတော့ သူ့မိသားစုကို အကူအညီတောင်းရတယ်။

နောက်တစ်ယောက်က အောင်ဗိုလ် (ဦးကျော် ရုပ်ရှင်လောကထဲ ဝင်ကာစက အရွေးခံရတဲ့ (၆)ယောက်ထဲက တစ်ယောက်)။

နောက်တစ်ယောက်က အေးအေးသိန်း (အကယ်ဒမီ ကင်မရာမင်း ဦးစံအေးရဲ့သမီး၊ အခုခေတ် အကယ်ဒမီ ကင်မရာမင်း ကျောက်ဖြူရဲ့ အစ်မ)။

နောက်တစ်ယောက်က မောင်ထင်လင်း (အကယ်ဒမီ ဒွေး၊ (၄)တန်းကျောင်းသားဘဝက ပထမဆုံး ရိုက်တဲ့ကား)။

ဧည့်သည် အနုပညာရှင်တွေအနေနဲ့ ပါဝင်သရုပ်ဆောင်ပေးတဲ့ သူတွေကတော့ နွဲ့နွဲ့မူ၊ ခင်သီတာထွန်း၊ မေယုနဲ့ တြာ။

စိတ်တွေလွှတ်ပြီး ရိုက်တယ်လို့ ပြောရတဲ့ အကြောင်းကတော့ ရိုက်နေကျ သီအိုရီတွေကို ရာနှုန်းပြည့် ချိုးဖောက်ပြီး ရိုက်ခဲ့လို့ပဲ။

ဥပမာ – (၂၆)လက်မ အတိအကျ ဖောက်ထားတဲ့ အခန်းဝင်ပေါက်ကို နောက်ခံထားပြီး မိခင်ဓာတ်ပုံရှေ့မှာ အရိုအသေပေးနေတဲ့ ကျော်ဟိန်းရဲ့ နောက်ကျောကို ကင်မရာလုံးဝမရွှေ့ဘဲ တစ်ကဒ်တည်း ရိုက်တယ်။ ကင်မရာ မလှုပ်အောင် ကြိုးတွေနဲ့ ချည်ထားတယ်။

ပေ (၄၀၀)ရှိတဲ့ အဖြူအမည်း နဂ္ဂတစ်ဖလင် တစ်ဘူးလုံးကို ကုန်အောင် ရိုက်ပစ်လိုက်တယ်။

**အဓိပ္ပါယ်ကတော့ မိခင်ဖြစ်သူကို ၄ မိနစ်ခွဲ ငြိမ်သက်စွာ အရိုအသေ ပေးနေတဲ့ သဘောကို တင်ပြချင်လို့ပဲ။**

နောက်တစ်ခုက ချစ်သူနှစ်ယောက် တယ်လီဖုန်းဆက်ပြီး ရည်းစားစကား အပြန်အလှန် ပြောတဲ့အခန်းမှာ

ပြောတဲ့လူကို ရိုက်မပြဘဲ၊ နားထောင်တဲ့လူအဖြစ် စကားမပြောတတ်တဲ့ ဥမ္မာသော်ကရဲ့ မျက်နှာအမူအရာကို ရိုက်ပြတယ်။

မဂ္ဂဇင်းတွေမှာပါတဲ့ ကြော်ငြာဒီဇိုင်းတွေကို

ဗဂျီအောင်စိုး က ရေးတယ်။

**ဆရာ ဗဂျီအောင်စိုး ရေးခဲ့တဲ့ ပန်းချီဒီဇိုင်း Original တွေ Perfect မဂ္ဂဇင်းက ကိုနိုင်ကြီး၊ မသက်တို့ လင်မယားကို ပေးလိုက်တယ်။ *"ဦးကျော် သိမ်းသလို လေးလေးစားစား သိမ်းထားပါမယ်"*ဆိုလို့။**





ရုံဆင်ပိုစတာ ဒီဇိုင်းတွေကို
ဗဂျီအောင်စိုး ရေးပေးတယ်။



# ဗဂျီအောင်စိုးရေးတဲ့ မဂ္ဂဇင်း ဒီဇိုင်းနဲ့ ဝေါရှိဒီဇိုင်းများ






နေမင်းထိပ်ခေါင် ရေးဆွဲတဲ့ ရှေ့ဆောင်နဲ့ စံပြ ရုံဆင်ပိုစတာ


**'ကျွန်တော့ကိုယ်စားပြောပေးပါ'** ဇာတ်ကား ရုံတင်တော့ ရုံထဲမှာ ပွဲကြည့်ပရိသတ် (၁၆)ယောက်ပဲ ရှိတယ်။


'စိန်သို့မဟုတ်စိမ်' တုန်းက ကြုံဖူးတဲ့ ရှေ့ဆောင်ရုံ မန်နေဂျာ ဦးကျော်ဇောနဲ့ ဦးကျော်နဲ့ တွေ့ပြန်တယ်။

မန်နေဂျာ – *မောင်ကျော်ရေ မင်းကားကိုလာကြည့်တဲ့ ပရိသတ်က(၁၆)ယောက်ပဲရှိတယ်။ ပွဲပြချိန်ဇယားအရ ပြရမယ့် အချိန်ထက် မိနစ်(၄၀)ကျော်နေပြီ။ ဆက်စောင့်ဦးမလား။ ဒီအတိုင်းပဲ ပြတော့မလား။ နောက်ပြရမယ့် ပွဲချိန်နဲ့ အရမ်းကပ်သွားလိမ့်မယ်။ မောင်ကျော် ဘယ်လိုလုပ်ချင်လဲ။*


ကျော် – *ကျွန်တော်ပါဆိုရင် (၁၇)ယောက်ဖြစ်သွားပြီပဲ ဦးလေးရာ ပြတော့ပေါ့။*


ဦးကျော်ဇော ဘာမှဆက်မပြောတော့ဘဲ ခေါင်းရမ်းပြီး ထွက်သွားတယ်။ အဲဒီကား ရုံဆင်းတော့ ရုံခတွေ စိုက်ရတယ်။ ဦးကျော် ရှုံးတယ်။ ဒါပေမယ့် ဦးကျော် ကျေနပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုံမတင်ခင် အထူးပွဲအနေနဲ့ စာရေးဆရာကြီးတွေကို ဖိတ်ပြတယ်။ ဦးကျော် ရိုက်ပြတဲ့ ကားအပေါ်မှာ သူတို့ခံစားရတဲ့ အကြောင်းတွေကို ရေးပေးတဲ့ စာရွက်ကလေးတွေရလို့ပဲ။






မောင်ကျော်ဟိန်း၏ "ကျွန်တော့ကိုယ်စား ပြောပေးပါ"
















ဦးသုခ
စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ
ဖုန်း - ၆၀၇၃၀

အမှတ် - ၃၁၊ [illegible]

နေ့စွဲ ၃-၁၂-၇၆။


မောင်ကျော်ဟိန်း ။

မင်းရဲ့ `ကျွန်တော့်ကိုယ်စား ပြောပေးပါ` ဟာ ရဲလွန်းတယ်။ အထူးခြားချင်တာ တွေ များလွန်းတယ်။


ပရိသတ်ကို အလိုမလိုက်လျှင် ဘယ်ဒါကရဲ့ တော့ နားမလည်မှာ စိုးပုတယ်။ ခေတ်ရွှေ့ကို ပြေးချင်လွန်းနေသလား ။


ဆရာ့ မတ လေး လွှတ်ရှုံးမှုနှင့် ဆိုင်ပုံရှ ဒေါင့်က လေး တွေ ကို တော့ ငါချစ်တယ်။ ထပ်ပြီး ကြိုးစားပါဦး ။ ကြိုဆို နေပါမယ်။ ဒါပဲ။

သုခအား ခံ ပရိတရန်။
















ရုံတင်တော့ ပြတဲ့ရုံမှာ ချိတ်တဲ့ ဒီဇိုင်း

## ၁၉၇၆ ခုနှစ်တုန်းက ဦးကျော်ရေးတဲ့ သီချင်း



" ကျနော့်ကိုယ်စား ပြောပေးပါ " ရုပ်ရှင်ဇာတ်ကားမှ သီချင်းများ

ရေး × ကျော်ဟိန်း

" ဤသီချင်းသည် ဇာတ်လမ်းအတွင်းမှ ရုပ်ရှင်ရိုက်နေစဉ်-သီဆိုခြင်းဖြစ်သည် "

အရှုံးသမား မောင်တယောက်ထဲ

ရေး × ကျော်ဟိန်း

" ဤသီချင်းသည် ဇာတ်လမ်းအတွင်းမှ သီဆိုခြင်း ဖြစ်ပါသည်။ "



**(၈၁) ရဲစိတ်ရဲမာန်သူ့ကျွန်မခံ**

ဦးကိုကိုကြီးရဲ့ အပေါင်းလက္ခဏာ ရုပ်ရှင်ကုမ္ပဏီကထုတ်လုပ်တယ်။ မောင်စင်ကြယ်ရဲ့ ဝတ္ထု၊ ဇာတ်ညွှန်းကို ရိုက်တဲ့ ဒါရိုက်တာက အေဝမ်းမောင်လှမျိုး။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ လင်းထင်၊ ဆွေဇင်ထိုက်၊ မြင့်နိုင်။

ဒီဇာတ်ကားက အေဝမ်းဦးလှမျိုးနဲ့ ပထမဆုံး ရိုက်တဲ့ဇာတ်ကားပဲ။ အဲဒီကား သွားရိုက်တုန်းက အတွေ့အကြုံအသစ်တစ်ခုရခဲ့တယ်။ ဘာလဲဆိုတော့ ပုပ္ပါးက ကွမ်းခြံတစ်ခြံမှာ တွေ့ခဲ့တဲ့ အတွေ့အကြုံတစ်ခုပဲ။

ကွမ်းခြံထဲမှာ ကွမ်းသီးပင်တွေ (၁၀၀)ကျော်လောက်ရှိတယ်။ ကွမ်းသီး ခူးတဲ့လူက ကွမ်းသီးပင် တစ်ပင်ပဲ တက်တယ်။ အဲဒီအပင်က ကွမ်းသီးတွေ ခူးပြီးတော့ အောက်ပြန်မဆင်းဘဲ နောက်အပင်က ကွမ်းလက်ဆီ ကူးသွားတယ်။ ရှိသမျှ အပင်တွေရဲ့ ကွမ်းသီးတွေကို အဲဒီနည်းနဲ့ ခူးတယ်။ ကွမ်းသီးတွေ ခူးလို့ကုန်မှ နောက်ဆုံးအပင်ပေါ်ကနေ အောက်ထိုးကြီး ပြန်ဆင်းလာတယ်။ အဲဒီလှုပ်ရှားမှုကို ဦးကျော်ရော၊ ဒါရိုက်တာရော၊ လင်းထင်ရော ကြိုက်ပြီး 'ကျွန်တော်တို့လည်း အောက်ထိုး ဆင်းမယ်။ ရိုက်ပေး' ဆိုပြီး တောင်းဆိုကြတယ်။ ဦးလှမျိုးကလည်း ရိုက်ပေးတယ်။

**(၈၂) သူ့ဘဝလှစေချင်** (ဒါရိုက်တာ လှအောင်)

**(၈၃) ကျေးဇူးတင်ပါတယ်ရှင်** (ဒါရိုက်တာ မျိုးညွန့်သွင်)

**(၈၄) ချစ်ချစ်ချော** (ဒါရိုက်တာ ဦးဝင်းမောင်)

**(၈၅) မငိုတတ်သောမိန်းကလေး** (ဒါရိုက်တာ မောင်တင်ဦး)

**(၈၆) ငယ်သူတို့ဇာတ်ကြောင်း** (ဒါရိုက်တာ ခက်ပန်)

အဲဒီ ဇာတ်ကား (၅)ကားက ရုံတင်တော့ မအောင်မြင်ဘူး။ ပိုက်ဆံမရဘူး။ နာမည်လည်း မရဘူး။ ဘာမှမရဘူး။

**(၈၇) ထိပ်ဆုံးကကျွန်တော်**

ဒါရိုက်တာ ကိုကိုနိုင်။ ဇာတ်ကားနာမည် ကြိုက်လို့လက်ခံပြီး ရိုက်ပေးလိုက်တယ်။ ဒါရိုက်တာကလည်း အသစ်ဆိုတော့ ဘာများရမလဲပေါ့။ ဒါပေမယ့် ရိုက်ပြီးလို့ အဲဒီကားရုံတင်တော့မှပဲ ဘာမှမဟုတ်မှန်း သိလိုက်တယ်။



**(၈၈) ဒို့လူလေးများဆိုသလေ**

စက်အဖွဲ့ပေါင်းစုံက ကင်မရာမင်း (၁၅)ယောက် စုပေါင်း ရိုက်ကူး၊ ထုတ်လုပ်ကြတယ်။ ဦးကျော်က သရုပ်ဆောင်ကြေး မယူဘဲ အခမဲ့ သရုပ်ဆောင်ပေးတယ်။ အဲဒီအဖွဲ့ရဲ့ ခေါင်းဆောင်က ကင်မရာမင်း ကိုအောင်မြင့်ထိပ်။ သူကဒါရိုက်တာလုပ်ပြီး ရိုက်တာ။ အဲဒီ ကိုအောင်မြင့်ထိပ် ဆိုတာက အခု ကင်မရာမင်း zoom စံသိန်းတို့၊ ဒါရိုက်တာ မိုးအောင်တို့ရဲ့ အဖေပဲ။

**(၈၉) မျှော်လေတိုင်းမှိုင်းရီ**

ကောလိပ်ဂျင်နေဝင်း ကွယ်လွန်ပြီးတဲ့နောက် သူ့ရဲ့ဇနီး မမာလာအတွက် သရုပ်ဆောင်ကြေး မယူဘဲ အခမဲ့သရုပ်ဆောင်ပေးတယ်။ ကျော်ဟိန်း(နှစ်ကိုယ်ခွဲ)၊ ထုံးစံအတိုင်း တစ်ယောက်က လူကောင်း၊ တစ်ယောက်က လူဆိုး။ မင်းသမီးက လွဲ့လွဲ့ဝင်းလှိုင်။ 'ဘယ်တော့မှမမေ့ဘူး' ဆိုတဲ့သီချင်းက အဲဒီကားရဲ့ ဇာတ်သိမ်းသီချင်း။







# (၉၀) ခုနစ်လွှာမျက်နှာ

ဒါရိုက်တာက မျိုးညွန့်သွင်၊ ဦးကျော်က ခုနစ်ကိုယ်ခွဲပြီး သရုပ်ဆောင်ရတယ်။



### (၉၁) အကာကအချစ် အနှစ်ကမေတ္တာ

> စံပြရုပ်ရှင်ကုမ္ပဏီမှ ထုတ်လုပ်၊ ရိုက်ကူးတယ်။
> စာရေးဆရာကြီး ပီမိုးနင်း၏ဝတ္ထု 'တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ်'။
> ဒါရိုက်တာ သုခ။
> ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊ ဒေါ်စိန်ခင်တို့ ပါဝင်သရုပ်ဆောင်တယ်။

ဆရာဦးသုခ – *မိန်းမကလည်း ကိုယ်ဝန်ရှိနေ။ သူဌေးသမီးကလည်း ဖြစ်ပြန်။ အနေအထိုင်၊ အစားအသောက် ဆင်းရဲနေတာကို မကြည့်ရက်တော့ အပိုင်ငွေရှာတဲ့အနေနဲ့ ရေနံချေးသုတ်တဲ့ အခန်းကို ရိုက်မယ်။*

ကျော် – *ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဘာလုပ်ရမလဲ။*

ဆရာဦးသုခ – *မင်းရဲ့ ပန်းချီဆရာ ဘဝကိုဖျောက်ပြီး ရေနံချေးသုတ်ရမယ်။ မင်း ခါးတောင်းကျိုက်။*

ကျော် – *ဘယ်လိုမျိုး ကျိုက်ရမှာလဲ။*

ဆရာဦးသုခ – *မင်းဘယ်လိုမျိုး ကျိုက်ပေးမှာလဲ။*

ကျော် – *ရေနံချေးသုတ်တဲ့ လူတွေကို ကျွန်တော်မြင်ဖူးတာကတော့ ဖင်နှစ်လုံးကြားထဲမှာ ပုဆိုးစကို လိပ်ပြီး ညှပ်ထည့်ထားတာပဲ။*

ဆရာဦးသုခ – *မင်းပြောသလိုမျိုး လုပ်ရဲလို့လား။*

ဆရာဦးသုခရှေ့မှာပဲ ခါးတောင်းကျိုက်ပြလိုက်တယ်။ ပေါ်နေတဲ့ဖင်နှစ်လုံးကို ရေနံချေးနည်းနည်း သုတ်လိုက်တယ်။ ဦးကျော်ရဲ့ လှုပ်ရှားမှုတွေကို ဆရာက ကြည့်နေတယ်။ ရိုက်တဲ့အခါကျတော့လည်း ဦးကျော်ဖော်ထားတဲ့ ဦးကျော်ရဲ့ ဖင်တုံးကို ပေါ်အောင် ရိုက်ပေးတယ်။

ထူးထူးခြားခြား လုပ်ရတာဆိုလို့ ပုဆိုး ခါးတောင်းကျိုက်ပြီး ရေနံချေးသုတ်ရတဲ့ အခန်းပဲပါတယ်။

အဲဒီဇာတ်ကားရဲ့ အဓိကသရုပ်ဆောင်က ကောလိပ်ဂျင်နေဝင်း။ သာမန်ပန်းချီဆရာလေး နောက်ကို ခိုးရာ လိုက်ပြေးတဲ့ သမီးကို အဆက်အသွယ် ဖြတ်လိုက်တဲ့ သူဌေးကြီး တစ်ယောက်အကြောင်း။ သမီးလုပ်သူကလည်း အဖေ မခေါ်ရင်နေ၊ ချစ်သူနဲ့သာ အတူနေရမယ်ဆိုရင် ထမင်းရည်ပဲ သောက်ရ သောက်ရ၊ တဲအိုပျက်မှာပဲ နေရ နေရ၊ နေမယ်ဆိုတဲ့ အချစ်သမားလေး။ သမီးက ကလေးမွေးပြီး၊ မြေးဦးရပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာ စည်းကမ်းကြီးတဲ့ အဘိုးဖြစ်သူ သူဌေးကြီးက မြေးဦးကြောင့် ရှုံးခဲ့ရတဲ့ ဇာတ်လမ်း။

သမီးရယ်၊ မြေးရယ်၊ အဘိုးရယ်၊ သုံးယောက်ကြားထဲမှာ ဦးကျော်က ပါတယ်ဆိုတဲ့ လူတစ်ယောက် အနေနဲ့ ရိုက်ရတာ။ ဦးကျော် မဟုတ်လည်း ဘယ်သူနဲ့ဖြစ်ဖြစ် ရိုက်လို့ရတဲ့ ဇာတ်လမ်းမျိုး။

ဒါပေမယ့် ဦးကျော်ဘဝမှာ အမျိုးသားသရုပ်ဆောင်ဆုဆိုပြီး အဲဒီဇာတ်ကားမှာ ပထမဆုံး အကယ်ဒမီရတယ်။

**'အကာကအချစ်အနှစ်ကမေတ္တာ'** ဇာတ်ကား အကယ်ဒမီရပြီးတဲ့ နောက်ပိုင်း ဦးကျော်ကို တွေ့တဲ့လူတိုင်းက မေးတယ်။ ဘာလို့ရတာလဲတဲ့။ ဦးကျော်လည်း မသိဘူးလို့ဖြေခဲ့တာ ဒီနေ့အထိပဲ။ ပထမဆုံးရတဲ့ အကယ်ဒမီအတွက် ဦးကျော် မပျော်မိခဲ့ဘူး။ အဲဒါကြောင့်လည်း ဆုရခြင်းအထိမ်းအမှတ် ဧည့်ခံပွဲတွေ တစ်ခါမှ မလုပ်ဖြစ်ခဲ့ဘူး။

ဦးကျော်ရုပ်ရှင်ရိုက်တဲ့ သက်တမ်းတစ်လျှောက်မှာ အကယ်ဒမီ အလိုချင်ဆုံးနှစ်က

**အနန္တချစ်သူရယ်၊ လူဇော်ရယ်၊ ပန်းစကားရယ်၊ တစ်ခါကတစ်ဘဝရယ်။** (၄)ကားရုံတင်တဲ့နှစ်။

ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို

TRACK - 8 တွင်ကြည့်ပါ။



## (၉၂) ကွက်လပ်ကလေးဖြည့်ပေးပါ

ဦးကျော်ရဲ့ ကိုယ်ပိုင်ထုတ်လုပ်တဲ့ ဇာတ်ကား။ ဇာတ်လမ်းထဲက အဓိကဇာတ်ကောင်တွေက မောင်နှမ(၄)ယောက်။ အဲဒီနေရာမှာ အမျိုးသမီး သရုပ်ဆောင်အသစ် အလိုရှိသည်လို့ လျှောက်လွှာခေါ်ပြီး နီလာစိုးမြင့်ကို ရွေးတယ်။ သူ့ကို အစ်မအကြီးဆုံးနေရာမှာ ထားတယ်။ အဲဒီတုန်းက မောင်ထင်လင်း (ဒွေး)က (၆)တန်းကျောင်းသားလေး၊ ပြီးတော့ သူ့ညီမ ခင်ခင်သိုက်နဲ့၊ သူ့ညီ ဖိုးရန်အောင်တို့ မောင်နှမ (၃) ယောက်ကို သရုပ်ဆောင်ပေးဖို့ အကူအညီ တောင်းရတယ်။

ဒါရိုက်တာက ဦးကျော်ရဲ့ အစ်ကို။



**(၉၃) စံအိမ်ကိုစိန်နဲ့မွန်းပါ့မယ်**

မောင်မောင်စိန်ငွေးရဲ့ ဝတ္ထုကို ချစ်သန်းမြင့်က ဇာတ်ညွှန်းရေးတယ်။ မျိုးမြင့်အောင်က ဒါရိုက်တာ။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ချိုပြုံး၊ မြင့်နိုင်၊ အုံ့ကျော်၊ စံရှားတင်၊ ကေသွယ်မိုး။









(၉၄)စိန်စီသောမေတ္တာ

**(၉၅) သွားတော့လေနေပါဦး** (ဒါရိုက်တာက မင်းနိုင်၊ မြကြေးမုံက မင်းသမီး။)



**(၉၆) စကားပြောသောသွေး**
**(၉၇) တိုက်စစ်မှူးဇော်ဇော်**
**(၉၈) ချစ်ကြိုးတွေသွယ်ကာရစ်ကာ**
ဒါရိုက်တာ ကြီးမြင့်။
သရုပ်ဆောင်တွေက ကျော်ဟိန်းနဲ့ ချိုပြုံး




**(၉၉) ကိုယ့်သွေးသူ့သား**

ဒါရိုက်တာက ဇော်ထက်၊
မင်းသမီးက ခင်သန်းနု။

# (၁၀၀) မွန်းတည့်ချိန်တွင်နေဝင်သည်

ဇမ္ဗူထွန်းရုပ်ရှင်နဲ့ ပူးပေါင်းပြီး (၄)ကားမြောက် ဒါရိုက်တာအဖြစ် ရိုက်ကူး၊ ထုတ်လုပ်တယ်။ ဖလင်အယ်ဒီတာ အဖြစ်နဲ့ ပထမဆုံးအကြိမ် ကိုယ်ရိုက်တဲ့ဇာတ်ကားကို ကိုယ့်ဟာကိုယ် ဖလင်တည်းဖြတ်တယ်။

ဒုတိယအကြိမ် အကယ်ဒမီရတယ်။

ရုပ်ရှင်သမိုင်းမှာ ကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး အဓိကအမျိုးသား သရုပ်ဆောင်ဆုကိုရတာ အဲဒီတုန်းက အောင်မင်း ဦးတင်မောင်က ပထမ၊ ဦးဝင်းဦးက ဒုတိယ၊ ကျော်ဟိန်းက တတိယ။ ဒီဇာတ်ကားမှာ ချိုပြုံးလည်း အဓိက အမျိုးသမီး သရုပ်ဆောင်ဆုကိုရတယ်။






## ပန်းချီ ဝသုန်ရေးတဲ့ ခဲခြစ်ပန်းချီ၊ မဂ္ဂဇင်း ဒီဇိုင်းများ




ဆိုက်ကားနင်းတဲ့ ပညာကို မန္တလေးက ဆိုက်ကားဆရာဆီမှာ (၃)ရက်ဆက်တိုက် ကျွမ်းကျွမ်းကျင်ကျင် နင်းတတ်အောင် သင်တယ်။ ပြည့်တန်ဆာတွေရဲ့ လူခေါ်တဲ့အသံပညာကို တကယ့်အစစ်တွေနဲ့ ချိုပြုံးနဲ့တွေ့ပေးပြီး ပညာယူစေတယ်။

'မွန်းတည့်ချိန်တွင်နေဝင်သည်' ဇာတ်ကားကို ကိုယ်တိုင်ထုတ်လုပ်တာဆိုတော့ ငွေပေး၊ ငွေယူ စာရင်းတွေ လုပ်ရတယ်။ ၁၉၇၇ ခုနှစ်က တေးရေး ကိုလေးလွင်နဲ့ တေးဆို ဒေါ်တင်တင်မြတို့ရဲ့ ငွေဖြတ်ပိုင်းလေးတွေကို လေ့လာလို့ရအောင် တင်ပြလိုက်ပါတယ်။

ဒီကားမှာ ဖလင်အယ်ဒီတာ တစ်ယောက်ရဲ့ တာဝန်အရ တည်းဖြတ်ထားတဲ့ ကားပိုင်းတစ်ပိုင်းချင်းရဲ့ ပါဝင်တဲ့ အခန်းတွေကို အတိအကျ မှတ်ထားရပါတယ်။







ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို TRACK - 9 တွင်ကြည့်ပါ။



(၁၀၁) သာလောင်ပြာလောင်
★ (၁၀၂) လွမ်းငွေ့ဝေဝေ
★ (၁၀၃) ပန်းကမ္ဘာလေးထဲမှာစောင့်နေမယ်
(၁၀၄) အချစ်မရှိတဲ့အသည်း
(၁၀၅) ပဝါနီနီ
★ (၁၀၆) တကယ်ချစ်တာကျွန်တော်ပါ
(၁၀၇) မောင့်လပြည့်ဝန်း
★ (၁၀၈) နေကျောက်ခဲ
(၁၀၉) ဒို့ရဲ့သံလွင်
(၁၁၀) မိုးကြိုသည့်ပန်း
★ (၁၁၁) ချစ်ပန်းနေကြာ
(၁၁၂) လူစိမ်းတစ်ယောက်
(၁၁၃) နှုတ်မဆက်နဲ့အချစ်ရယ်
(၁၁၄) စိန်သွားအလားနှလုံးသား
★ (၁၁၅) အချစ်သူငွေ့လေးဖြစ်ချင်တယ်
(၁၁၆) သေနတ်တစ်ကမ်းလက်တစ်လှမ်း
(၁၁၇) ချစ်ခွင့်ပေးပါချစ်သူရယ်
(၁၁၈) အပြစ်ရှိရင်ခွင့်လွှတ်ပါ
(၁၁၉) အတက်ကားကိုဦးစားပေးပါ
★ (၁၂၀) တေဇာ
(၁၂၁) ပျဉ်းမငုတ်တို
★ (၁၂၂) အပြန်လမ်း
★ (၁၂၃) နှစ်ဆယ်ရာစုသုဘဒ္ဒါ
(၁၂၄) ငယ်ပေါင်း
(၁၂၅) ခွင့်လွှတ်လိုက်ပြီကေသီနိုင်
(၁၂၆) မုဆိုးလည်းကျွန်တော် သားကောင်လည်းကျွန်တော်
(၁၂၇) ဆန္ဒရဲ့မျှော်လင့်ချက်
(၁၂၈) အချစ်သစ်ပင်
(၁၂၉) စေ့စပ်လက်ထပ်ကွာရှင်းပြီးစီးခြင်း
(၁၃၀) ချစ်သူချင်းပျော်ကြပါစေ

နံပါတ်(၁၀၁)ကနေ(၁၃၀)အထိ ဇာတ်ကားပေါင်း(၃၀)ရိုက်တဲ့အထဲမှာ ★ အမှတ်အသားပြထားတဲ့ (၉)ကား၊ ငွေကြေးအရအောင်မြင်တယ်။ ဒါပေမယ့် ကျော်ဟိန်းကို တစ်ဆစ်ချိုးအပြောင်းအလဲဖြစ်စေတဲ့ ဇာတ်ကားမျိုးတွေ မပါဘူး။ အဲတော့ စနစ်တကျ အစီအစဉ်နဲ့ တွက်ချက်မယ်ဆိုရင် ကျော်ဟိန်း ရှုံးတယ်။

အဝတ်အစားတွေ၊ အမူအရာတွေ၊ ပြောင်းပြီးရိုက်တယ်လို့ ကိုယ့်ကိုယ်ကို ထင်ထားပေမယ့် အသိဉာဏ် မပြောင်းလို့ ထူးခြားမှုမရှိတာဘဲဖြစ်မယ်။



# (၁၃၁) မောင့်ချစ်သူနွယ်နွယ်ထွန်း

တော်ဝင်ထွန်းရုပ်ရှင်က ထုတ်လုပ်တယ်။ ဒါရိုက်တာက ထွန်းမြင့်ထွန်း။ ပါဝင်သူတွေက ကျော်ဟိန်း၊ ခင်သီတာထွန်း၊ မြင့်နိုင်။ 'အချစ်စုဖူးလေး' ဆိုတဲ့ဇာတ်ဝင်သီချင်းကို ကျော်ဟိန်းနဲ့ ခင်သီတာထွန်း တေးသရုပ်ဖော်တဲ့အခန်း အရမ်းနာမည်ကြီးသွားတယ်။

TRACK - 10

တွင်ကြည့်ပါ။




(၁၃၂) အချစ်ကိုယ်ရံတော်
(၁၃၃) မျက်နှာမများတတ်သူပါ
(၁၃၄) ချစ်တဲ့ရက်ကိုကြိုနေမယ်
(၁၃၅) ချစ်သူငယ်ချင်း
(၁၃၆) ချစ်ပါရဲ့လားမေးစမ်းချင်
(၁၃၇) ချစ်တာအပြစ်လား
(၁၃၈) ပြန်လည်ဆုံးစည်းကြမယ်အချစ်ရယ်
(၁၃၉) ချစ်တဲ့အကြောင်းပြောပေးပါ
(၁၄၀) ချစ်ရတစ်ရက်လွမ်းရက်တစ်ရာ
(၁၄၁) လူသွားလမ်းကလေး

အချစ်ကားတွေချည်းပဲ (၁၀)ကားဆက်တိုက် ရိုက်လိုက်တာ လူလည်း ပျော့တိပျော့ဖတ်ဖြစ်သွားတယ်။

ဒါပေမယ့် အမြတ်ထွက်တာက လူသွားလမ်းကလေး ရိုက်နေတဲ့အချိန်မှာ မူးယစ်ဆေးဝါး အကုန်လုံးကို တိတိကျကျ ဖြတ်ပစ်လို့ရသွားတယ်။

# (၁၄၂) မောင့်အချစ်သီရိ



ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို

TRACK - 11

တွင်ကြည့်ပါ။

ဒါရိုက်တာက မျိုးညွန့်သွင်။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း (နှစ်ကိုယ်ခွဲ)၊ ချိုပြုံး နဲ့ အင်္ဂလန်စိန်။

အဲဒီကား အရမ်းအောင်မြင်သွားတယ်။

# (၁၄၃) ရာဇာ

ဒါရိုက်တာက ဦးတင်ယု။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်းနဲ့ ဆွေဇင်ထိုက်။

စိတ္တဇပန်းချီကားတွေရေးတဲ့ ပန်းချီဆရာအဖြစ်သရုပ်ဆောင်တယ်။









# (၁၄၄) ဂျက်မ




ကျော်စိုးရုပ်ရှင်၊

ဝတ္ထု ဆွေလှိုင်ဦး၊

ဇာတ်ညွှန်း တက္ကသိုလ်မောင်လှသူ၊

ဒါရိုက်တာ သီဟကျော်စိုး။

သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်သန်းနု၊ မေဝင်းမောင်။

အဲဒီကား ရုံတင်တဲ့နေ့ ရုံရှေ့ကို ရောက်သွားတယ်။

တစ်ခါမှ မမြင်ဘူးတဲ့မြင်ကွင်းကို မြင်လိုက်ရတာ တစ်သက်စာ မေ့လို့မရတော့ဘူး။

လက်မှတ်တိုးတဲ့လူအချင်းချင်း နေရာလုရင်း ရန်ဖြစ်တယ်။ ခါးပတ်ခေါင်းနဲ့ ရိုက်မိလို့ ချာတိတ်တစ်ယောက်ရဲ့ခေါင်းမှာ သွေးတွေ ဖြာထွက်သွားတယ်။

သွေးတွေထွက်ကျလာတာကို ဂရုမစိုက်နိုင်ဘဲ လက်မှတ်ကိုရအောင်တိုးနေတဲ့မြင်ကွင်း။

ကျော်ဟိန်းကို အဲဒီလောက်ထိ အားပေးကြလားလို့ စိတ်ထဲမှာ ထိသွားတယ်။

အဲဒီကားလည်း အရမ်းကို အောင်မြင်သွားတယ်။





## (၁၄၅) ရင်ထဲမှာရှာသောမိုး

သုခမရုပ်ရှင်၊

ဒါရိုက်တာ မောင်မောင်မြင့်၊

ပါဝင်တဲ့သရုပ်ဆောင်တွေက မြတ်လေး၊ ကျော်ဟိန်း၊ စံရှားတင်၊ နွဲ့နွဲ့မူ။

ဇာတ်လမ်းက သင်္ချိုင်းထဲမှာ မွေးကာစလေး အပစ်ခံရပြီးသင်္ချိုင်းထဲမှာကြီးလာခဲ့ရတဲ့ လူငယ်တစ်ယောက်အကြောင်း။





## (၁၄၆) စိန်ခေါ်ရင်တိမ်ပေါ်ထိလိုက်မယ်

မဥ္ဇူရုပ်ရှင်၊

ဒါရိုက်တာကိုကိုကျော်အတွက် အခမဲ့ သရုပ်ဆောင်ပေးတယ်။

အရမ်းကို ပေါက်မြောက်သွားတဲ့ **'စင်ပေါ်ကသီချင်းများ' သီချင်းခွေ** ထဲက သီချင်းတွေဟာ ဒီဇာတ်ကားထဲက ဇာတ်ဝင်သီချင်းတွေပါတယ်။



## (၁၄၇) ကျွန်တော်ကခန့်ချော





ဇမ္ဗူထွန်းရုပ်ရှင်၊

ဒါရိုက်တာ မြတ်ထွန်းနိုင်၊

ကျော်ဟိန်း၊ ဆွေဇင်ထိုက်၊

ဧရာဝတီမြစ်ထဲမှာ သဘော်ကိုမီအောင် လှေကိုအသားကုန်လှော်ပြီး မုန့်ဟင်းခါးလိုက်ရောင်းတဲ့ ဈေးသည်တွေရဲ့သက်စွန့်ဆံဖျား ဈေးရောင်းမှုကတော့ ကြောက်ခမန်းလိလိပဲ။ အဲဒီမြင်ကွင်းကို အဲဒီကားရိုက်ရင်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာ အမြတ်ပဲ။

## (၁၄၈) စိမ်းလို့သာခေါ်လိုက်ပါ (ဒါရိုက်တာ မောင်နန္ဒ။)

## (၁၄၉) မေမြတ်နှယ်


# (၁၅၀) လူထဲကလူ

ဒါရိုက်တာ နီဝင်းထွန်း။

ကျော်ဟိန်း (နှစ်ကိုယ်ခွဲ)၊ ထုံးစံအတိုင်း တစ်ယောက်က လူဆိုး၊ တစ်ယောက်က ရဲအရာရှိ။

နှစ်ကိုယ်ခွဲရိုက်တဲ့ကားတိုင်း လူဆိုးနဲ့ လူကောင်းချည်းပဲဆိုတော့ စိတ်တိုပြီး လူဆိုးပုံစံကို အဲ့လို လုပ်ပစ်လိုက်တယ်။

ဟုတ်ဟုတ်၊ မဟုတ်ဟုတ် နည်းနည်းတော့ ပုံစံပြောင်းသွားတယ်။ အဲဒီကားရိုက်တုန်းက ဒါရိုက်တာကို ပြောဖူးတဲ့ စကားလေး ပြန်ပြောပြမယ်။ အမွှာညီအစ်ကိုတွေမှာ နှစ်ယောက်စလုံးကောင်းတာ၊ ဒါမှမဟုတ် နှစ်ယောက်စလုံး ဆိုးတာ မရှိဘူးလားလို့။ အဲ့လိုစရိုက်တူတဲ့ အမွှာညီအစ်ကို ဇာတ်လမ်းမျိုး ရိုက်ကြည့်ချင်လို့ပါ။ ဒါပေမယ့် တစ်ခါမှ မရိုက်ခဲ့ရဘူး။





# (၁၅၁) ထို့ကြောင့်ဤအရာကိုအချစ်ဟုခေါ်သည်

ဒါရိုက်တာက ဦးကြီးမြင့်။ ပြင်ဦးလွင်မှာ သွားရိုက်တာ။ ဒီဇင်ဘာလဆိုတော့ ဆောင်းတွင်းကာလကြီး။ ရိုက်ပြီး ပြန်လာတော့ အဖေဆုံးတယ်။ တစ်ချိန်တည်းမှာ မျက်နှာတစ်ခြမ်း လေဖြတ်သွားတယ်။

အပ်စိုက်တဲ့ပညာနဲ့ ကုတာ။ တစ်ပတ်ပဲကြာတယ်။ ပြန်ကောင်းသွားတယ်။ ပြန်ကောင်းကောင်းခြင်း ပထမဆုံး ပြန်ရိုက်တဲ့ကားက

# (၁၅၂) အရိုက် ပဲ။

**မူးယစ်ဆေးဝါး**

**နှိမ်နင်းရေးဇာတ်လမ်း**



## (၁၅၃) အချစ်လူဆိုးလေး






ဒီကားလည်း ထုံးစံအတိုင်း နှစ်ကိုယ်ခွဲ၊ တစ်ယောက်က ဆိုးတယ်၊ တစ်ယောက်က ကောင်းတယ်။ ဒါပေမယ့် လူထဲကလူ နှစ်ကိုယ်ခွဲနဲ့ မတူအောင် ခွဲပစ်လိုက်တယ်။ ဒီကားအရမ်းအောင်မြင်တယ်။

(၁၅၄) တို့ရဲ့ကမ္ဘာလေးတည်ဆောက်မယ်

(၁၅၅) နိုင်တို့ညီအစ်မ

(၁၅၆) ပန်းမမလှကေရီ

(၁၅၇) အတာ

(၁၅၈) ချစ်လွန်းတင်

(၁၅၉) ပဲခူးဆား

(၁၆၀) နံ့သာလူးချိန်ပန်းဖူးချိန်

(၁၆၁) တစ်မိပေါက်တစ်ယောက်ထွန်း

အဲဒီ(၈)ကားကို ရိုက်လိုက်တာ ပိုက်ဆံရတာကလွဲလို့ ဘဝကို အပြောင်းအလဲဖြစ်စေတဲ့ ထူးခြားမှုမျိုး တစ်ခုမှမရဘူး။





# (၁၆၂) ကျွန်တော်မောင်လူထူး



မစန္ဒာရဲ့ဝတ္ထု၊

ဒါရိုက်တာက မျိုးမြင့်အောင်၊

စိတ်ဝေဒနာသည် မောင်လူထူးအဖြစ်

ကျော်ဟိန်း သရုပ်ဆောင်တယ်။







## (၁၆၃) မီလာရှီကာစိုင်းဇေဒါ

# (၁၆၄) ဘုံ ပြတ် ဘ မောင်







လွှတ်လပ်ရေးရုပ်ရှင်က ထုတ်လုပ်တယ်။

ဇာတ်လမ်းက မင်းသိခ်။

ဒါရိုက်တာ မြတ်တင်အေး။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ကောလိပ်ဂျင်နေဝင်း၊ ခင်သီတာထွန်း။

ဆရာမင်းသိခ်ရေးတဲ့ ဇာတ်လမ်းတွေက တစ်မျိုးပဲ။

### ပုဏ္ဏားဘကွန်းတို့၊ မြိုင်ရာဇာတာတေတို့၊ ဆားပုလင်းနှင်းမောင်တို့။

ဘုံပြတ်ဘမောင်ဆိုတာ ဘယ်လိုလူမျိုးလဲသိချင်လို့ ဆရာမင်းသိခ်နဲ့ ဆွေးနွေးပြီးမှ အဲဒီကားကိုရိုက်တယ်။






ဘုံပြတ်ဘမောင်ကို ဖန်တီးသူများ (သို့မဟုတ်) စာရေးဆရာ မင်းသိခ် အကယ်ဒမီကျော်ဟိန်းနှင့် ဒါရိုက်တာ မြတ်တင်အေး

ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို TRACK - 12 တွင်ကြည့်ပါ။

# (၁၆၅)
# စိမ်းနဲ့တေဇာ



ဒီကားက တေဇာရဲ့အဆက်ကိုရိုက်တာ။ ဒါရိုက်တာက မျိုးမြင့်အောင်။
ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်းနဲ့ ဆွေဇင်ထိုက်။






(၁၆၆) မောင့်မမြကေသီ
(၁၆၇) မိမော်မေမ
(၁၆၈) ဓမိစံကဒုတိယ ကျွန်တော်ကပထမ
(၁၆၉) ချစ်ရဆဲပါစုလှိုင်
(၁၇၀) မေတ္တာအသချော်
(၁၇၁) ရှိန်း
(၁၇၂) ရင်ကိုအေးမြစေသား
(၁၇၃) သည်လင်သည်မယား
(၁၇၄) လင်နဲ့မယားလျှာနဲ့သွား
(၁၇၅) ကိုကိုလူညာကြီး
(၁၇၆) မမေ့ဆယ်ကမ္ဘာ
(၁၇၇) ချစ်ရမှာကြောက်တယ်
(၁၇၈) ကိုယ်ချစ်တာတစ်ယောက်တည်း

အဲဒီဇာတ်ကား(၁၃)ကားမှာ ထူးထူးခြားခြား ပြောစရာဆိုလို့ မောင့်မမြကေသီ ကားရိုက်ပြီး၊ မန္တလေးကအပြန် အုတ်တွင်းမှာ ကားမှောက်တယ်။

မှောက်တဲ့ကားက တိုယိုတာ ပါပလေကာ ည / ၂၄၆၆ ။

ကားမှောက်လို့ ပခုံးနှစ်ဖက်လုံး အဆစ်ပြုတ်သွားတယ်။





(၁၇၉)

## ပိတောက်တွေရွှေရည်လူးခဲ့ပေါ့လေ

သုခုမရုပ်ရှင်၊
ဒါရိုက်တာ မောင်မောင်မြင့်၊
ပြေငြိမ်းကို မင်းသားအဖြစ်စတင်။

ပြေငြိမ်း မင်းသား မဖြစ်ခင်က သူ့အစ်မနဲ့သူနဲ့ ဦးကျော်သွားတဲ့ နောက်ကို လျှောက်လိုက်ဖူးတယ်။ အဲဒီတုန်းက မူးယစ်ဆေးဝါး သုံးစွဲနေဆဲကာလပေါ့။

အဲဒီ ပိတောက်တွေရွှေရည်လူး ဇာတ်ကားရိုက်ဖို့ မင်းသားအသစ်တွေခေါ်တော့ သူတို့မောင်နှမ နှစ်ယောက်က ပြေငြိမ်းကို မင်းသားခန့်ဖို့ သုခုမ ရုပ်ရှင်ပိုင်ရှင် သူတို့ရဲ့ အဘွားဒေါ်နန်းကို ပြောခိုင်းတယ်။

“နင်တို့ ဘိန်းစားတွေ ဆေးဖြတ်ရင် ရိုက်ပေးမယ်လို့” ဒေါ်နန်းက ပြောတာနဲ့ ပြေငြိမ်း ဆေးဖြတ်ပြီး အဲဒီကားကို ရိုက်ခွင့်ရသွားတာပဲ။



## (၁၈၀) စိန်ဆိုရင်ဘွာမခတ်ကြေး

မြန်မာလက်ဝှေ့သမားအဖြစ် ပထမဆုံးရိုက်တဲ့ဇာတ်ကား။



## (၁၈၁) ကိုကိုညီမ

ဒါရိုက်တာက ပန်းချီစိုးမိုး။

သရုပ်ဆောင်က ကျော်ဟိန်းနဲ့ တင်တင်ညို။







## (၁၈၂) တွယ်ရာမဲ့ပန်း





(၁၈၃)

# ကြိုးယောင်ဆောင်သောဒေါင်း










ယင်းကဲ့သို့ စာပတ်ပရိသတ်များ အကြိုက် တွေကြုံများကို ကျွန်တော်များအနေဖြင့် တွေ့ရမြင်ရကြားကြရသောအခါ ကျွန်တော်ပို့လည်း ဝမ်းသာ ကျေနပ်မိကြပါသည်။ သို့သော် ယင်း 'ကျီးယောင်ဆောင်သောဒေါင်း' ဇာတ်ကားတွင် 'ကျော်ဟိန်း'သည် ဘာ့ကြောင့် မိန်းကလေးအသွင် ပါဝင် သရုပ်ဆောင် ထားရပါသနည်းဟု တွေးတောချိမရ ဖြစ်နေကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်း ဇာတ်တွင်လည်း 'ကျော်ဟိန်း'သည် ဘာ့ကြောင့် မိန်းကလေးအသွင် ပတ်စား ဆင်ယင်ထုံး ဖွဲ့ပြီ ပါဝင် သရုပ်ဆောင်ထားရသည်ကို ပြီးခဲ့သည့်လ ဇာတ်လမ်းအကျဉ်းတွင် တကျက်တလေမျှ ဖော်ညွှန်းရေးသားခြင်း မရှိခဲ့သေးပါ။

ဒါကြောင့် ပရိသတ်များ စိတ်ဝင်စားနေကြသော 'ကျော်ဟိန်း' မိန်းကလေးသို့ ဝတ်ရသည့်ဇာတ်ကို ထိထိကျကျ ဖော်ပြနိုင်ရန် ကျွန်တော်သည် ဒါရိုက်တာ မျိုးညွှန့်သွင်ထံ သွားရောက်မေးခဲ့ရသည်။ ဒါရိုက်တာ မျိုးညွှန့်သွင်က သူ၏ 'ကျီးယောင်ဆောင်သော ဒေါင်း' ဇာတ်ကားတွင် 'မောင်မစ္စက' ဇာတ်လမ်းကို တေးသရုပ်ဖော်အဖြစ် ထည့်သွင်း ရိုက်ကူးထားကြောင်းနှင့် ယင်း တေးသရုပ်ဖော် အခန်းအားလုံးတွင် ယနေ့ ထိပ်ဆုံးအကယ်ဒမီ 'ကျော်ဟိန်း'က မိန်းကလေးအသွင် ပါဝင်သရုပ်ဆောင်ထားခြင်း ဖြစ်သည်ဟု ပြောပြပါသည်။

ယင်း တေးသရုပ်ဖော်၏ တေးသွားများကို တေးရေး



ကျီးယောင်ဆောင်သောဒေါင်း ဇာတ်ကားကိုရိုက်တဲ့ ဒါရိုက်တာက မျိုးညွှန့်သွင်။

# ဦးကျော်ရဲ့ ပထမဆုံး ဆေးရောင်စုံရုပ်ရှင်ဇာတ်ကား။

**ရဟန္တာတစ်ပါးကို စိတ်နဲ့ ပြစ်မှားမိလို့ ယောက်ျားဘဝကနေ မိန်းမဘဝကိုပြောင်းသွားတဲ့ မောင်မစ္စကအကြောင်း။**

ယနေ့ အသက်(၄၀)၊ (၅၀)၊ (၆၀) အရွယ်တွေရဲ့ (၈၀)ရာခိုင်နှုန်းကြည့်ဖြစ်တဲ့ ရုပ်ရှင်ဇာတ်ကားပဲ။
ရုပ်ရှင်သက်တမ်း တစ်လျှောက်လုံးမှာ အအောင်မြင်ဆုံးဇာတ်ကားလို့ ပြောနိုင်တယ်။
ဦးကျော်ဘဝကို အကြီးမားဆုံး တစ်ဆစ်ချိုး ပြောင်းလဲသွားစေတဲ့ ဇာတ်ကားလို့လည်း ပြောနိုင်တယ်။
**မှတ်ချက် – အဲဒီဇာတ်ကား ရိုက်ကူးနေတဲ့အချိန် မြန်မာပြည်မှာ ဗီဒီယိုရိုက်ကူးခြင်းစနစ်တွေ စပေါ်လာတယ်။**

**TRACK - 13**

တွင် 'ကျီးယောင်ဆောင်သောဒေါင်း' ရိုက်ကွင်းက လှုပ်ရှားမှုတွေကို မှတ်တမ်းအဖြစ် ရိုက်ကူးထားတာကို ကြည့်ပါ။

# (၁၈၄) နွဲ့ဆိုး

ကေသီပန်ရုပ်ရှင်၊

ဒါရိုက်တာ ဦးခင်ဇော်။

မိုက်တီးညီမ ချစ်ချစ်ဇော်ကို မင်းသမီးအဖြစ်စတင်တဲ့ဇာတ်ကား။





# (၁၈၅) အချစ်ကို ဘယ်လိုပြောရမယ်


ဒီကားထဲမှာ ဦးကျော်က ရွှေပေါ်ထိုးတဲ့ လက်သမား ဆရာအဖြစ် သရုပ်ဆောင်တယ်။ ရွှေပေါ်ထိုးတဲ့ ပညာကို တရုတ်လက်သမား ဦးအဟိန်ဆီမှာ သင်တယ်။



**(၁၈၆) အချစ်သူရဲကောင်း** (ဒါရိုက်တာ မောင်စိမ်းအောင်)

**(၁၈၇) သည်တစ်နွေပြန်ပါလေဦး** (ဒေါ်တင်တင်မူအတွက် အခမဲ့သရုပ်ဆောင်ပေး။)

**(၁၈၈) ညိုမကိုပြောလိုက်ပါ**







**(၁၈၉) သီတင်းကျွတ်ရင်လက်ထပ်မယ်**

ထိပ်တန်း ဦးညွန့်မောင်အတွက် အခမဲ့သရုပ်ဆောင်ပေး။



**(၁၉၀) လူသားအသည်းနှလုံးနှင့် ကျွန်တော်**




(၁၉၁) ရမ္မက်ဇော
ဒါရိုက်တာ ကိုငြိမ်းငြိမ်း၊
ကိုစောဦး
(သို့မဟုတ်)
ကျော်ဟိန်း။












ချမ်းသာတယ်။ မမြဲသွေးကို
ငယ်ငယ်လေးကတည်းက ရင်
တယ်။ မမြဲသွေး မဆိုးမ ဖြစ်ဝေ
လဲ ရင်ခုန်တယ်၊ မမြဲသွေး
ရှိ မမြဲသွေးအိမ်ကို အနူးညွှ
ဆီးခိုင်းတယ်။ မမြဲသွေးရဲ့ လှ
ကောင်ကို သတ်ပစ်တယ်။ မမြဲသွ
ကို တဘက်လှည့်နဲ့ ဓားင
ထောက်မိတယ်၊ မမြဲသွေး အန
ကို ရတယ်။ လက်ထပ်ဖို့ မမြဲသ
က အချိန်ဆွဲနေတုန်းမှာ အရ
လွန်နဲ့ အချစ်လွန် တွေးရောယ
ပြီး သိဇိတ် မသိဘဲတွေ ဖြ
လာတယ်။ မမြဲသွေးသင်း နှင
ကို မမြဲသွေးအမှတ်နဲ့ စဝ ဝါး
အသွေးအှန်တယ်။ ဘယ်လော
ကြောက်စရာ ကောင်းတဲ့ နေ
လဲ?.... သည်ခံနေရာမျိုးကို
ကျော်ဟိန်း ဝင်လှုပ်တယ်။ သွား
မသုံဘဲဘဲယင် လှုပ်ဟာမှာ
ဏကို အလိုလို ရသွားမှာပဲဝေ

ရှမ်းဇော ဇာတ်ကား၊ မရိုက်ခင် ကာလတွေတုန်းက ကိုကျော်ဟိန်းနဲ့ စကားတော်တော် ပြောဖြစ်ပါတယ်။ သူက အဲသည် ကားထဲက 'ဓားဦး'ကို စိတ်ဝင်စားတယ်။ "ဓားဦးရဲ့ စရိုက်က မလွယ်ဘူးဗျ၊ အမေကို ကြိုက်နေရာက စိတ်ဖောက်ပြန်ပြီး သမီးဘက်ကိုပါ...." သည်လို ဇာတ်ကောင် စရိုက်မျိုး သူမလုပ်ဖူးသေးဘူး ဆိုတော့ စိတ်ဝင်စားနေရာပါ။ ဒီဇာတ်ကိုဇာတ်ညွှန်းရေးတဲ့ မောင်သိန်းဆိုင်ဆီကိုလဲ ဓားဦးဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကိုကျော်ဟိန်း ကိုယ်တိုင် သွားမေးတယ်။ သူ ရင်ခုန်နေတဲ့ ဇာတ်ကောင်ကို ရှမ်းဇောနဲ့ ဒါရိုက်တာ ကိုငြိမ်းငြိမ်းက တကူးတက ဖိတ်ပြပါတယ်။ "ခင်များကို ကြည့်စေချင်တယ်ဗျာ" လို့လဲ ပြောတယ်၊ ကြည့်လဲ ကြည့်ချင်နေတဲ့ ရှမ်းဇောပါ။ မြို့တင်ရေးမှာ ကြည့်ဖြစ်တော့ ဓားဦးဆိုတဲ့ ဇာတ်ကောင်ကို ကြောက်သွားတယ်။ ကိုကျော်ဟိန်း တုန်လှုပ်မယ်ဆိုလဲ တုန်လှုပ်ရာ နေရာပဲ။ ဓားဦးက ပိုက်ဆံ





ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်သန်းနု၊ စမ်းပပအောင်။





အမေရော၊ သမီးပါ ကြိုက်တဲ့ လူယုတ်မာနေရာက ဘာဖြစ်လို့ ရိုက်ရတာလဲ ကိုကျော်ရယ်လို့ အမေးခံရတဲ့ ဇာတ်ကား။



*"ဘယ်မိန်းမကိုပဲကြည့်ကြည့်*

*ကိုစောဦးမျက်လုံးထဲမှာ မမြသွေးလို့ပဲ မြင်နေတယ်။*

*ကိုစောဦးမှားခဲ့တဲ့ အမှားတွေအားလုံးဟာ*

*မမြသွေးကို ချစ်လွန်းလို့ မှားမိတာပါကွာ"*

ဆိုတဲ့စကားတွေနဲ့ ဦးကျော်ကို လူယုတ်မာလို့မမြင်ဘဲ အချစ်သမားကြီးလို့ မြင်သွားကြတယ်။ အဲဒီဇာတ်ကားလည်း အရမ်းအောင်မြင်သွားတယ်။

# (၁၉၂) ကျွန်မသိပါတယ်

ဒါရိုက်တာက ပန်းချီစိုးမိုး။

ဧရာဝတီတိုင်းရဲ့အစွန် ကဒုံကနိမှာ သွားရိုက်တာ။

အဲဒီတုန်းက ဒါရိုက်တာ ပန်းချီစိုးမိုးနဲ့ပါလာတာက အခုမင်းသားဖြစ်နေတဲ့ ရဲအောင်။

ဦးကျော်နောက်ပါလာတာက ဒွေး။ သူတို့နှစ်ယောက် အဲဒီထဲက သူငယ်ချင်းတွေဖြစ်ကြတာ။






# (၁၉၃)လွမ်းနေမယ်မမ

ဒါရိုက်တာ ဦးတင်ယုအတွက်

အခမဲ့သရုပ်ဆောင်ပေးတယ်။

ဒီဇာတ်ကားထဲက ဇာတ်ဝင်သီချင်းအားလုံးကို

'အဓိပ္ပာယ်ရှိသောလူ' သီချင်းခွေအဖြစ်

ယင်းမာတေးသံသွင်းက ထုတ်လုပ်တယ်။


လှုပ်ရှားမှုတွေကို TRACK - 14

တွင်ကြည့်ပါ။












## (၁၉၄) မျက်ရည်စိမ်း

တယောကိုတင်ရီဆီမှာ တယောထိုးပညာကိုသင်ပြီး
အဲဒီဇာတ်ကားကိုရိုက်တယ်။
ဇာတ်ဝင်သီချင်းတွေကို
မြန်မာသံ ဆရာကြီးတွေဖြစ်တဲ့ စန္ဒရားချစ်ဆွေ၊
ခင်ညွန့်ရည်တို့နဲ့အတူ မြန်မာသံ သီချင်းတွေဆိုတယ်။



## (၁၉၅) ဒုစရိုက်သားကောင်

သရုပ်ဆောင်အဖြစ်မပါဘဲ (၅)ကားမြောက် ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ သီးသန့် အဖြစ် တင်ပြတယ်။




အဆိုတော် လွှမ်းမိုး၊ စမ်းပပအောင်နဲ့ ဦးကျော်ရဲ့ မျိုးဆက်သစ်တွေဖြစ်ကြတဲ့
ငြိမ်းဟန်၊ မင်းကျော်၊ ဆက်ထွန်း၊ ဖိုးသာထူး၊ ယောမာညိမ်းတို့ကို အဓိကဇာတ်ဆောင်တွေအဖြစ် ရိုက်ကူးတယ်။



ဒီဇာတ်ကားကို ပြန်မရိုက်ဘူးလားလို့ ဦးကျော်ကိုတွေ့တိုင်း နံနက်ခင်းက ကိုတင်မောင်ဆွေက မေးတယ်။
ဒါရိုက်တာ မီးပွားက ဗီဒီယိုခွေရှိရင် သူ့ကိုပေးခဲ့ဖို့ ခဏခဏပြောတယ်။ ဒါပေမယ့် မပေးဖြစ်ခဲ့ဖူး။



(၁၉၈၆)

ဒါရိုက်တာ သက်နောင်၊
ကျော်ဟိန်း (နှစ်ကိုယ်ခွဲ)၊
ထုံးစံအတိုင်း တစ်ယောက်က လူဆိုး၊ တစ်ယောက်က လူကောင်း။







ကျော်ဟိန်းအသက် ၄၆ ကျော်သွားပါပြီ။

ဒါပေမယ့် အသက် ၂၀ ကျော် လူငယ်တွေထက် လက်စောင်း ထက်နေတုန်းပါပဲ။ ကျော်ဟိန်းဘာလုပ်လုပ် တင့်တယ်တယ်လိုတောင် တချို့က အစွဲဖြစ်ကြပါတယ်။ 'စိန်ခေါ်ယင် ဘွာမခတ်ကြေး' မှာ ပရိသတ် အကြိုက်ကြီး ပေးဟဲခဲ့ပေမယ့်'လွမ်းနေမယ် မမ မှာတော့ ကြိတ်ကြိတ်တိုး ယူရလောက်အောင် ကျော်ဟိန်းဟာ သူ့ပရိသတ်ကို မြန် စုစည်း နိုင်ခဲ့ပါတယ်။ ကျော်ဟိန်းဟာ လွမ်းနေမယ် မမနဲ့ ပရိသတ်ကို ပြန်လည်စုစည်းနိုင်ခဲ့သလို 'အဓိပ္ပာယ်ရှိသောလူ' သီချင်းစီးရီးနဲ့လည်း သူ့သီချင်းပရိသတ်ကို ပိုကျစ်လျစ်အောင် ပြန်စုစည်းခဲ့ပြန်ပါတယ်။ ကျော်ဟိန်း သီချင်းသံများက ဓမ္မတေးသံဆန်တယ်လို့လည်း ဝေဖန်ရေး ဆရာတွေက ဝေဖန်ခဲ့ကြပေမယ့် ကျော်ဟိန်းသီချင်းများဟာ ယနေ့တိုင် ညှိဆဲပါပဲ။စင်ပေါ်ကသီချင်းများ၊ စီးရီးတွန်းက စင်မြင့်ဖျော်ဖြေပွဲတွေတက်ခဲ့တဲ့ကျော်ဟိန်းဟာ အခု အဓိပ္ပာယ်ရှိသောလူ စီးရီးနဲ့ အတူ စင်မြင့် ဖျော်ဖြေပွဲတွေ ပြန်တက်လာပါတယ်။ တောင်ငူပွဲ၊ မြစ်ကြီးနားပွဲတွေမှာ အောင်မြင်မှု ရခဲ့တယ်လို့လည်း သိရပါတယ်။ ရုပ်ရှင်မှာ ဗီတမှာ အောင်မြင်မှုရခဲ့ ကျော်ဟိန်းဟာ ဗီဒီယို ဘက် ကိုလည်း ကူးမယ်လို့ သတင်းမြေးနေပါတယ်။ ဗီဒီယိုဘက်ကိုကျော်ဟိန်း ကူးမြစ် သွားယင် (ကူးနေပြီလို့လည်း သိရပါတယ်) ဗီဒီယိုဈေးကွက်ဟာ အသေ မပြောင်းလွဲဘူးလို့ မဆိုနိုင်ပါဘူး။ လက်တလော မှာတော့ဖြင့် 'ကျော်ဟိန်းလာလား၊ ကျော်သူလာလား၊ ဒွိ့ဒွိ့မြင့်အောင် လာလား' 'ဗီရေးပဲ'လို့' ဖြန့်ချိရေး သမားတချို့ (အတိအကျပြောရရင် မြန်မာပြည် အထက်ပိုင်း ဈေးကွက်) က ဆိုနေကြပါတယ်။ ကျော်ဟိန်း ဗီဒီယိုထဲ ဝင်လာခဲ့ယင် ဈေးကွက်သစ် တစ်ခု ဖြစ်လာမှာ သေချာပါတယ်။

ကျော်ဟိန်းဟာ လတ်တလော ရုပ်ရှင် အနေနဲ့ 'ကွန်မ သိပါတယ်' ဝင်စရာ ရှိပြီ။

အခေ့ခေါ်း ရိုက်ပြီးနေပြီလို့ ဆိုပါတယ်။ အခေ့ခေါ်းမှာ ကျော်ဟိန်းက မတူခြားနားတဲ့ ဇာတ်ကောင်စရိုက်နှစ်ခုကို သရုပ်ဆောင်ထားတယ်လို့ သိရပါတယ်။ နှစ်ကိုယ်ခွဲပေါင်းများစွာ သရုပ်ဆောင်ဖူးနေပြီဖြစ်တဲ့ ကျော်ဟိန်းဟာ အခေ့ခေါ်း မှာတော့ဖြင့် သူတစ်ခါမှမသရုပ်မဆောင်ဘူးတဲ့ ဇာတ်ကောင်စရိုက်မျိုး သရုပ်ဆောင်ထားတယ်လို့ သိရပါတယ်။ပေပေတေတေနဲ့ ညည်းအပြင်ရောက်နေတဲ့ ဘဝတစ်ခုကို ထူးထူးခြားခြား သရုပ်ဆောင်ထားခြင်းပါပဲ။ သမားရိုးကျ ဇာတ်အိမ် တစ်ခုတည်းက ဖြစ်လေ့ဖြစ်ထရှိတာမျိုးကိုပဲ ကျော်ဟိန်းက အသွင်းပြောင်းသရုပ်ဆောင်ထားခြင်းလို့ သိကြားထားရပါတယ်။ လွမ်းနေမယ် မမတုန်းက ကျော်ဟိန်းမျိုး မဟုတ်တော့ဘဲ အခေ့ခေါ်း ထဲက ကျော်ဟိန်း ဖြစ်အောင် ကြိုးစားထားတဲ့သဘောပါပဲ။ ကျော်ဟိန်းက အနုပညာမှာ ထောင့်ပေါင်းစုက ၊ ရှင်သန်အောင် ကြိုးစားနေခဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

ကျော်ဟိန်း လျှောက်ခဲ့တဲ့ လမ်းကြောင်းတွေမှာ ဈေးကွက် ဝင်တာတွေအများကြီး ရှိခဲ့ဖူးပါပြီ။ ကျော်ဟိန်းရဲ့ အခေ့ခေါ်းကို ပရိသတ်ကြိုက်နဲ့ယင် အခေ့ခေါ်းလို ဇာတ်ကားမျိုး၊ ဝတ္ထုမျိုး၊ ရုပ်ပြမျိုး များစွာပေါ်လာမယ်လို့ ခန့်မှန်း ဖြစ်ပါတယ်။ ကျော်ဟိန်းရဲ့ ဈေး ကွက် သစ် အလားအလာကို စောင့်ကြည့်ရပါပြီ။



## (၁၉၇) ဝက်ပါထဲကတို့နှစ်ယောက်

ဒါရိုက်တာ ဦးတင်ယု၊ ကျော်ဟိန်း (နှစ်ကိုယ်ခွဲ)။

မူရင်းဇာတ်လမ်းက နိုင်ငံခြားဇာတ်ကား၊ ဝင်းဦးခေတ်တုန်းက ကျောက်မဲ့ခုကျဉ်းသားဆိုပြီး ရိုက်တယ်။

## (၁၉၈) သမီးချွေးမသားသမက်

## (၁၉၉) နှင်းဆီနေ့ နှင်းဆီည

ဒါရိုက်တာ မောင်တင်ဦး၊ မင်းသမီး ဝါဝါဝင်းရွှေနဲ့ နောက်ဆုံးရိုက်ဖြစ်ခဲ့တဲ့ဇာတ်ကားပဲ။

## (၂၀၀) ချစ်လွန်းကေသီ

ဒါရိုက်တာ သင်းသင်းယု၊ ကျော်ဟိန်းနဲ့ မေဆွိ။

## (၂၀၁) ချစ်လွန်းလို့ ညာမိပါတယ်

## (၂၀၂) ချစ်သဲပြုံ

## (၂၀၃) စင်ပေါ်ကလူ

ဒါရိုက်တာက ဇော်လင်းမောင်။

ကျော်ဟိန်းနဲ့ စိုးသူ။ မွန်ပြည်နယ် မော်လမြိုင်ကနေ တစ်ဆင့် သံဖြူဇရပ်၊ သံဖြူဇရပ်ကနေ တစ်ဆင့် ကရုပ္ပိမှာ သွားရိုက်တာ။ ကရုပ္ပိဆိုတာ မြန်မာပြည်ရဲ့အစွန် တစ်နေရာပဲ။



## (၂၀၄) ပျားရည်ဆမ်းသောပန်းဓား




စင်ရော်မောင်မောင် ထုတ်လုပ်၊ ရိုက်ကူးတဲ့ ဇာတ်ကား။

## (၂၀၅) စုန်ရေ

ထုတ်လုပ်သူက စုဝမ်း။ ဒါရိုက်တာက ကြည်စိုးထွန်း။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခင်သန်းနု၊ မင်းဦး၊ ဇင်မာဦး။





အဲဒီဇာတ်ကားကို ဂျပန်မှာ ရုပ်ရှင်ပွဲတော်သွားပြတုန်းက စာအုပ်ထဲမှာပါတဲ့ စုန်ရေရဲ့ ကြော်ငြာ။



(၂၀၆)

# ပန်းမြိုင်လယ်က ဥယျာဉ်မှူး




တတိယအကြိမ် အကယ်ဒမီရတဲ့ဇာတ်ကား။ ဒါရိုက်တာက မောင်တင်ဦး။ အဲဒီဇာတ်ကားလည်း အရမ်းအောင်မြင်သွားတယ်။ တာတီးရဲ့ "အဘရေ သောက်.... သောက်" ဆိုတဲ့စကား ကြည့်ပြီးတဲ့လူတိုင်း အမှတ်တရဖြစ်သွားတယ်။




ဇာတ်လမ်းထဲက
တာတီးရဲ့ သရုပ်ဆောင်မှုတွေကို
TRACK - 15 တွင်ကြည့်ပါ။

# (၂၀၇) မောင်ရင်ငတေမိုက်ကန်းသည်


ဒါရိုက်တာ မီးပွား။







**မောင်ရင်၊ငတေ၊ မိုက်ကန်းသည် ရုပ်ရှင်ဇာတ်ကားတွင် ကျော်ဟိန်းဝတ်ဆင်မည့် ပုံစံ နှင့်**

**အင်္ဂလိပ်တပ်အရာရှိများဘောင်းဘီတိုဝတ်ဆင်ပုံနှင့်ဘောင်းဘီတိုပုံစံများ**






အရာရှိ ဦးမောင်မောင်နဲ့ တိုင်ပင်ပြီး ဇာတ်လမ်းနဲ့ အံဝင်တဲ့ အဝတ်အစားတွေကို ချုပ်လုပ်၊ ဝတ်ဆင်၊ ရိုက်ကူးတယ်။

ဇာတ်လမ်းထဲက သရုပ်ဆောင်မှုတွေကို **TRACK - 16** တွင်ကြည့်ပါ။




**(၂၀၈) ဓားတောင်ကိုကျော်၍မီးပင်လယ်ကိုဖြတ်မည်**

(၆)ကားမြောက် ထုတ်လုပ်သူ၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊

တည်းဖြတ်သူ အဖြစ်တာင်ပြတယ်။

ဇာတ်ဝင်သီချင်းအားလုံးကို မောင်သစ်မင်းက ရေးတယ်။

လေးဖြူ၊ ဇော်ဝင်းထွဋ်၊ ထူးအိမ်သင်၊ ကျော်ဟိန်းတို့

**(၄)ယောက်က ဆိုတယ်။**





ပြတဲ့ရုံမှာ ထုံးစံအတိုင်း ဇာတ်ဝင်ဓာတ်ပုံတွေမကပ်ဘဲ ဇာတ်လမ်းထဲက သံချောင်းဝတ်တဲ့ အင်္ကျီ၊ ဘောင်းဘီနဲ့ဓားကို ရုံအောက်မှာ ချိတ်ပြထားတယ်။

## အဲဒီအချိန်တုန်းက နေမင်းထိပ်ခေါင်ရဲ့ အာရုံသစ်ဒီဇိုင်းပဲ။

ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို TRACK - 17 တွင်ကြည့်ပါ။

# (၂၀၉) ဝေလည်းမွှေး ကြွေလည်းမွှေး

ဒါရိုက်တာက ခင်မောင်ဦး၊ စိုးသိမ်းထွဋ်။
ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း။
စတုတ္ထအကြိမ် အကယ်ဒမီရတယ်။
အဲဒီကားကို အစတုန်းက ဒွေးနေရာမှာ ကျော်ရဲအောင်နဲ့ရိုက်ချင်တာ။ ဦးကျော်က ဒွေးနဲ့ပဲရိုက်ဖို့ ဖိပြောတာ။
အဲဒီကားမှာ ဒွေးက အရာရှိဆိုတော့ ဒီကောင့်ကို ဆံပင်ညှပ်ပေးလိုက်တယ်။ အဲဒါကို ဒီကောင်က မကြိုက်ချင်ဘူး။
ဒါပေမယ့် အဲဒီကားလည်း ထွက်ပြီးရော ဒွေးကေဆိုပြီး ဖြစ်သွားတယ်။







# (၂၁၀) ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား

ဒါရိုက်တာက စင်ရော်မောင်မောင်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မေသန်းနု။

## (၂၁၁) မာနသစ္စာ

ဒါရိုက်တာ သန်းမြင့်။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ လွင်မိုး၊ စိုးမြတ်သူဇာ။

## (၂၁၂) အတွေ့လေးရယ်တဲ့အိုအကြို

ဒါရိုက်တာ မောင်ဝဏ္ဏ။ ပါဝင်တဲ့ သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မင်းဦး၊ မျိုးသန္တာထွန်း။

## (၂၁၃) အိုအေစစ်လိုအချစ်အကြောင်း

ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး။

## (၂၁၄) သံယောဇဉ်ယဉ်စွန်တန်း

ကိုသန်းစိုး (ပောမာန်ဦး)က ထုတ်လုပ်တယ်။ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်။
ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ နိုင်းနိုင်း၊ ချိုပြုံး၊ ထက်ထက်မိုးဦး။

## (၂၁၅) နှလုံးသားလျှို့ဝှက်ခန်း

ဒါရိုက်တာ ကြည်ဖြူသျှင်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်။

## (၂၁၆) နှုတ်ခမ်းထက်ကစားသွား

ဒါရိုက်တာ ကြည်ဖြူသျှင်။ မျိုးသန္တာထွန်းက ထုတ်လုပ်တယ်။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ စည်သူလွင်၊ မျိုးသန္တာထွန်း။

**အဲဒီ(၆)ကားက ထူးထူးခြားခြား ဘာမှမလုပ်ရလို့**
**ပြောစရာလည်း ဘာမှမရှိပါဘူး။**

## (၂၁၇) မောဟာမျဉ်းပြိုင်များ

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို** TRACK - 18 **တွင်ကြည့်ပါ။**

## (၂၁၈) ဆွေမျိုးတော်ရင် ဘယ်လိုခေါ်မလဲ

**(၇)ကားမြောက် ထုတ်လုပ်သူ၊ သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် တင်ပြတယ်။**

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို** TRACK - 19 **တွင်ကြည့်ပါ။**

## (၂၁၉) အဖေ

## (၂၂၀) နေကမွေးတဲ့လ

**ဒါရိုက်တာ မောင်တင်ဦး။**

**ပဉ္စမအကြိမ် အကယ်ဒမီရ။**

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို** TRACK - 20 **တွင်ကြည့်ပါ။**



# (၂၂၁) ကြိုးတန်း

## သရုပ်ဆောင် ကျော်ဟိန်းအဖြစ် နောက်ဆုံးရိုက်ခဲ့တဲ့ ရုပ်ရှင်ပဲ။

**ဒါရိုက်တာက မီးပွား။** နယ်သစ်ဦး ရုပ်ရှင်ကုမ္ပဏီအသစ်က ရိုက်တာ။

အဲဒီကားကို မရိုက်ခင် ရိုက်မယ့်နေရာက လူတွေရဲ့ ပုံစံတွေ၊ စရိုက်တွေ၊ နေပုံထိုင်ပုံတွေကို မီးပွားကြီး အကူအညီနဲ့ လေ့လာတယ်။ ပြီးမှ ရိုက်တယ်။









ကျော်ဟိန်း
ကျော်ရဲအောင်
မရှိမ်ာနှ၊ မရှိလောဘတို့ရဲ့ သားကောင်များအဖြစ် ...
အဲဒီကားရိုက်တုန်းက မှတ်တမ်းအဖြစ်ရိုက်ထားတဲ့ လှုပ်ရှားမှုတွေကို TRACK - 21 တွင်ကြည့်ပါ။


ရုပ်ရှင်အဖြစ် ရိုက်ခဲ့တဲ့
ဇာတ်ကားတွေက
အားလုံးပေါင်း
(၂၂၁)ကား
ဗီဒီယိုအဖြစ် ရိုက်ခဲ့တဲ့
ဇာတ်ကားတွေက
အားလုံးပေါင်း
(၃၆၂)ကား

(၁) အဓိပ္ပာယ်ရှိသောလူ

## ဦးကျော်တို့ ပထမဆုံးရိုက်တဲ့ဗီဒီယိုက ဇာတ်လမ်းကားမဟုတ်ဘူး။
## 'အဓိပ္ပာယ်ရှိသောလူ' သီချင်းခွေ။

ဦးကျော်တို့ဗီဒီယိုတွေ စရိုက်တုန်းက ကွန်ပျူတာဆိုတာ မပေါ်သေးဘူး။

မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားဌာနအနေနဲ့လည်း တီဗီကို စမ်းသပ်ကာလ လွှင့်နေတဲ့အချိန်

**(Pal System)** နဲ့ **(NTSC System)** နှစ်မျိုးထဲက ဘယ်စနစ်ကို ရွေးမယ်ဆိုတာ မသေချာသေးတဲ့အချိန်၊

**အောက်စက်နှစ်လုံးထဲ ရိုက်ခွေထည့်ပြီး ပြိုင်တူလွှတ်၊ တိုင်ပင်ကိုကိုက်ပြီး အရုပ်တစ်ခုနဲ့တစ်ခု ဆက်တဲ့အချိန်။**

မိုက်တီးအဖေ ဦးခင်ဇော်ကတော့ အဲဒီအချိန်မှာ ဗီဒီယိုဇာတ်ကားတွေ ရိုက်နေပြီ။

မင်းဦးတို့၊ ဇင်မာဦးတို့ဆိုတာ

ဗီဒီယိုခေတ်ဦးပိုင်းက မင်းသား၊ မင်းသမီးတွေပေါ့။

တစ်ရုပ်နဲ့ တစ်ရုပ် **Mix** လုပ်တယ်ဆိုတာကို

ပီပီပြင်ပြင် လုပ်လို့မရသေးတဲ့အချိန်။

### ဦးကျော်က စနစ်တကျရိုက်ချင်တော့
### မေစတူဒီယိုက ကိုရဲခေါင်နဲ့ တိုင်ပင်ပြီး
### တည်းဖြတ်တဲ့ စက်တစ်စုံကို စပ်တူဝယ်လိုက်တယ်။










ဦးကျော်တို့ ကံဆိုးချင်တော့ ဦးကျော်တို့ရိုက်တဲ့စနစ်က (Pal System)

မြန်မာပြည်မှာ အတည်ပြုလိုက်တဲ့စနစ်က (NTSC System) ဆိုတော့

ရိုက်ပြီး၊ ဆက်ပြီးမှ ဘာမှလုပ်လို့မရတော့ဘူး။




ဒါပေမယ့် (Pal System)ကနေ (NTSC System) ကိုပြောင်းထားတဲ့

ဦးကျော်ရဲ့ ပထမဆုံး ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့


'အဓိပ္ပာယ်ရှိသောလူ' MTV သီချင်းခွေထဲက ကောက်နှုတ်ဖော်ပြချက်တွေကို

**TRACK - 22** တွင်ကြည့်ပါ။

## (၂) ခွင့်ပြုရင်တစ်ကပြန်စမယ် ★ ★

ဒါ ဦးကျော်ရဲ့ ပထမဆုံး ဗီဒီယိုဇာတ်လမ်း။

ဒါရိုက်တာက စန္ဒာအောင်သိန်း။ ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ ခိုင်ခင်ဦး။



အဲဒီကားရိုက်နေတဲ့အချိန်မှာ ပြေငြိမ်းနဲ့တွေ့တယ်။

'ပိတောက်တွေရွှေရည်လူး' ဇာတ်ကားရိုက်ပြီးတည်းက သူနဲ့မတွေ့တော့တာ။ ဦးကျော်ကိုတွေ့တော့ သူကမေးတယ်။

*"ကိုကျော် ဘာတွေလုပ်နေလဲ"*တဲ့ ဦးကျော်ကလည်း *"ငါ သေကြည့်နေတယ်ကွာ"* လို့ပြန်ပြောလိုက်တယ်။

အဲဒီမှာ သူက *"တိုက်တိုက်ဆိုင်ဆိုင် ကိုကျော်ရာ ကျွန်တော်လည်း သေကြည့်နေတယ်"* လို့ပြောတယ်။

သာကေတတံတားပေါ်က ခုန်ချတဲ့အခန်း ရိုက်နေတဲ့အချိန်မှာ ပြေငြိမ်း ရထားပေါ်ကပြုတ်ကျလို့ သေပြီဆိုတဲ့ သတင်းကို ကြားရတာပဲ။

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို TRACK - 23 တွင်ကြည့်ပါ။**



## (၃) ဘဂျမ်းမှာဇာတ်လမ်းမရှိ





## (၄) မျက်စိမှိတ်၍လမ်းလျှောက်ကြည့်ပါ ★

နေမင်းထိပ်ခေါင် နာမည်နဲ့

ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ တည်းဖြတ်၊ တင်ပြတယ်။

**'မျက်စိနှစ်လုံးဖွင့်ပြီး လမ်းလျှောက်ရင်တောင် ခလုတ်တိုက်တတ်တယ်။'**

**'မျက်စိစုံမှိတ်ပြီး လမ်းလျှောက်လို့ကတော့'** ဆိုတဲ့ စာတန်းထိုးပြီး ဇာတ်ကားကိုစပြလိုက်တယ်။

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို TRACK - 24 တွင်ကြည့်ပါ။**

## (၅) ဆင်ကန်းတောတိုး ★★★



ဇာတ်လမ်းက မီးသွေးဖုတ်တဲ့ လူတန်းစားတွေအကြောင်း။ နေပြည်တော် ပျဉ်းမနား၊ မိုးဆွေတောထဲမှာ သွားရိုက်တာ။

ဇာတ်လမ်းထဲက ဇာတ်ကောင် ဝတ်တဲ့အဝတ်အစားက ရှာရခက်တယ်။ အဲတော့ ဦးကျော် အဝတ်အစား(၆)ထည်နဲ့ တကယ် မီးသွေးဖုတ်တဲ့ လူရဲ့ အဝတ်အစား (၃)ထည်နဲ့ လဲပြီး ရိုက်တာ။

ဒါရိုက်တာက မီးပွား။ သူနဲ့တွဲပြီး ပထမဆုံးရိုက်တဲ့ကားပဲ။

**ဇာတ်လမ်းထဲက လှုပ်ရှားမှုတွေကို TRACK - 25 တွင်ကြည့်ပါ။**



(၇) သူစိမ်း



**(၈) ရမ္မက်၏နိဂုံး**
ဒါရိုက်တာ ကိုငြိမ်းငြိမ်း

**(၆) အနာဂတ်ဟင်းလင်းပြင်**

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်။



(၉) သစ္စာရေအိုင်



## (၁၀) သမုဒယ သမုဒ္ဒရာ

ဒါရိုက်တာ ငြိမ်းမင်း။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မြင့်မြင့်ခင်၊ ဇာခြည်ခိုင်ထွန်း။

# (၁၁) ဒုက္ခကိုအရောင်ဆိုးထားတယ် ★★



ဒါရိုက်တာ ကျော်ဟိန်း နာမည်နဲ့ ရေးသား၊ ရိုက်ကူး၊ တည်းဖြတ်၊ တင်ပြတယ်။


သရုပ်ဆောင်လောကထဲ ရောက်လာတဲ့ ဒွေးရဲ့ ပထမဆုံး ဗီဒီယိုဇာတ်ကား။
ဒွေးရဲ့ ပထမဆုံး
သရုပ်ဆောင်မှုတွေကို
TRACK - 26
တွင်ကြည့်ပါ။

## (၁၂) လူတစ်ယောက်အကြောင်း (သူခိုး)




## (၁၃) မုန်တိုင်းထဲက ကျွန်တော်









## (၁၄) ကိုကျော်လေ ကိုကျော် ★★★★

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ ဇော်ထူး။

ဇာတ်လမ်းက စကားပြောရင် သူ့ကိုယ်သူ ကိုကျော် ကိုကျော်လို့ ပြောတဲ့ ဦးကျော် (Crazy) ချာတိတ် တစ်ယောက်အကြောင်း။

ကိုကျော်လေ ကိုကျော် အဖြစ် သရုပ်ဆောင်တဲ့ ဦးကျော်ရဲ့ လှုပ်ရှားမှုတွေကို TRACK - 27 တွင်ကြည့်ပါ။

## (၁၅) မင်းတို့အကြိုက်ရိုက်ပြမယ်

ကိုကျော်လေ ကိုကျော် ဇာတ်လမ်းရဲ့အဆက် ဖြစ်တယ်။

# (၁၆) ပရိဂျူဆာနီတိုး ★★★






ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်။

ပါဝင်တဲ့သရုပ်ဆောင်တွေက ကျော်ဟိန်း၊ မေသန်းနု။

ဇာတ်လမ်းက အလွန်ကပ်စေးနဲတဲ့ ပရိဂျူဆာတစ်ယောက်အကြောင်း။

ဇာတ်လမ်းအတွက် လိုအပ်တဲ့ ဇာတ်ပို့၊ ဇာတ်ရံတွေကို ဒါရိုက်တာက ရှာခိုင်းရင် သူက မငှားဘူး။

သူကိုယ်တိုင် ဝင်ရိုက်ပြီး အလွဲလွဲ အချော်ချော်ဖြစ်တဲ့ ဇာတ်လမ်း။

**ပရိဂျူဆာနီတိုးအဖြစ် သရုပ်ဆောင်တဲ့ ဦးကျော်ရဲ့ လှုပ်ရှားမှုတွေကို**

TRACK - 28 တွင်ကြည့်ပါ။






## (၁၇) အချစ်ဖူးသစ်

ပရိဂျူဆာနီတိုး ဇာတ်လမ်းရဲ့ အဆက်ဖြစ်တယ်။

**(၁၈) အချစ်ဝေဒနာ** (ဒါရိုက်တာ ပြည်စိုးကျော်)

**(၁၉) နေကမ္ဘာကလာတဲ့လူ**

**(၂၀) အချစ်တွင်မျက်စိရှိသည်** (ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွန်း)

**(၂၁) သက်မဲ့ချစ်သက်သေ** (ဒါရိုက်တာ ခင်စိုး)

CID အဖွဲ့အစည်းအတွက် အခမဲ့သရုပ်ဆောင်ပေး။

## (၂၂) သံယောဇဉ်ဦး ★★★★






**(၂၃) ဝိညာဉ်လေးအဆစ်ပါသွားပြီ** ★

■ ကျော်ဟိန်းနဲ့ရိုက်ရင် ဒါရိုက်တာဟာ ရိုက်ကွင်းမှာထိုင်နေရတယ်။ ကျော်ဟိန်းက သူချည်းရိုက်သွားတယ်လို့ ပြောကြတယ်။ အမှန်က ဒီဥစ္စာက မပြည့်ဝသေးတဲ့ ဒါရိုက်တာကို ဦးကျော်က ကောင်းစေချင်တဲ့ဆန္ဒနဲ့ ဝင်လုပ်သွားတယ်လို့ နားလည်ပါတယ်။ အဲဒီလို အပြောမခံရအောင် ဦးကျော်လက်တွဲမယ့်ဒါရိုက်တာကို စောစောတည်းက ရွေးချယ်ခဲ့ရင် ရိုက်ကွင်းမှာ ဒီလိုပြဿနာမျိုး ရှိတော့မယ်လို့ မထင်တော့ဘူး။ အဲဒါနဲ့ပတ်သက်လို့ ဘယ်လိုယူဆပါသလဲ။

■ ဦးကျော်ဒါရိုက်တာလုပ်ပြီးရိုက်ခဲ့တဲ့ မွန်းတည့်ချိန်ဇာတ်ကားဟာ အကယ်ဒမီနှစ်ခုရတဲ့ အဆင့်ထိရောက်ခဲ့တယ်။ ဒီအချိန်မှာ ဘာကြောင့်များများ စားစားမလုပ်တော့လဲ သိပါရစေ။



■ ရုပ်ရှင်အစည်းအရုံး အဆက်ဆက်မှာ ဦးကျော်ဘာဖြစ်လို့ ကင်းကွာနေပါသလဲ။ ရုပ်ရှင် လောကသားတွေအတွက်အစည်းအရုံးဟာ ပံ့ပိုးမှုမပေးနိုင်ဘူးလို့ ဦးကျော် ယုံကြည်လို့ ကင်းကွာနေတာလား။ ဘာသိဘာသာ မပတ်သက်ချင်တဲ့ ဉာဉ်ကြောင့် ကင်းကွာနေတာလား။

■ ဒွေးအောင်မြင်ပါတယ်။ ဒါပေမယ့် ဦးကျော်တို့နှစ်ယောက်တွဲပြီးရိုက်တဲ့ကား ကျွန်တော်တို့မကြည့်ရသေးဘူး။ ဘယ်တော့ကြည့်ရမလဲ။ ဦးကျော် ပြောနိုင်မလား။

■ ဦးကျော်ဟာ ထွက်လာသမျှ စူပါမင်းသားတွေ သတ်ခဲ့တယ်တဲ့။ ဒွေးကိုရော… သွေးသားမို့လို့လား။ အားနာနေတာလား။ ညှာနေတာလား။ သတ်တယ်ဆိုတာ အိုက်တင်ကိုပြောတာပါ။ ဒွေးနဲ့ပြိုင်လို့ ဦးကျော်နိုင်သွားရင် ဒွေးကျဆုံးသွားမှာစိုးလို့ ဦးကျော် မတွဲသေးတာလား။

■ တကယ်လို့ ဦးကျော်နဲ့ဒွေးနဲ့ တွဲကြမယ်ဆိုရင် မင်းသားနှစ်လက်ပြိုင်တဲ့ ဇာတ်ကားမျိုးဖြစ်မှာလား။ သားအဖလိုကားမျိုးဖြစ်မလား။ ဘယ်လိုစိတ်ကူးရှိပါသလဲ။

■ ခု ရိုက်သမျှဇာတ်ကားတွေဟာ နိုင်ငံခြားကားတွေကို မြန်မာပြုတဲ့ ဘာသာပြန် ကားတွေများနေတယ်။ မြန်မာဇာတ်လမ်းစစ်စစ် စိတ်မဝင်စားတော့ဘူးလား။ ဆူလွယ်နပ်လွယ် ဘာသာပြန်တွေပဲ လုပ်တော့မလား။ ဦးကျော်မှာ လုံးဝတာဝန်မရှိဘူးလို့ ထင်သလား။

■ ရုပ်ရှင်၊ ဗီဒီယိုလောကကို ဦးဆောင်နေတဲ့ မင်းသားတစ်ယောက်အနေနဲ့ ဦးကျော်မှာ တာဝန်အများကြီး ရှိတယ်လို့ ကျွန်တော် ယုံတယ်။ ကိုယ်ပိုင်ဇာတ်လမ်းတွေထုတ်ဖို့ ဦးကျော် ဦးဆောင်ပေးပါဦးလို့ တိုက်တွန်းချင်ပါတယ်။

■ မြဝတီမှာအပတ်စဉ် စီစဉ်တင်ဆက်မယ်ဆိုတာ ဦးကျော်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေမှုတွေဖြစ်မလား။ မွေးထားတယ်ဆိုတဲ့ မျိုးဆက်သစ်တွေကို ပွဲထုတ်မှာလား။

# မြတ်ခိုင်

■ ဦးကျော်ဟာ ဒါရိုက်တာတစ်ယောက်နဲ့ ကြာကြာ လက်မတွဲဘူးဆိုတဲ့အချက်ပါပဲ။ ဒါပေမယ့် မီးပွားနဲ့တော့မြဲနေတာတွေ့ရတယ်။ အဲတော့ ဦးကျော်က မီးပွားကို ဖက်တွယ်ထားတာလား။ မီးပွားက ဦးကျော်ကို ဖက်တွယ်ထားတာလား။

■ ဟိုတုန်းက ရုပ်ရှင်ကားတွေ ထူးထူးခြားခြား ဖြစ်အောင်လုပ်ဖူးတယ်။ ကွက်လပ်ကလေးဖြည့်ပေးပါ၊ မွန်းတည့်ချိန်တွင်နေဝင်သည် တွေပေါ့။ ခုရုပ်ရှင်ရုံတွေ ပေါ်လာတယ်။ စုန်ရေဟာ နိုင်ငံတချို့လှည့်တယ်။ ရုပ်ရှင်တစ်ကားလောက် ထရိုက်ဖို့ အစီအစဉ် မရှိတော့ဘူးလား။

■ ဦးကျော်ဘဝမှာ မှတ်တမ်းမှတ်ရာအဖြစ် ပြောရမယ်ဆိုရင် ဓားတောင်လို့ထင်ပါတယ်။ ဦးကျော်ဟိန်း ကြုံပြောခဲ့သလောက် မဖြစ်ဘူးလို့ပြောရင် အဲဒီမေးခွန်းမှားပါသလား။

■ ရိုက်ခဲ့သမျှ ရုပ်ရှင်ဘယ်နှစ်ကား၊ ဗီဒီယိုဘယ်နှစ်ကားရှိပြီလဲ။ မှတ်ထားတာရှိပါသလား။ ကြိုက်တာဘယ်ကား၊ မကြိုက်တာ ဘယ်နှစ်ကားရှိပါသလဲ။ ဘယ်ကားဟာ ပြည်သူတွေအတွက် အဆိပ်အတောက်ဖြစ်စေခဲ့သလဲ။ ယူဆပါသလဲ။ တရားဝင်ဖြေပါ။




# နေဝင်းမောင်

■ ဒီကနေ့တခြား အနုပညာနယ်ပယ်တွေမှာ မော်ဒန်၊ ပို့စ်မော်ဒန် စသည်ဖြင့် အမည်တပ်ကြတဲ့ ပန်းချီ၊ ဝတ္ထု၊ ကဗျာတွေကို ဆန်းသစ်တဲ့ တင်ပြဟန်များနဲ့ရေးဖွဲ့ ဖန်တီးနေကြတာ တွေ့ရပါတယ်။ မြန်မာရုပ်ရှင်၊ ဗီဒီယိုမှာလည်း သမရိုးကျဖော်မြူလာများ အတိုင်းမဟုတ်တဲ့ အစဉ်အလာ ပုံသဏ္ဍာန်များက ခွဲထွက်လာတဲ့ ထူးခြားဆန်းသစ်တဲ့ တင်ပြမှုများ ပြုလုပ်ဖို့ စိတ်ဝင်စားပါသလားခင်ဗျာ။ အဲဒီလို အသစ်ပြုလုပ်တာမျိုးတွေနဲ့ပတ်သက်လို့ ဦးကျော်ဟိန်းရဲ့ အမြင်ကိုသိပါရစေ။

■ ဦးကျော်ဟိန်းဟာ သူ့ရဲ့အနုပညာကြေးကို တဖြည်းဖြည်းမြှင့်ယူလာလိုက်တာ အခုဆိုရင် အတော်ကြီး မြင့်မားနေပြီလို့ပြောကြပါတယ်။ ဦးကျော်ဟိန်းက အခုလိုဈေးတက်ယူခြင်းဟာ RC ဈေးတွေ အဆမတန်မြင့်တက်စေဖို့အကြောင်းဖြစ်စေခဲ့ပြီး ပရိသတ်ကိုဈေးကြီးပေးကြည့်ဖို့ ဖြစ်စေခဲ့တယ်လို့ ပြောဆိုမှုတွေရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဦးကျော်ဟိန်းအနေနဲ့ ဘယ်လိုမှတ်ချက်ပေးချင်ပါသလဲ။

■ ဦးကျော်ဟိန်းကို ဒီကနေ့ Gentleman တစ်ယောက်အဖြစ် လက်မခံနိုင်သေးသော လူကြီး၊ လူလတ် တချို့ရှိနေပါတယ်။ သူတို့ကို ဦးကျော်ဟိန်း အနေနဲ့ ဘာများပြောချင်ပါသလဲခင်ဗျာ။





# မြတ်ခိုင်

■ အားနာပါတယ်။ ဟိုတစ်လောလေးက ပိုးကျော်ဟိန်း မင်္ဂလာဧည့်ခံပွဲလုပ်ပါတယ်။ ဦးကျော် အသိုင်းအဝိုင်းလာတယ်။ ဦးကျော် လာနိုး ပရိသတ်စောင့်မျှော်ကြတာ သတိထားမိတယ်။ ဦးကျော်လာတာ မတွေ့ဘူး။ အဲဒါနဲ့ပတ်သက်လို့ ဦးကျော်ဟိန်းရဲ့ အဖေ့စိတ်ကို သိချင်တယ်။ အများရှေ့မှာ ဖြေသင့်၊ မဖြေသင့် ဦးကျော်အပိုင်းပဲ။

■ ဦးကျော်မှာ သမီးတွေ အများကြီးမွေးထားတယ်ပေါ့ဗျာ။ သားက မောင်နေဝင်း တစ်ယောက်တည်း၊ အနုပညာဗီဇ ဘယ်သား၊ သမီးဆီမှာမှ မပါကြဘူးလား။ ကိုယ့်သား၊ သမီးကို ကျော်ဟိန်း အမွေပေးဖို့ အစီအစဉ် မရှိဘူးလား။

■ ရိုင်းတယ်ထင်ရင် ခွင့်လွှတ်ပါ။ ခုတစ်လော မြန်မာနိုင်ငံမှာ အမေရောဂါ တော်တော်ထနေပါတယ်လို့ ဆိုရမယ် ထင်ပါတယ်။ ဦးကျော်ဟိန်းရော အမေအစီအစဉ်ထဲရောပြီး ယိမ်းကဖို့ အစီအစဉ်ရှိ၊ မရှိ။

# ဝင်းငြိမ်း

■ ၁၉၉၇ ခုနှစ်ဦးမှာ ဘဘဦးသုခ အမေလို့ လှုပ်ရှားပြီးတဲ့နောက် လူငယ်တော်တော်များများ အမေနေ့အပေါ်မှာ အာရုံစိုက်လာတယ်။ မကြာသေးခင်က မိုက်တီးရိုက်တဲ့ ကမ္ဘည်းဗီဒီယိုထဲမှာ သားသမီးအပေါ်အနစ်နာခံတဲ့အဖေအဖြစ် သရုပ်ဆောင်ထားတယ်။ စုန်ရေတုန်းကလည်း ဒီလိုပဲ အောင်မြင်ခဲ့တယ်။ အဲတော့ ရင်ထဲထည့်ပြီး သရုပ်ဆောင်ရင် ပီပြင်တယ်လို့ ဆိုတယ်။ စုန်ရေတုန်းကထည့်လို့ အောင်မြင်တာလို့ ယုံတယ်။ ခုကမ္ဘည်းမှာလည်း အဲလိုပဲလို့ ယုံတယ်။ သားတစ်ယောက်နဲ့သမီးများရဲ့အဖေဖြစ်တဲ့ ဦးကျော်အနေနဲ့ဒီခံစားချက်တွေထည့်ပြီး ရိုက်တယ်ဆိုတာဟုတ်ပါသလား။

■ မိဘဆိုတာသားသမီးအပေါ် ညီမျှတယ်လို့ပြောတယ်။ ဆိုးရင်ဆိုးလို့စသဖြင့် ဘယ်သူ့ကိုမှ မပိုဘူးတဲ့။ အဲဒါ ဦးကျော် လက်ခံပါသလား။ တချို့ကတစ်ယောက်ကိုပိုတယ်။ အဲဒါမျိုးဦးကျော် ရင်ထဲမှာရှိပါသလား။ ရှိရင် အတိအလင်း ဝန်ခံရဲလား။ ဘာကြောင့်လဲဆိုတာ ပြောနိုင်မလား။

■ ဒီမေးခွန်းနဲ့ တစ်ဆက်တည်းမေးချင်တာက ဦးကျော်ရဲ့ အိမ်ထောင်သုံးဆက်က သားသမီးတွေကို ချစ်မှာပဲလို့ ယုံပါတယ်။ အဲ့လိုချစ်ပါရက်နဲ့ မကြာသေးခင်က လက်ထပ်သွားတဲ့ပိုးတုရဲ့မင်္ဂလာဆောင်ကို ဦးကျော်အဖေတစ်ယောက်အနေနဲ့ ဘာလို့မလာတာလဲ။

■ အသက်(၅၀)ဝန်းကျင်ရောက်လာတဲ့အခါမှာ ဦးကျော်ရိုက်တဲ့ကားတွေထဲမှာ မိဘမေတ္တာတွေများလာတယ်။ ရုပ်ရှင်ထဲကသားသမီးတွေအပေါ်မှာ ခံစားရသလို အပြင်ကသားသမီးတွေကိုရော ရင်ထဲမှာတကယ်ခံစားမှု ရှိပါသလား။ ရှိတယ်ဆိုရင် အဲဒီခံစားချက်ကို ကျွန်တော်သိပါရစေ။

# နေဝင်းမောင်

■ ဒီဘက်ခေတ်မှာ စီးပွားရေးပုံစံပြောင်းသွားပြီ။ မျက်စိရှေ့မှာ ချမ်းသာသွားကြတာတွေရှိတော့ တခြားနယ်က မိမိကိုယ်မိမိယုံကြည်သူက မူလအလုပ်စွန့်ဖို့စဉ်းစားတာ၊ လက်တွေ့ စွန့်တာတွေရှိတယ်။ ဦးကျော်ရော ဒီလို အတွေးတွေပေါ်ဖူးသလား။

■ လူတော်တော်များများဟာ အောင်မြင်ကျော်ကြားမှုကို လိုချင်တတ်ကြပါတယ်။ အောင်မြင်ပြီး မကျော်ကြားသေးသူက ကျော်ကြားမှုကို လိုချင်ကြတယ်။ ဦးကျော်ရဲ့အောင်မြင်၊ ကျော်ကြားမှု မိမိဘဝကို ဘယ်လိုကောင်းကျိုး၊ ဆိုးကျိုးတွေ ပေးနေပါသလဲ။

# ဝင်းငြိမ်း

■ ကွယ်လွန်သွားတဲ့မင်းသားကြီးတစ်ယောက်ဆိုရင် သေတဲ့အချိန်ထိ အဖေခန်းလုံးဝမရိုက်ပါဘူး။ ဦးကျော်ခု (၅၀) ဝန်းကျင်မှာ အဖေခန်းက ဝင်လာပါတယ်။ ဒီထက် အသက်ကြီးသွားရင် ဘယ်လိုဇာတ်မျိုးတွေ ရွေးမှာလဲ။ သို့မဟုတ် နားမှာလား။ ဘယ်အရွယ်မှာနားမှာလဲ။ ပရိသတ်လက်ခံတဲ့အထိရိုက်ဦးမယ်လို့ဖြေခဲ့ရင်၊ ဘယ်အချိန်ထိလက်ခံလိမ့်မယ်လို့ မျှော်လင့်ထားပါသလဲ။

# မြတ်ခိုင်

■ ဟိုတစ်လောက ဦးကျော်ဟိန်း လူပျက်လုပ်ပြီး အမျိုးသားဇာတ်ရုံမှာ ကမယ်လို့ သတင်းကြားတယ်။ စောင့်နေတုန်းမှာ လူများလုပ်တာ မလုပ်ဘူးဆိုပြီး အစီအစဉ်ပျက်သွားတယ်ကြားတယ်။ လူများလုပ်တာ မလုပ်ဘူးဆိုတာ ကျော်ဟိန်းအိုက်တင်လို့ပြောရင် မှားပါသလား၊ မှားနိုင်ပါသလား။

■ ကိုယ့်ကိုယ်ကို ကိုယ်ပြိုင်တယ်ဆိုတဲ့စကားကို ဦးကျော်ဟိန်းအမြဲပြောတယ်။ ရှေ့ကလူတွေ ပြိုင်ခဲ့ပြီးပြီ။ နောက်က လူတွေလည်းပြိုင်ခဲ့ပြီးပြီ။ နောက်ထပ်ဘယ်သူနဲ့ပြိုင်ဖို့ရှိပါသေးလဲ။ အဲဒါသိချင်ပါတယ်။

**■ အလုပ်တွေဘယ်တော့ အကြောဖြတ်မလဲဆိုတာ သိချင်ပါတယ်။**

■ ဒီဘက်ခေတ် မင်းသားများပီပီ ကံကြမ္မာအလှည့်အပြောင်း ကြုံစရာမရှိတော့ပါဘူး။ ပရိသတ်ဆီက ရခဲ့တဲ့ငွေတွေထဲက ပရိသတ်အတွက် ကျော်ဟိန်းဖောင်ဒေးရှင်းဆိုပြီး လူမှုရေး၊ ပညာရေးလုပ်ပေးဖို့ အစီအစဉ် မရှိဘူးလား။



# နေဝင်းမောင်

■ အသက်(၅၀)ဝန်းကျင် ရောက်လာတဲ့ကာလမှာ ဦးကျော်ဟိန်းရဲ့ လက်ရှိ ဘဝပေးအခြေအနေအပေါ် ဘယ်လောက် ကျေနပ် အားရမှုရှိပါသလဲ။

■ အနုပညာအစွမ်းအစ ရွှေစင်ရုပ်၊ ငွေကြေး၊ အောင်မြင်မှု၊ ကျော်ကြားမှု၊ ကိုယ်ကျင့်တရား၊ အတွေးအခေါ်၊ ဓမ္မ၊ သားသမီး ရတနာ အဲဒီလို အရာတွေထဲမှာ ဘယ်အရာဟာ ဦးကျော်ဟိန်းကို ကျေနပ်မှုအပေးဆုံးလဲဆိုတာ ပြောပြပါ။

■ လူတွေဟာမိဘကမွေးပေးလိုက်လို့ အသက်ရှင်နေကြတယ်ဆိုပေမယ့် လူ့ဘဝမှာအသက်ရှင်နေရခြင်းနဲ့ ပတ်သက်လို့ ရည်ရွယ်ချက် ကိုယ်စီ ရှိနေကြတာတွေ့ရပါတယ်။ မိဘအတွက်၊ သားသမီးအတွက်၊ နိုင်ငံအတွက် ဆိုတာမျိုးပေါ့။ ဦးကျော်ဟိန်းကရော ဒီကနေ့ ဘာအတွက် အသက်ရှင်နေပါသလဲ။

■ ဦးကျော်ဟိန်းဆီကို နည်းအမျိုးမျိုးနဲ့ ရောက်လာတဲ့ငွေပိုင်ရှင်၊ ဦးကျော်ဟိန်းရဲ့စားသုံးသူတွေကို အပေးချင်ဆုံးအရာ ဘာပါလဲ။ အဲဒီအရာကို ဒီကနေ့ ဘယ်လောက်ပေးပြီးပြီလဲ။

■ ဦးကျော်ဟိန်းကဲ့သို့ အောင်မြင်ကျော်ကြားမှုကြောင့် အဟန့်ကြီးမားသူ၊ တခြား ရာထူးဂုဏ်သိန်ကြောင့် အဟန့်ကြီးမားသူတွေမှာ နှလုံးသားချင်းနီးတဲ့မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်တွေရဖို့ မမြင်နိုင်တဲ့အဟန့်အတားတွေရှိနေတယ်ဆိုတဲ့ အယူအဆရှိပါတယ်။ ဦးကျော်မှာရော အထီးကျန်ဆန်တဲ့ဝေဒနာတွေခံစားရဖူးပါသလား။ စကားပြောလို့ကောင်းမယ့် မိတ်ဆွေတွေကို တောင့်တတဲ့ခံစားမှုမျိုး ခံစားရဖူးပါသလား။

■ အရည်အချင်းရှိတဲ့လူတွေဟာ မိမိကိုယ်ကိုယုံကြည်မှုရှိလာတာနဲ့အမျှ ပတ်ဝန်းကျင်ကိုတစ်ခုခု အထူးပြုပြီး အကျိုးပြုချင်တာ၊ ပြုစုပျိုးထောင်ချင်တာ၊ ပြုပြင်ပြောင်းလဲချင်တာ၊ တစ်စုံတစ်ခု ဝင်ပြောချင်တာ အဲဒီလို ဆန္ဒတွေ ဖြစ်ပေါ်လာပြီး လက်တွေ့လည်း လုပ်ကိုင်ကြလေ့ရှိပါတယ်။ ဥပမာ– ဦးအောင်သင်းဆိုရင် လူငယ်တွေရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲလိုတဲ့ သဘောတွေကို တွေ့မြင်ရပါတယ်။ ဦးကျော်အနေနဲ့ရော ပတ်ဝန်းကျင်က နိုင်ငံရေး (အမျိုးသားအရေးကိစ္စကို ဆိုလိုသည်။) စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု အဲ့ဒီလို နယ်ပယ်တစ်ခုခုကို အထူးအာရုံကျတာများ ရှိပါသလား။ ပတ်ဝန်းကျင်က လူတွေထဲက ဘယ်အရွယ်တွေကို ပိုပြီးအာရုံကျပါသလဲ။

■ လူတော်တော်များများဟာ အသက်ကြီးလေခေတ်နဲ့ ကွာဟလေဖြစ်ပြီး လောကအတွက် အသုံးမတည့်တော့တဲ့သူတွေ ဖြစ်သွားလေ့ ရှိပါတယ်။ ဦးကျော်ဟိန်းဟာ အဲဒီလိုမဖြစ်အောင် ဘာတွေ ပြင်ဆင်ထားပါသလဲ။

# ဝင်းငြိမ်း

■ ဦးကျော် အသက်(၅၀)ဝန်းကျင်မှာ ဘာသာရေးတွေ တော်တော်လုပ်လာတယ်။ သထုံမှာ စေတီတည်တယ်။ ဗိုလ်တစ်ထောင်က ဘုရား ဘယ်တော့ပြီးမလဲ။ ဦးကျော်က ကြေးစုနေတယ်လို့ ပြောလိမ့်မယ်။ ကြေးစုတယ်ဆိုရင် ဦးကျော် အလှူခံနေတာလား။ အလှူခံနေတာပါလို့ဖြေရင် အလှူခံလို့ရတဲ့ ကြေးနဲ့သာလုပ်မယ်ဆိုရင် ဒီဆင်းတုဟာ ရွာသားကောင်းမှု၊ သူကြီးဘုရား ဖြစ်မနေနိုင်ဘူးလား။

■ သထုံမှာ မနူဟာဘုရင်ရဲ့ သားတော်ဖြစ်ခဲ့ဖူးတယ်ဆိုပြီး ဘုရားတည်တဲ့ကိစ္စ ဦးကျော် ယုံကြည်လို့ လုပ်တာလား။ Publicity အတွက် အသုံးချတာလား။

# မြတ်ခိုင်

■ ဟိုအရင် ဆယ်စုနှစ်လောက်တုန်းက ကျော်ဟိန်း ဖြောင့်ချက်လိုမျိုး မေးပါဆိုလို့... ကဆုန်လပြည့်နေ့တုန်းက ဗိုလ်တစ်ထောင် ဘုရားရောက်တယ်။ ဟောင်းနွမ်းနေသော သာသနာ့အလံ၊ ဆွေးမြည့်နေသောဝါလုံးတစ်ချောင်း သာတွေ့ပါတယ်။ သထုံ မနူဟာဘုရင်ကို ကျေးဇူးဆပ်ခဲ့တဲ့ဦးကျော် ဗိုလ်တစ်ထောင်မှာတည်မယ့် ကြေးသွန်းဘုရားကြီးကို မေ့သွားပြီလား။

■ သထုံဘုရင် မနူဟာဘုရင်နဲ့သံသရာမှာဘယ်လိုတော်စပ်ခဲ့ဖူးတယ်ဆိုတာ သိပါရစေ။

■ သေဖို့ အဆင်သင့် ပြင်ဆင်ထားတယ်လို့ ကြားရပါတယ်။ သေရင် မီးရှို့ဂူသွင်း၊ ပြာချ၊ (၇)ရက် ဆုတောင်းစသဖြင့် ဘာလုပ်မယ်လို့ စဉ်းစားထားပြီးပြီလဲ။

■ ရာသက်ပန် သက်သတ်လွတ်စားတယ်။ (၁၂)နာရီကျော်ရင် ဘာမှမစားတော့ဘူးဆိုတာ ဘယ်ကာလထိပါလဲ။

# နေဝင်းမောင်

■ လူငယ်တချို့ကို ရုပ်ရှင်အနုပညာ၊ အတတ်ပညာနဲ့ ပတ်သက်ပြီး လက်ဆင့်ကမ်းတဲ့ အစီအစဉ်တစ်ခုလုပ်ခဲ့တာ ကြားဖူးတယ်။ သူတို့နဲ့တွေ့တော့ အဓိကအားနည်းချက်တွေ ပြောပြပါ။ ဒီအချက်ဟာ ဦးကျော်နဲ့မတွေ့ခဲ့တဲ့ လူငယ်တွေဆီမှာရော ရှိနေနိုင်မှာလား။

# ဝင်းငြိမ်း

■ လုပ်ခဲ့တဲ့ အလုပ်ထဲမှာ သိပ်ကောင်းတဲ့ အလုပ်ပါ။ ချောင်းဝကျောင်းမှာ စိတ်အမွေ ဆက်ခံပွဲဆိုတဲ့ ခေါင်းစဉ်နဲ့ ကန်တော့ပွဲပေးတယ်။ အလှူခံစုံလာတယ်။ တကယ်လို့ဦးကျော်က ကျွန်တော်လုပ်နေတယ် ကိုဝင်းငြိမ်းရေဆိုရင် ထပ်ဆင့်မေးပါရစေ။ မျိုးဆက်သစ်တွေထဲမှာ အခကြေးငွေ သိန်းနဲ့ချီပြီး တောင်းတာ မပေးနိုင်တဲ့ ကလေးနှစ်ယောက်ကို ရန်ကုန်ဘူတာကြီးမှာ ညကြီး မင်းကြီး ထားပစ်ခဲ့တယ်လို့ သတင်းရပါတယ်။ ဦးကျော် ဘာများပြောချင်လဲ။



■ အဖွားကြီးတွေအတွက် ပထမနိမိတ်ဆိုပြီး ဘိုးဘွားရိပ်သာမှာ ကန်တော့ပွဲပေးတာ ခု ဘယ်အခြေအနေ ရောက်ပြီလဲ။ ဦးကျော်မအားသေးလို့၊ ဆက်မရိုက်လို့ ရပ်နေတယ်တဲ့။ သူတို့တွေသိပ်ဒုက္ခရောက်နေတယ်ဗျာ။ ဆက်ရိုက်ရင် ဘယ်လောက်ရမယ်၊ ဘဏ်အပ်မယ်၊ အတိုးကိုလစဉ်အချိုးကျ ခွဲဝေယူမယ်တဲ့။ ဦးကျော်ဘာဆက်လုပ်မလဲ။ ဘာအခက်အခဲတွေရှိလဲ။

# မြတ်ခိုင်

■ မင်းသမီးကြီးများအတွက် ဦးကျော်ဟိန်း ဗီဒီယိုတစ်ကား ရိုက်ပေးမယ်ပြောခဲ့ပြီး မရိုက်တာ ဘာဖြစ်လို့လဲ။

# ဝင်းငြိမ်း

■ သီချင်းဆိုစဉ်တုန်းက လူငယ်တွေအတုယူလောက်အောင်ဆိုခဲ့ဖူးတယ်။ အောင်မြင်ခဲ့ဖူးတယ်။ ခုဘာ့ကြောင့်မဆိုတာလဲ။ အချိန်မပေးနိုင်လို့လား။ စိတ်မဝင်စားတော့ဘူးလား။

■ ကျွန်တော့်ကိုယ်စားဝတ္ထုကို ရေးခဲ့တယ်။ အမှန်တကယ် ရေးခဲ့တယ်လို့လည်းယုံတယ်။ ဘာ့ကြောင့်လည်း ဆိုတော့ မဟောသီတို့၊ ပေဖူးလွှာတို့မှာဝတ္ထုတိုလေးတွေရေးခဲ့တဲ့ လက်ရေးမူတွေကို ကျွန်တော်တွေ့ဖူးတယ်။ ရေးနိုင်ရက်နဲ့ စာပေကိုရော စိတ်မဝင်စားဖူးလား။ တကယ်လို့ ရုပ်ရှင်နားတော့မယ်ဆိုရင် စာပေကိုစိတ်ဝင်စားမှာလား။

# မြတ်ခိုင်

■ ကြုံလို့ပါ... ဦးကျော်က အကယ်ဒမီမရရင်၊ မသေချာရင်မလာတတ်ဘူး။ သေချာမှလာတယ်လို့ပြောနေကြတယ်။ မရတဲ့နှစ်၊ ရတဲ့လူကိုမုဒိတာမပွားတတ်ဘူးလို့ ပြောကြတယ်။ ဦးကျော်ဘက်က ဘာများပြောလိုပါလဲ။

■ အခါကြီး၊ ရက်ကြီး၊ ပွဲကြီးလမ်းကြီးတွေမှာ သရုပ်ဆောင်တော်တော်များများဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပါဝင်နေချိန်မှာ ဦးကျော်ဟိန်းအုတ်ရောရော၊ ကျောက်ရောရော မပါတတ်တာ ဦးကျော်ဟိန်းဘယ်ကရပါသလဲ။

■ ကျွန်တော့်ကိုယ်စားပြောပေးပါ လုံးချင်းဝတ္ထု ရေးခဲ့ဖူးတယ်။ အဲဒါ စာရေးဆရာတစ်ယောက်က သူရေးပေးခဲ့တာပါလို့ပြောရင် ဦးကျော်ဟိန်းဘက်က ဘယ်လိုတုံ့ပြန်လိုပါသလဲ။

**စတ် M4 C:\Thu Zar \ Beauty December Folder \ Dec (36) M**
**1 Second**

## ဦးကျော်ဟိန်းနှင့်အင်တာဗျူး

မေး – မေးနေကျမေးခွန်းပါပဲ၊ ဒါပေမဲ့ ထပ်မေးပါရစေ၊ ဦးကျော်က အလုပ်တစ်ခုကို သူများနဲ့ မတူအောင် ထူးထူးခြားခြား လုပ်တတ်တဲ့ အလေ့အထကို အမြဲတွေ့ရတယ်၊ အခုလုပ်သွားတဲ့ Rhythm of Kyaw Hein Evolation 60 04 ကို ဘယ်လို စိတ်ကူးနဲ့ လုပ်ခဲ့တာပါလဲ၊

မေး – Rhythm of Kyaw Hein Evolution 60 04 ဆိုတာက ဘယ်လို Image ကို ထင်ဟပ်ချင်လို့ပါလဲ၊ ဒီပွဲကို အောင်မြင်တယ်လို့ ပြောလို့ရမလား။

မေး – ဦးကျော်ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်ရိုက်တဲ့ ဇာတ်ကားမှာ ဇာနယ်ဇင်းသမားကို ထက်သီးနဲ့ ထိုးလိုက်တဲ့ အခန်းပါလာတယ်၊ အဲဒါကို ကြည့်ခြင်းအားဖြင့် တကယ့်အပြင်မှာ ဒီကနေ့ ဇာနယ်ဇင်းသမားတွေအပေါ်ထားတဲ့ ဦးကျော်ရဲ့ စိတ်ထားအမြင်ကို သိချင်တယ်။

မေး – ဦးကျော်က တရားမှုတွေ လေ့လာလိုက်စားပြီး ကျင့်ကြံနေထိုင်တယ်လို့ သိရတယ်၊ ဒါပေမဲ့ အနုပညာဘက်မှာလည်း အခုချိန်ထိ လှုပ်ရှားနေတုန်းပဲ၊ ပရိသတ် အသိအမှတ်ပြုခံနေရသေးတယ်ဆိုတော့ အဲဒီဘဝကို သာယာမိသေးလား။ အဲဒီလို အချိန်မျိုးမှာ ဦးကျော် သေရမှာကို ကြောက်သေးလား။

မေး – အခုဘဝမှာတော့ ဦးကျော်ရဲ့ ဘဝဟာ အောင်မြင်ကျော်ကြားမှုတွေနဲ့ နေပျော်ကျေနပ်စရာပဲလို့ ယူဆလို့ ရမယ်ထင်တယ်၊ နောင်ဘဝအတွက်ကော အခုကတည်းက ဦးကျော် ဘယ်လိုဆုတောင်းထားသလဲ၊

မေး – ဦးအန်းလွင်ရဲ့ "ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်ဖြစ်လာရသူတစ်ယောက်အကြောင်း" စာအုပ်ဖတ်ဖူးသလား။ အဲဒီစာအုပ်နဲ့ ပတ်သက်ပြီး ဦးကျော်ရဲ့ အမြင်က ဘယ်လိုရှိလဲ၊ ဦးကျော်ရော အဲဒီ စာအုပ်ထဲကလို ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်ဖြစ်ပြီလို့ ကိုယ့်ကိုယ်ကို သတ်မှတ်ထားသေးလား။

မေး – ဦးကျော်ရိုက်ထဲ့ကားတွေမှာ အောက်ခြေလူတန်းစားတွေရဲ့ ဘဝတွေကို တော်တော်များများ ထင်ဟပ်ပြထားတာကို တွေ့ရတယ်၊ အဲဒီလို ဘဝတွေကို ဦးကျော် ဘယ်လိုလေ့လာသလဲ၊ အချစ်၊ အလွမ်း ဇာတ်ကားတွေနဲ့ ထုံမွမ်းထားတဲ့ ဒီကနေ့ ဒီဒီ လို ဈေးကွက်မှာ အခုလို ဘဝသရုပ်ဖော် ဒီဒီလိုကားမျိုးတွေကို ဘယ်လို စိတ်ကူးနဲ့ ရိုက်ဖြစ်တာပါလဲ၊

မေး – 'ဆားပုလင်းနှင်းမောင်' ဇာတ်ကားရိုက်ကွင်းမှာ မင်းသားသစ်တစ်ယောက်ကို 'ဒါလားကွမင်းသား'လို့ ပြောခဲ့ဖူးတယ်လို့ ကြားရတယ်၊ မင်းသားသစ်တွေနဲ့ ဆက်ဆံတဲ့အခါမှာ ဦးကျော်က မောက်မာတယ်လို့ ဝေဖန်သံ တစ်ချို့လည်းထွက်လာခဲ့တယ်၊ အဲဒါ အမှန်ပဲလား။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးကျော်ဘက်က ဘာများပြောစရာရှိလဲ၊

မေး – သတ်သတ်လွတ်လည်း စားတယ်၊ ဘုရား တရားအလုပ်တွေလည်း လုပ်နေတယ်၊ အရွယ်အားဖြင့်လည်း အသက်ရလာပေမဲ့ ဒီအနုပညာအလုပ်တွေကို မနားတမ်းလုပ်နေတာ ဘယ်လိုစိတ်ကူးရည်ရွယ်ချက်ကြောင့်လဲ၊

မေး – Rhythm of Kyaw Hein Evolution 60 04 ကို ဦးကျော်ရဲ့ မှတ်တိုင်တွေထဲက အကြီးဆုံး မှတ်တိုင်တစ်ခုလို့ သတ်မှတ်လို့ ရမလား။



**စတ် M4 C:\Thu Zar \ Beauty December Folder \ Dec (36) M**
**2 Second**

မေး – Idea Magazine မှာ ဦးကျော်နဲ့ ဆရာမြတ်နိုင်တို့ရဲ့ အခန်းဆက် Interview အဆက်ပြတ်သွားတာ ဘာကြောင့်များလဲ၊

မေး – ဦးကျော်ဘဝမှာ အမြဲတမ်း 'တစ်' ဖြစ်ချင်တယ်လို့ ပြောခဲ့တယ်၊ ဒါပေမဲ့ တရားသဘောအရ ဖြစ်ပျက်သဘောနဲ့ ကြည့်မယ်ဆိုရင် အမြဲတမ်း 'တစ်' ဖြစ်နေနိုင်ပါ့မလား။ အဲဒီအပေါ်မှာ ဦးကျော်ဘာများ ပြောစရာရှိပါသလဲ၊

မေး – ဦးကျော်က လူငယ်တွေကို အားပေးတယ်၊ အသစ်တွေကိုလည်း စိတ်ဝင်စားတယ်၊ အသစ်တွေကိုပဲ လုပ်ပြချင်တယ်၊ အဲဒီအတွက် ခေတ်ကို အမီလိုက်ရဲ့၊ လူငယ်တွေရဲ့ ပတ်ဝန်းကျင်အခြေအနေကို လေ့လာဖို့ ဦးကျော် ဘယ်လိုလေ့လာလုပ်ယူသလဲ၊ သိခွင့်ရှိမယ်ဆိုရင် ပြောပြပေးပါလား။

မေး – ပရိသတ်က ကိုယ့်ကို မျက်ခြေပြတ်မသွားဖို့ ကျော်ဟိန်းဆိုတဲ့ အနုပညာရှင်တစ်ယောက်ဟာ ခေတ်အလိုက် လှုပ်ရှားနေတဲ့ အနုပညာရှင်တစ်ယောက်ပါဆိုတာတွေကို မြင်လာအောင် လုပ်ပြရတဲ့အခါမှာ တစ်ခါတစ်လေ ကိုယ့်အသက်အရွယ်အရ ဘယ်လိုမှ လက်ခံလို့မရတဲ့ Art တစ်ခုက လူငယ်တွေ ကြားထဲမှာလည်း ရေပန်းစားနေတယ်၊ ခေတ်အရလည်း အဲဒီ Art က အောင်မြင်နေတဲ့အခါမှာ အဲဒီ Art ကို ဦးကျော်စိတ်ထဲက တစ်ကယ်မကြိုက်ဘဲနဲ့ ကျော်ဟိန်းဆိုတာ ခေတ်မီပါသေးတယ်ဆိုပြီး ပရိသတ်သိအောင် အတင်းလုပ်ပြရတာမျိုး ရှိခဲ့ဖူးလား။

မေး – ဦးကျော်ရဲ့ အနုပညာသက်တမ်း အသက်အရွယ်နဲ့ ခေတ်ကို အမြဲရင်ဘောင်တန်းနိုင်အောင် ကြိုးစားနေတာဟာ အခုချိန်ထိအောင် ကျော်ကြားချင်တဲ့ စိတ်ကြောင့်လား။ ဒါမှမဟုတ်ရင် ဘယ်လိုရည်ရွယ်ချက်ကြောင့်များလဲ၊

မေး – လူတစ်ယောက်ရဲ့ ဘဝဟာ ငွေကြေးချမ်းသာမှု၊ အောင်မြင်ကျော်ကြားမှုတွေနဲ့ ဘယ်လောက်ပဲပြည့်စုံတယ်ပဲ ပြောပြောလိုအပ်ချက်တစ်ခုကတော့ အမြဲရှိနေနိုင်တာပဲလေ၊ ဦးကျော်ရဲ့ ဘဝမှာရော ဘာတွေလိုအပ်နေသေးတယ်လို့ ထင်ပါသလဲ၊

မေး – ဦးကျော်က သီချင်းအဟောင်းတွေကို ပြန်ဆိုရမှာ ရှက်တယ်လို့ ပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဂီတလောကမှာ သီချင်းအဟောင်းတွေချည်း ပြန်ဆိုနေကြတာ တော်တော်များများကို ခေတ်စားနေတယ်၊ အဲဒီအပေါ်မှာ ဦးကျော်ရဲ့ သဘောထားအမြင်က ဘယ်လိုရှိပါသလဲ၊

မေး – ဒိုးလုံးရှိစဉ်တုန်းက ဒိုးလုံးနဲ့ ဦးကျော် အလုပ်အတူတွဲလုပ်ခဲ့ဖူးတယ်၊ Alter နဲ့ ပတ်သက်တဲ့ Own Tune သီချင်းအသစ်တွေလည်း ဦးကျော်အတွက် ရည်ရွယ်ပြီး ရေးပေးသွားခဲ့တယ်၊ အခု သူမရှိတဲ့ နောက်ပိုင်းမှာ Music နဲ့ ပတ်သက်ပြီး ဘာတွေ လုပ်ဖို့ စီစဉ်ထားသေးလဲ၊

မေး – Pink Floyd လို MTV မျိုး ရိုက်ချင်တယ် ဒါပေမဲ့ အနှုတ်ဖို့ ဘာဘူတို့ခေတ်ကို ဝင်ကြည့်ရဦးမယ်လို့ ပြောခဲ့တယ်၊ အခုရိုက်ဖို့အဆင်သင့်ဖြစ်ပြီလား။ ဘယ်လိုစဉ်းစား စိတ်ကူးထားလဲ၊

မေး – Modern အန်းတစ်(ဗ်)ကို ဦးကျော် သေသေချာချာပြင်ဆင်ပြီး လုပ်ခဲ့တယ်၊ Video ဇာတ်ကားအဖြစ်လည်း ထွက်လာခဲ့တယ်၊ ဒါပေမဲ့ ထင်သလောက် ဟုန်းဟုန်း တောက်ကြီးဖြစ်မလာခဲ့ဘူး။ အဲဒါဘာကြောင့်လဲဆိုတာ ဦးကျော် မြင်မိသလောက် ပြောပြပေးပါလား။

ဇော် M4 C:\Thu Zar \ Beauty
December Folder \ Dec (36) M
3 Second

မေး – အနုပညာရှင်တော်တော်များများက ကိုယ့်နာမည်ကျန်ခဲ့ဖို့ဆိုပြီး အလုပ်လုပ်ကြတာ တွေ့ရတယ်။ အဲဒီမှာတင် သူတို့ရဲ့ အတ္တကဝင်လာပြီလို့ ထင်တယ်။ အနုပညာရှင်တစ်ယောက်မှာ အဲဒီလို အတ္တမျိုး အမှန်တကယ်ရှိသင့်ပါသလား။ ဦးကျော် အခုလုပ်နေတဲ့ အနုပညာနဲ့ ပတ်သက်တဲ့ အလုပ်တွေကလည်း ဦးကျော်ရဲ့ နာမည်ကျန်ခဲ့ဖို့ဆိုတဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကြောင့်လား။ တခြား ဘယ်လို အကြောင်းတရားတွေများပါနေသေးလဲ။

မေး – အခုချိန်မှာ ပြည်သူသိ ဝါရင့်အနုပညာရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ထားပြီး ဒီကနေ့ ဒီအချိန်ထိ အနုပညာအရလည်း အောင်မြင်နေဆဲဖြစ်တဲ့ ဦးကျော်ဟာ သရုပ်ဆောင်မဖြစ်ခင်အချိန်က လမ်းပေါ်မှာ ပေတေဆိုသွမ်းလာခဲ့တဲ့ ငယ်ဘဝတွေကို ပြန်အမှတ်ရမိတဲ့အခါ ဦးကျော်စိတ်ထဲမှာ ဘယ်လို ခံစားချက်မျိုးတွေရှိနေလဲ။ သိခွင့်ရမယ်ဆိုရင် သိချင်ပါတယ်။

မေး – ဦးကျော်ရေးချင်နေတဲ့ ဦးကျော်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးဖြစ်ပြီလား။ ဘယ်အချိန်လောက်မှာ ဖတ်ခွင့်ရမလဲ။

မေး – အနုပညာအလုပ်နဲ့ ပတ်သက်လာရင် ဦးကျော်က အတ္တကြီးတယ်၊ မာန်မာနကြီးတယ်လို့ ဝေဖန်သံတွေကြားရတယ်။ အဲဒီအပေါ်မှာ ဦးကျော်ဘာများ ပြောစရာရှိပါသလဲ။

မေး – ဦးကျော်က ခေတ်လူငယ်တွေအပေါ် နားလည်ပေးနိုင်တယ်။ သူတို့ရဲ့ ရေစီးကြောင်းအပေါ်မှာလည်း အလိုက်သင့်လိုက်ပါ စီးမျောနိုင်တယ်လို့ ထင်တယ်။ အဲဒီအတွက် အနုဂ္ဂတို့ Generation က ပေါက်ဖွားလာမဲ့ နောင် Generation ကိုရော ဦးကျော်ဘယ်လို မြင်ထားလဲ။

မေး – ဦးကျော်ဟာ အသက် (၅၀) ကျော်အထိ ခေါင်းဆောင်မင်းသားနေရာကနေ နောက်တက်လာတဲ့ မင်းသမီး အငယ်တွေနဲ့ တွဲပြီး သရုပ်ဆောင်နိုင်ခဲ့တယ်။ ဦးကျော်တို့နဲ့ ခေတ်ပြိုင်မင်းသားတွေထဲမှာ ဦးကျော်လို ဖြစ်လာတာ သိပ်မတွေ့ရဘူး။ အဲဒီလို အောင်မြင်မှုကို အခုချိန်ထိ ထိန်းထားနိုင်တဲ့ လျှို့ဝှက်ချက်က ဘာလဲဆိုတာ သိခွင့်ရှိမလား။

မေး – ၂၀၀၄ ကုန်ပိုင်းလောက်မှာ ဦးကျော်ပါတဲ့ ရုပ်ရှင်ကားကြီးတွေ သိပ်မတွေ့ရတော့ဘူး။ DVD ဇာတ်ကားတွေ ခေတ်စားလာလို့ DVD အရိုက်များနေလို့လား။ DVD ရုံတင်ကားတွေပေါ်လာတဲ့အတွက် ရုပ်ရှင်ဇာတ်ကားကြီးတွေ နေရာပျောက်သွားနိုင်မလား။ ဦးကျော်ရဲ့ အမြင်ကို သိပါရစေ။ ရုပ်ရှင်ကားကြီးနဲ့ DVD မှာ ဘယ်ဟာကို ပို Feeling ရှိလဲ။

မေး – ဦးကျော်က ရုပ်ရှင်လောကကို ၁၉၆၀ ကတည်းက ဝင်ရောက်လာခဲ့တာ အခုဆိုရင် ၂၀၀၄ ကုန်တော့မယ်။ ဦးကျော်ရဲ့ အနုပညာသက်တမ်း (၄၄) နှစ်အတွင်းမှာ ဒီက ရုပ်ရှင်လောကဟာ ကြီးကြီးမားမား ပြောင်းလဲတိုးတက်လာတယ်လို့ ထင်သလား။ ဒါမှမဟုတ် ဦးကျော်တို့ ခေတ်ကထက် ပိုဆုတ်ယုတ်သွားတယ်လို့ မြင်လား။ အဲဒီအပေါ် ဦးကျော်ရဲ့ အမြင်ကို ပြောပြပေးပါဦး။

မေး – ဦးကျော်ရဲ့ Show မှာ ဦးကျော်ရဲ့ သားတွေ သမီးတွေကို ပွဲထုတ်သွားတာ တွေ့ရတယ်။ မိဘဆိုတာ ကိုယ့်သား ကိုယ့်သမီးတွေကို မျှော်လင့်ချက်ထားကြတာချည်းပဲလေ။ ဦးကျော်ရဲ့ သား၊ သမီးတွေကိုရော ဘယ်လိုမျှော်လင့်ထားလဲ။

မေး – ဦးကျော်တစ်ခါက ပြောဖူးတယ်။ ကျွန်တော်ရဲ့သား၊ သမီးတွေကို အနုပညာလောကထဲ မဝင်စေချင်ဘူး။ ဒီလမ်းက ကြမ်းတယ်တဲ့။ ဒီလောက်ကြမ်းတဲ့ ခရီးမှာ ဦးကျော် (၄၄) နှစ်လုံးလုံး ကျင်လည်ခဲ့ရတာ ဘာ့ကြောင့်လဲ။ ဒီအနုပညာလောကက အနှစ်သာရရှိတော့ စွဲဆောင်ထားတာမျိုးရှိလား။



စာမျက်နှာ (၁)ကနေ (၂၅၁)အထိ

ဦးကျော်ရဲ့ လှုပ်ရှားမှုတွေ

အားလုံးဟာ

မေးခဲ့သမျှ မေးခွန်းတွေရဲ့

အဖြေတွေပါပဲ။

ကျော်ဟိန်း

ရဲ့

လှုပ်ရှားမှုမှန်သမျှ အားလုံးကို

တစ်ချိန်လုံး စောင့်ကြည့်၊ ဝေဖန်ခြင်းခံခဲ့ရတဲ့

အကျိုးကျေးဇူးတွေကြောင့်

ကျော်ဟိန်းရဲ့ စိတ်အသိဉာဏ်၊

အတွေ့အကြုံက တစ်ဆင့်

ဒီ သရုပ်ဆောင်ကျမ်းကို ရေးနိုင်ခဲ့ပါတယ်။

ရုပ်ရှင်အတတ်ပညာနဲ့
နှစ်ပေါင်း(၄၀)
အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့
ကျော်ဟိန်းအနေနဲ့
ဒီစာအုပ်ကို
ရုပ်ရှင်လောကအတွက်
ပြန်လည်ကျေးဇူးဆပ်တယ်လို့ ယူဆပေးပါ။

# ခုခေတ် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ကြည့်ရတာ အနှစ်မပါဘူး။

တချို့သရုပ်ဆောင်တွေဆိုရင် မြင်တောင်မမြင်ဖူးဘူး။ ဘယ်သူ့ဆီမှာ ပညာသင်ပြီး ဘယ်လောက်တတ်လို့ ရိုက်နေကြတာလဲ။

ဘာအိုက်တင်တွေ လျှောက်လုပ်နေမှန်း မသိဘူးဆိုတဲ့စကားတွေကို ကြားရရင် စိတ်တိုတယ်။

ဘယ်သူ့ကို ပြောတာလဲ? ဘယ်သူ့ကိုပဲပြောပြော ကိုယ့်လောကထဲကလူတွေကို ပြောတာဆိုရင် လက်သည်းဆိတ်လို့ လက်ထိပ် နာတဲ့သဘော စိတ်ထဲမှာ ဖြစ်တယ်။

### ဒီဝေဖန်ကဲ့ရဲ့ခြင်း စကားတွေ ဦးကျော်တို့ သရုပ်ဆောင်တွေကို ဘာဖြစ်လို့ပြောတာလဲ။

## ပြောစရာဖြစ်နေလို့ ပြောခံနေရတာလား။

ပြောတဲ့လူကရော သရုပ်ဆောင်ခြင်းအတတ်ပညာတွေကို သိလို့ပြောတာလား။ ပြုပြင်စေချင်လို့ ပြောတာလား၊ စေတနာနဲ့ ပြုပြင်ပေးမယ်ဆိုရင်တော့ သေသေချာချာ နားလည်အောင်ပြော။ တပည့်ခံမယ်။ ဦးကျော်တုန်းကတော့ သေသေချာချာ သင်ပေးတဲ့လူ မတွေ့ခဲ့ဖူးဘူး။ ရိုက်ရင်းနဲ့ ဟိုလူ့မေး၊ ဒီလူ့မေး ရှာဖွေလို့ရခဲ့တဲ့အတွေ့အကြုံနဲ့ ရိုက်ခဲ့ရတာ။

အဲဒီလို ပြတ်ပြတ်ကြီးပြောရတဲ့ အကြောင်းက ဦးကျော်ကို အရမ်းဝေဖန်ဖူးတဲ့ ဆရာစိန်ခင်မောင်ရီနဲ့ ဆွေးနွေးဖူးတယ်။

သူကဘာပြောလဲဆိုတော့ *"ငါတို့က ပရိသတ်တွေကွ။*

*ပရိသတ်ဆိုတာ ထမင်းဆိုင်မှာထမင်းဝင်စားတဲ့ လူအမျိုးအစားတွေပဲ။*

*စားလို့ကောင်းရင် ကောင်းတယ် ပြောမယ်။*

*မကောင်းရင် မကောင်းဘူးလို့ ပြောမှာပဲ။*

*ကြိုက်ရင် ဆက်အားပေးမယ်။*

*မကြိုက်ရင် အဲဒီဆိုင်မှာ ဘယ်တော့မှ မစားတော့ဘူး။*

*ထမင်းစားတဲ့လူ စားလို့ကောင်းအောင်၊ အားပေးချင်အောင် ထမင်းသည်ကချက်။*

*ချက်တဲ့ အလုပ်က မင်းတို့အလုပ်၊ စားတဲ့အလုပ်က ငါတို့အလုပ်၊ ငါတို့ကို ချက်ခိုင်းရင်တော့ မချက်တတ်ဘူး။*

*ကောင်းတယ်၊ မကောင်းဘူး ဝေဖန်တဲ့ အလုပ်ပဲလုပ်တတ်တယ်"။*

ဆရာစိန်ခင်မောင်ရီ ပြောတာရှင်းတယ်။

### အဲဒီတော့ ကောင်းတယ်လို့ အပြောခံရအောင် ဘယ်လိုလုပ်မလဲ။



# လူတွေကြားထဲမှာ ရှာကြည့်ပါ။

ဦးကျော်တို့ ငယ်ငယ်တုန်းကတော့ ရှမ်းလမ်း အုတ်နံရံဘေးမှာ ဖူးဖူးပလာတာဆိုပြီး ပေါ်လာဖူးတယ်။

ပလာတာဆိုတာ ဦးကျော်တို့၊ မြန်မာလူမျိုးတွေ စားလေ့စားထမရှိတဲ့ အစားအစာတစ်မျိုး။

ဒါပေမယ့် ဒီဖူးဖူးဆရာက လူတွေရှေ့မှာ ပလာတာကို စိတ်ဝင်စားအောင် လှုပ်ရှားပြတယ်။ အထပ်တစ်ရာလို့ပြောပြီး ပလာတာကို ဆွဲဖြဲရင် အမျှင်လိုက်၊ အလွှာလိုက် ပါပါလာတာမျိုးကို လုပ်ပြတယ်။ သကြားဖြူးပြီး၊ ဒါမှမဟုတ် နွားနို့နဲ့ တို့စားရင်ကောင်းတယ် ဘာညာနဲ့ အာဝဇ္ဇန်းရွှင်ရွှင် ပြောပြီးရောင်းတယ်။ ရပ်ကွက်ထဲမှာ ဒီလိုဈေးသည်မျိုး မရှိခဲ့ဖူးဘူး။ ကိုယ့်ကုန်ပစ္စည်းကို အော်ဟစ်ရောင်းတဲ့ ရောင်းနည်းမျိုးဟာ မြန်မာနိုင်ငံမှာလည်း သိပ်ခေတ်မစားသေးတော့ သူ့ဖူးဖူး ပလာတာဟာ လူတွေရဲ့ အာရုံစိုက်ခြင်းကိုရပြီး တစ်လအတွင်း အရမ်းအောင်မြင်၊ စည်ကားသွားတယ်။

သွားဝယ်ရင် ချက်ချင်းမရတော့ဘူး။ စောင့်ရတယ်။ ဆိုင်ရှေ့မှာ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ မော်တော်ကားတွေ အဆင့်ထိ အုံလာတယ်။

ဒီမြင်ကွင်းဟာ ပိုက်ဆံလိုချင်တဲ့လူတွေကို ရင်ခုန်လှုပ်ရှားစေတယ်ထင်တယ်။ နောက်သုံးလကြာတဲ့အခါ ဖူးဖူးဆိုင်ဘေးမှာ ထူးထူးပလာတာဆိုပြီး ဆိုင်တစ်ဆိုင် ထပ်ပေါ်လာတယ်။

ဖူးဖူးလိုပဲ ထပ်တစ်ရာ ပလာတာရောင်းတယ်။ ဖူးဖူးပလာတာ လုပ်နည်းအတိုင်း လုပ်သလား။ ဖူးဖူးဆိုင်က အလုပ်သမား သစ္စာဖောက်ပြီး ဆိုင်ခွဲထွက်တာလား မသိဘူး။ ဖူးဖူးနဲ့ထူးထူး အရသာချင်းမတူတာကို ဝေဖန်သုံးသပ်နေတုန်း ဦးဦးပလာတာဆိုတဲ့ ဆိုင်တစ်ဆိုင် ထပ်ပေါ်လာပြန်တယ်။ သီချင်းတွေဘာတွေဖွင့်၊ ဆိုင်အလုပ်သမားတွေကို တူညီဝတ်စုံတွေဝတ်ပေး၊ သူကငွေအားနဲ့ထုပြီး ဝင်ဝုန်းတာ။

ဦးကျော်တို့ ဘယ်ဆိုင်မှာစားရမှန်း မသိတော့ဘူးဖြစ်ကုန်တယ်။ ဖူးဖူးဖောက်သည်တွေက ဦးဦးပလာတာ စားရင် မိတ်ပျက်မလား၊ အားနားစရာဖြစ်မလား၊ အလယ်ကထူးထူးဆိုင်မှာစားရင်ပဲ ဘယ်ညာဆိုင်နှစ်ဖက်က မျက်လုံးတွေ ဘာပြောမလဲ စသဖြင့် မလုံမလဲဖြစ်ခဲ့ရတယ်။

### သေချာတဲ့အဖြေတစ်ခု ထွက်လာတာကတော့ မူရင်းအစ ဖူးဖူးပလာတာ စားလို့ မကောင်းတော့ဘူး။

**ဘာဖြစ်လို့လဲ။**

ဘေးကပ်ရပ်ဆိုင်တွေကို သာချင်တာနဲ့ ပိုကောင်းအောင်တွေလုပ်ရင်း ထုံသွားတာလား။ အရင်းများပြီး အမြတ်နည်းသွားလို့ မကိုက်တော့တာလား။ အမှန်တကယ် စားသုံးသူရဲ့ စိတ်အသစ်တွေကိုလိုက် မမီတော့တာလား မသိဘူး။

မှတ်မှတ်ရရ တစ်နှစ်လောက်ကြာတဲ့အချိန်မှာ သုံးဆိုင်စလုံး မဖွင့်တော့ဘူး။

မူလလက်ဟောင်း ဖူးဖူးရော၊ နောက်က လိုက်လုပ်တဲ့ထူးထူးရော၊ ဈေးရောင်းချင်တာထက် ငါလည်းအောင်မြင်မလား မသိဘူးဆိုပြီး နားမလည်ဘဲ ဟိုအော်ဒီအော် ရောင်းတဲ့ ဦးဦးပလာတာပါ ပျောက်သွားတယ်။

မြန်မာလူမျိုးတွေရဲ့ လျှာအရသာနဲ့ ပလာတာနဲ့ နှစ်သက်စွဲလမ်းစွာ မချိတ်မိခင် အဲဒီနားက ပလာတာဆိုင်တွေ အကုန်လုံး လွင့်သွားတယ်။

ဦးကျော်သာဆိုရင်

ပလာတာတွေကြားထဲမှာ

# ဦးကျော်မုန့်ဟင်းခါး

ဆိုပြီးရောင်းဖြစ်မှာ။

မရောင်းခင်လည်း မြန်မာလူမျိုးတွေ တစ်ရာမှာ ကိုးဆယ်ဟာ မုန့်ဟင်းခါးကို ဘာဖြစ်လို့ ကြိုက်ကြတာလဲ။ လူတွေကြိုက်အောင် မုန့်ဟင်းခါးကို ဘယ်လိုချက်သင့်လဲ စုံစမ်းပြီးမှ ရောင်းမှာ။

ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်ရဲ့ မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ နေရာတိုင်းမှာ မြန်မာအကြိုက် မုန့်ဟင်းခါးဆိုင်တွေ အများကြီးပဲရှိတာလေ။

ဒါပေမယ့် မုန့်ဟင်းခါးချင်းအတူတူ

မန္တလေးကလူ ကြိုက်တဲ့မုန့်ဟင်းခါး ချက်နည်းပုံစံနဲ့၊

ဝါးခယ်မကလူ ကြိုက်တဲ့ မုန့်ဟင်းခါးချက်နည်းပုံစံ ဘာလို့မတူတာလဲ။

ရန်ကုန်မှာရောင်းတဲ့ တချို့ မုန့်ဟင်းခါးဆိုင်တွေကလည်း တင်တင်အေး မုန့်ဟင်းခါးလို၊

မြောင်းမြဒေါ်ချိုရဲ့ မုန့်ဟင်းခါးလို

ဘာဖြစ်လို့ ကြီးကြီး ကျယ်ကျယ် မအောင်မြင်ကြတာလဲ။



သေသေချာချာ

လေးလေးနက်နက်

စဉ်းစားကြည့်ရင်

## လူတော်တော်များများဟာ

ဘယ်အသိုင်းအဝိုင်းမှာပဲ ဖြစ်ဖြစ်၊

ဘယ်လုပ်ငန်းမှာပဲ ဖြစ်ဖြစ်၊

ကိုယ်လုပ်တဲ့ အလုပ်ရဲ့သဘောကို

နှိုက်နှိုက်ချွတ်ချွတ် မသိခဲ့ကြတာလား။

မသိဘဲနဲ့ လုပ်နေကြတာလား။

## မသိဘဲနဲ့လုပ်ခဲ့ကြတာလား။

သိအောင်ရော မကြိုးစားကြတော့ဘူးလား။

## ဒီအဖြေကိုရအောင်တွေးတဲ့ အတွေးကို

## တွေးစေချင်လို့ ဒီစာအုပ်ကိုရေးခဲ့တာပါ။

# ယောက်ျားနဲ့ မိန်းမအကြောင်း၊ ပြီးတော့ စိတ်

ကမ္ဘာပေါ်မှာ လူဦးရေ သန်းပေါင်းခြောက်ထောင်ကျော် ရှိတယ်တဲ့။

ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ရင် ယောက်ျားနဲ့ မိန်းမ နှစ်မျိုးတည်းရှိတာပါ။

ယောက်ျားအမျိုးမျိုးနဲ့ မိန်းမအမျိုးမျိုးတွေရဲ့ အမူအရာတွေကို လုပ်ကြရတာဟာ သရုပ်ဆောင်တွေရဲ့တာဝန်ပဲ။

**ယောက်ျားအမျိုးမျိုးနဲ့ မိန်းမအမျိုးမျိုး ဆိုတာဘာလဲ။**

မိန်းမပီသလွန်းတဲ့မိန်းမ၊

အလွန်ရှက်တတ်တဲ့မိန်းမ၊

တ္တန္ဒြေသိက္ခာမရှိတဲ့မိန်းမ၊

ဘာမှမသိဘဲ ရိုးလွန်းတဲ့မိန်းမ၊

ယောက်ျားဆန်တဲ့မိန်းမ၊

လုံးဝ ယောက်ျားစိတ် ဖြစ်နေတဲ့မိန်းမ၊

မိန်းမအမျိုးအစားတွေ ထပ်ခွဲရင်တော့ အများကြီး ဖြစ်သွားမှာပဲ။

ဒီအတိုင်းပဲ ဂုဏ်သိက္ခာထိန်းလွန်းတဲ့ယောက်ျား၊

ပညာတွေတတ်ပြီး သိမ်မွေ့တဲ့ယောက်ျား၊

ယောက်ျားပီသတဲ့ ယောက်ျား၊

မိန်းမဆန်တဲ့ယောက်ျား၊

တကယ်မသိပေမယ့် သိချင်ယောင်ဆောင်တဲ့ ယောက်ျား၊

တကယ်မတတ်ပေမယ့် တတ်ချင်ယောင်ဆောင်ပြီး သူများကို ဆရာလုပ်ချင်တဲ့ ယောက်ျား၊

တစ်ချိန်လုံး သူများကိုအနိုင်ကျင့်၊ ညစ်ပတ်ဖို့စဉ်းစားတဲ့ယောက်ျား၊

ဘာသောကမျိုးကိုမှ လက်မခံဘဲ ပျော်ပျော်နေတတ်တဲ့ ယောက်ျား။

မိန်းမစိတ်ရှိနေတဲ့ မိန်းမလျာတွေ ဆိုပေမယ့် ဆင်းရဲ၊ ချမ်းသာတဲ့အပေါ်မှာ မူတည်ပြီး ဝတ်စား၊ ပြောဆို၊ နေထိုင်၊ သွားလာမှု အဆင့်အတန်း ကွဲပြားသွားတဲ့ ယောက်ျား။

ယောက်ျားအမျိုးအစားတွေ ထပ်ခွဲရင်လည်း အများကြီးဖြစ်သွားမှာပဲ။

အဲဒီယောက်ျားနဲ့ မိန်းမကိုပဲ ကလေး၊ လူငယ်၊ အပျို၊ လူပျို၊ လူရွယ်၊ လူကြီး၊ ထပ်ခွဲရင် အများကြီး ဖြစ်ဦးမှာပဲ။

တကယ်တော့ယောက်ျားနဲ့မိန်းမနှစ်ယောက်ရဲ့အကြောင်းကိုနိုင်ငံတကာကပြဇာတ်တွေ၊ရုပ်ရှင်တွေ၊ဗီဒီယိုတွေ၊ ဇာတ်လမ်းတွဲတွေ ဖန်တီး၊ တင်ပြနေကြတာ ဟိုးရုပ်ရှင်စပေါ်တဲ့ အချိန်တည်းကနေ ခုချိန်ထိ မပြီးနိုင်သေးပါဘူး။

လူချင်းတူပေမယ့် ဘဝတွေမတူဘူး။ ခံစားချက်တွေ မတူဘူး။

ခံစားချက်တွေတူရင်လည်းခေတ်ချင်းမတူတော့လို့အယူအဆတွေပြောင်းသွားတာတွေရှိနိုင်တယ်ဆိုတာတွေကို သိဖို့လိုတယ်။

မိသားစုထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာ အဖြစ်အပျက်တစ်ခုကို



**ဟိုဖက်ခေတ်က မိသားစုတွေ ခံစားတာနဲ့၊**

**ဒီဖက်ခေတ်က မိသားစုတွေခံစားတာ မတူနိုင်ဘူး။**

နောက်ထပ်ဖြစ်လာမယ့် ခေတ်အသစ်တွေမှာလည်း

လူသားအသစ်တွေနဲ့၊

အဖြစ်အပျက် ဇာတ်လမ်းအသစ်တွေ၊

သရုပ်ဆောင်အသစ်တွေ၊

ဖန်တီးသူအသစ်တွေ ပေါ်လာဦးမှာပါပဲ။

ဘာပဲလုပ်လုပ် လူနဲ့လွတ်တဲ့ အလုပ်ဆိုတာ မရှိပါဘူး။

လူတွေအကြောင်းကို ဇာတ်လမ်းဆင်ပြီး သရုပ်ဆောင်နေကြရတာဆိုတော့ လူတွေရဲ့စိတ်ကို စိတ်ဝင်စားတဲ့ အသိဉာဏ် တစ်ခု ရှိဖို့လိုတယ်။

လူတွေနဲ့ လုပ်စားနေတဲ့ အနုပညာရှင်တွေဟာ လူတွေရဲ့ စိတ်ကို သိဖို့လိုပါတယ်။

**လူဆိုတာကလည်း စိတ်ကြောင့် လှုပ်ရှားနေကြတာပါ။**

**အဲဒီ စိတ်ဆိုတာကလည်း မျက်စိက မြင်တယ်၊ မြင်တဲ့အနေအထားပေါ်မှာ လိုက်ပြီး မျက်နှာအမူအရာကို ပြောင်းစေတယ်။**

**နားက ကြားတယ်၊ ချိုသာတဲ့အသံ၊ ခါးသီးတဲ့အသံပေါ်မှာ မူတည်ပြီး မျက်နှာအမူအရာ ပြောင်းစေတယ်။**

**နှာခေါင်းက အနံ့ရတယ်၊ မွှေးတယ်၊ နံတယ် အပေါ်မှာမူတည်ပြီး မျက်နှာအမူအရာ ပြောင်းစေတယ်။**

**လျှာရဲ့ အရသာ၊ ချိုတယ်၊ ချဉ်တယ်၊ ခါးတယ်၊ စပ်တယ်အပေါ်မှာမူတည်ပြီး မျက်နှာအမူအရာ ပြောင်းစေတယ်။**

**ယောက်ျား၊ မိန်းမရဲ့ အတွေ့အထိတွေနဲ့ စဉ်းစားတွေးတောမှုဆိုတဲ့ အာရုံ ခြောက်ပါးကြောင့် တစ်ချိန်လုံး လှုပ်ရှား၊ ပြောင်းလဲနေတယ်ဆိုတာကို သိဖို့လိုတာပါပဲ။**

**အာရုံခြောက်ပါးကြောင့် မျက်နှာတစ်ပြင်လုံးနဲ့ ကိုယ်ခန္ဓာတစ်ခုလုံး လှုပ်ရှားပြောင်းလဲတတ်တဲ့ သဘာဝကို သေသေချာချာ နားလည်သဘောပေါက်အောင် ရှာဖွေ၊ လေ့လာစေချင်တယ်။**

**အဲဒီ သဘောတရားတွေကို သိပြီး လှုပ်ရှားရင်**

**ကိုယ်လုပ်တဲ့ အမူအရာတွေဟာ**

**သဘာဝထဲက လူတွေရဲ့ အမူအရာတွေနဲ့ နီးစပ်မှာ သေချာတယ်။**

သရုပ်ဆောင်လုပ်နေတဲ့လူဟာ လူတော့လူပဲ။

ဒါပေမယ့် **ဇာတ်ကောင်အမျိုးအစား ပေါင်းစုံရဲ့ စိတ်ခံစားမှုနဲ့၊**

**ကိုယ်စားပြု သရုပ်ဆောင်ရဲ့ စိတ်ခံစားမှုရယ်၊ ခန္ဓာကိုယ်ရယ်** ပူးပေါင်းပြီး လှုပ်ရှားနေရတဲ့ လူစားမျိုးတွေဖြစ်တယ်။ အဲတော့ ကိုယ်မဟုတ်တဲ့လူနဲ့၊ ကိုယ်နဲ့ ပူးပေါင်းရတဲ့ နည်းစနစ်ကို ကိုယ်တိုင် ကျွမ်းကျွမ်း ကျင်ကျင် သိဖို့လိုတယ်။

သရုပ်ဆောင်သူတွေရဲ့ ဘဝဟာ စိတ်ဝင်စားဖို့ ကောင်းတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ သရုပ်ဆောင်ဖြစ်နေ သူတွေဟာ မိမိကိုယ်မိမိ မေးခွန်းတွေထုတ်ပြီး အကြောင်းအရာအားလုံးကို စိတ်ဝင်စားတဲ့စိတ်နဲ့ အဖြေ ရှာကြည့်သင့်တယ်။

သေချာတာကတော့ သရုပ်ဆောင်ခြင်း အတတ်ပညာတွေကို နားလည်ပြီး မျက်နှာအမူအရာကို အဓိကထား သရုပ်ဆောင်နိုင်တဲ့လူဆိုရင်

ရုပ်ရည်လှသည် ဖြစ်စေ၊ မလှသည် ဖြစ်စေ၊

ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်သည်ဖြစ်စေ၊ မပြေပြစ်သည်ဖြစ်စေ၊

ပရိသတ်က နှစ်သက်စွာ လက်ခံ၊ အားပေးတယ်။

ကျွမ်းကျင်တဲ့ ပညာရှင်ဆိုရင် ဇာတ်လမ်းရဲ့ အဓိကနေရာမှာ သရုပ်ဆောင်ခွင့်ရကြတယ်။

သရုပ်ဆောင်လုပ်နေတဲ့ လူတွေအားလုံးဟာ ခေတ်အဆက်ဆက်ရဲ့ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ လူပျို၊ အပျို၊ ချမ်းသာသူ၊ ဆင်းရဲသူ၊ ပညာတတ်သူ၊ မတတ်သူစတဲ့ လူတန်းစားအမျိုးမျိုးရဲ့ ဘဝအဖြစ်အပျက်တွေ၊ ဇာတ်လမ်းအရ ကွဲပြားခြားနားသွားတဲ့ အကျင့်စရိုက်တွေ၊ စိတ်ဓာတ်တွေ အပေါ်မှာမူတည်ပြီး ကိုယ်စားပြုတဲ့ အမူအရာတွေ လုပ်ပေးနေရတယ် ဆိုတာ တိတိကျကျ သိဖို့လိုပါတယ်။

**သရုပ်ဆောင်တယ်ဆိုတာ အသိဉာဏ်ကနေ စိတ်ကိုသိစေပြီး၊ စိတ်ကတစ်ဆင့် ခန္ဓာကိုယ် အပိုင်းအစ တွေကို အဆင့်ဆင့် ခိုင်းသွားတဲ့ အတတ်ပညာတစ်ခုပါ။**

**ဘယ်ဇာတ်လမ်းထဲက ဘယ်အမူအရာပဲ ဖြစ်ဖြစ်၊ စိတ်အကြောင်းတွေကို သိရင် လုပ်လို့ရပါတယ်။**

**ဇာတ်လမ်းထဲက ဇာတ်ကောင်ရဲ့စိတ်ကို သိချင်ရင်၊ ကိုယ့်စိတ်ကိုယ် အရင်သိအောင် လုပ်ဖို့လိုပါတယ်။**

**မှန်ရှေ့မှာရပ်၊ ကိုယ့်ရုပ်ကိုယ် ကြည့်ပြီး မေးလိုက်ပါ။ ငါဟာ ဘယ်လိုစိတ်မျိုးရှိတဲ့ လူစားမျိုးလဲ။ အဲ့လို မေးလိုက်တာနဲ့ အဖြေကထွက်ပြီ။**

**ကိုယ့်စိတ်ကိုယ်သိအောင် လုပ်နိုင်ရင်၊ တခြားလူတွေရဲ့စိတ်ကိုလည်း အနီးစပ်ဆုံး ခန့်မှန်း၊ ခံစားလို့ ရနိုင်တယ်။**



## အမူအရာလုပ်နေကြတဲ့ မျက်နှာဆိုတာ တစ်ထွာပတ်လည်ပဲရှိတယ်။

နိုင်ငံတကာမှာရှိတဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ၊ လူကြမ်းစတဲ့ သရုပ်ဆောင်တွေအားလုံး အမူအရာ လုပ်ကြတယ်ဆိုတာ တစ်ထွာပတ်လည်ကျော်ကျော်ရှိတဲ့ မျက်နှာနဲ့ အမူအရာလုပ်နေကြတာပါ။

မယုံရင် ကိုယ့်မျက်နှာကိုယ် တိုင်းကြည့်။

နဖူးကနေ မေးစေ့အထိ တစ်ထွာပဲရှိတယ်။

ကန့်လန့်ဖြတ်တိုင်းရင် ဟိုဖက်နားရွက်ကနေ ဒီဖက်နားရွက်ထိ တစ်ထွာနဲ့ လက်ငါးလုံးပဲ ရှိမယ်။

အဲဒီ တစ်ထွာပဲရှိတဲ့ မျက်နှာပေါ်မှာ အမူအရာလုပ်လို့ရတယ်ဆိုတဲ့ ပစ္စည်းတွေဟာ

**မျက်လုံးနှစ်လုံးရယ်၊**

**မျက်ခမ်းနှစ်ခုရယ်၊**

**မျက်ဝန်းရယ်၊**

**မျက်ခွံရယ်၊**

**မျက်ခုံးနှစ်ဖက်ရယ်၊**

**နှာခေါင်းရယ်၊**

**နှုတ်ခမ်းနှစ်ခုရယ်၊**

**ပါးနှစ်ဖက်ရယ်၊**

**နားရွက်နှစ်ခုရယ်၊**

**မေးရိုးနှစ်ခုရယ်** ဒါပဲရှိတယ်။

**အမူအရာလုပ်နေကြတဲ့ သရုပ်ဆောင်တိုင်းရဲ့ မျက်နှာတွေပေါ်မှာလည်း ဒီပစ္စည်းတွေပဲရှိတယ်။**

**အပိုမပါဘူး။**

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ၊ ကြော်ငြာတွေမှာ လှုပ်ရှားနေတဲ့ သရုပ်ဆောင်တွေဆိုရင် မျက်နှာပြင်ပေါ်က အသေးစိတ် လှုပ်ရှားမှုတွေကို အနီးကပ်ဖော်ပြရတဲ့အတွက် မျက်နှာအမူအရာကို အဓိကဦးစားပေးပြီး သရုပ်ဆောင်ကြရတယ်။

စင်ပေါ်မှာ သီချင်းဆိုတဲ့လူတွေ၊ ပြဇာတ်ကတဲ့ လူတွေအနေနဲ့တော့ မျက်နှာအမူအရာထက် ခန္ဓာကိုယ်၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်နဲ့ အသံကို ပိုပြီး အသုံးပြုကြတယ်။

တစ်ထွာပတ်လည်ပဲရှိတဲ့ မျက်နှာရယ်၊ ခန္ဓာကိုယ်တစ်ခုရယ်၊ လက်နှစ်ဖက်ရယ်၊ ခြေနှစ်ဖက်ရယ်၊ အသံရယ်၊ အတွေးအခေါ်ရယ်၊ စိတ်အသိဉာဏ်ရယ် အသုံးပြုပြီး အမူအရာလုပ်နေကြတာ ဟိုးရုပ်ရှင်တွေစပေါ်တဲ့ အချိန်ကနေ ခုချိန်ထိ မပြီးသေးဘူး။

ဘယ်သရုပ်ဆောင်က ဘယ်သူ့ထက် ပိုကောင်းတယ်၊ ဘယ်သရုပ်ဆောင်ကိုတော့ လုံးဝမမီဘူး။ ဖန်တီးပြီးသား ရုပ်ရှင်တွေ ပြန်ရိုက်တဲ့အခါမှာလည်း ရှေ့ကကားလောက် မကောင်းဘူး။ နောက်ရိုက်တာက ပိုကောင်းတယ်ဆိုတဲ့ ဝေဖန်သံတွေ၊ စိတ်ဝင်စားသံတွေ ခုချိန်ထိ ငြင်းခုန်နေတုန်းပဲ။ ဘာဖြစ်လို့လဲ။

လူ့ခန္ဓာကိုယ် ဖွဲ့စည်းမှုမှာ ပစ္စည်းအပိုမပါဘဲ အမူအရာ လုပ်နေကြတာချင်း အတူတူ၊ ဘာဖြစ်လို့ တစ်ယောက်နဲ့ တစ်ယောက် မတူကြတာလဲ။

အရမ်းအောင်မြင်သွားတဲ့လူ၊

မတိုးတက်ဘဲနဲ့ ရပ်နေတဲ့လူ၊

လုံးဝကို မအောင်မြင်တဲ့လူဆိုပြီး ကွဲပြားခြားနားနေတာ ဘာဖြစ်လို့လဲ။

အဲဒီ ကွဲပြားခြားနားမှုတွေ ဘာ့ကြောင့်ဖြစ်တာလဲ။

ကိုယ်စားပြု သရုပ်ဆောင်ရမယ့် ဇာတ်ကောင်ရဲ့ စိတ်အနေအထားကို တိတိကျကျ မသိလို့ စိတ်မှန်းနဲ့ သရုပ်ဆောင်မိရင် ဇာတ်ကောင်စရိုက် အံဝင်ဂွင်ကျ ရှိမှာမဟုတ်ဘူး။

ပြီးတော့ သရုပ်ဆောင်ပညာရှင်အနေနဲ့ ဇာတ်လမ်းထဲက ဇာတ်ကောင်စရိုက်ရဲ့ အပေါ်မှာ အာရုံစိုက်တဲ့ စိတ်ချင်းမတူလို့။ စိတ်ကနေတစ်ဆင့် အသိဉာဏ်က လက်ခံတာချင်း မတူလို့၊ အသိဉာဏ်ချင်း ကွာတော့ ဖန်တီးထုတ်လုပ်တဲ့ အနုပညာပစ္စည်း တန်ဖိုးချင်းလည်း မတူတော့ဘူး။

သေသေချာချာ လေ့လာရင် သရုပ်ဆောင်လုပ်နေသူတွေအားလုံး အမှန်တကယ်သိရမယ့် အဖြေကတော့

ကိုယ်လုပ်ရမယ့် အမူအရာကို

# ဘာ့ကြောင့် လုပ်ရတယ်ဆိုတာရယ်၊
# ဘယ်လိုလုပ်ရမယ်ဆိုတာရယ်၊

ဒီနှစ်ခုကိုသိဖို့ပဲ။

အဲဒီနှစ်ခုကို တကယ်သိပြီး လှုပ်ရှားနေတဲ့သရုပ်ဆောင်တွေဆိုရင် ရုပ်ရှင်လောကမှာ အမူအရာနဲ့ပတ်သက်ပြီး သေတဲ့အထိ ဂုဏ်သိက္ခာကြီးစွာ ရပ်တည်လို့ရနေမှာပဲ။

သတိပေးချင်တာက ဘယ်ကားပဲရိုက်ရိုက် လုပ်နေကျအမူအရာတွေ မလုပ်ပါနဲ့။

ကျဉ်းတည်း ကျပ်တည်းရောက်နေတဲ့ အချိန်မျိုးမှာ ရုတ်တရက် ဘာလုပ်ရမှန်း မသိတာနဲ့

အတွေ့အကြုံကြောင့်

လုပ်တတ်လို့လုပ်လိုက်တဲ့ အမူအရာတွေဟာ ဇာတ်လမ်းထဲက ဇာတ်ကောင်စရိုက်နဲ့

အံဝင်ဂွင်ကျ ရှိချင်မှရှိမယ်ဆိုတာကိုလည်း သိဖို့လိုပါတယ်။



ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်လမ်းရဲ့ အနေအထားပေါ်မူတည်ပြီး

လုပ်သင့်တဲ့ အမူအရာကိုပဲ လုပ်ပါ။

လုပ်တတ်တာတွေ လျှောက်မလုပ်ပါနဲ့။

**တစ်ခါတလေ မလိုအပ်ရင် ဘာမှမလုပ်ဘဲနေလိုက်တာကလည်း အမူအရာတစ်ခုပဲဆိုတာသိဖို့ လိုပါတယ်။**

ယောကျ်ားနဲ့မိန်းမ နှစ်မျိုးတည်းရဲ့ အကြောင်းတွေကို ဇာတ်လမ်းဆင်ပြီး ရိုက်နေကြတယ်ဆိုပေမယ့် ပြောင်းလဲနေတဲ့ ခေတ်အမျိုးမျိုးထဲက ဇာတ်ကောင်တွေရဲ့ စိတ်အခြေအနေတွေ၊ ဘဝအခြေအနေတွေ၊ ခံစားမှုတွေ၊ ဆုံးဖြတ်တာတွေ မတူလို့၊

မိသားစုပြဿနာတွေ၊ အချစ်ဇာတ်လမ်းတွေ မတူလို့၊

အသိဉာဏ်၊ အတွေးအခေါ်ချင်းတွေ မတူလို့၊

မျက်နှာအမူအရာတွေ၊

ကိုယ်ခန္ဓာအမူအရာတွေ၊

အသံအနေအထားတွေ ကွဲပြားသွားပါတယ်။

လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုတွေ၊

ဓလေ့ထုံးစံတွေ၊

လူနေမှုအဆင့်အတန်းတွေ၊

အသိဉာဏ် အဆင့်အတန်းတွေ၊

စည်းကမ်း၊ ဥပဒေတွေ၊

လူမပီသတာတွေ၊

အနိုင်ကျင့်ခံရတာတွေ၊

ကိုယ်ချင်းစာတရားမရှိတာတွေ ပေါ်မှာမူတည်ပြီး

မျက်နှာအမူအရာတွေ၊ ကိုယ်ခန္ဓာ အမူအရာတွေ ကွဲပြားသွားပါတယ်။

အဲဒီတော့ အမူအရာကွဲပြားမှုတွေ အတိအကျ သိနိုင်အောင် ကိုယ်ရိုက်ရမယ့် ဇာတ်လမ်းကို နားလည်အောင် သေသေချာချာ လေ့လာဖို့လိုပါတယ်။

**ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်ရဲ့ရာဇဝင်ကို ရှာဖွေပါ၊ စုံစမ်းပါ။ အဖြေမှန်ပေးနိုင်တဲ့သူကို မေးပါ။**

သိအောင်မေးပါ။

မသိရင် ဘာမှလုပ်လို့မရဘူးဆိုတာကို သိပါ။

## အကြောလျှော့ လေ့ကျင့်ခန်း

မျက်နှာအမူအရာနဲ့ သရုပ်ဆောင်နေသူအားလုံးဟာ မျက်နှာပြင်ပေါ်က အမူအရာလုပ်လို့ရတဲ့ ပစ္စည်းတွေကို လိုသလို လှုပ်ရှားလို့ရအောင် လေ့ကျင့်ခန်းလုပ်ပါ။

မျက်နှာသစ်ပြီးတိုင်း မျက်နှာပြင်ပေါ်က အကြောလျှော့တဲ့ လေ့ကျင့်ခန်းကိုလုပ်ပါ။

မျက်လုံးများကို အစွမ်းကုန် ပြူးကြည့်ပါ။

ပြီးရင် တဖြည်းဖြည်း ပြန်လျှော့တဲ့ လေ့ကျင့်ခန်းကို (၃)ခါလောက် လုပ်ပါ။

လေ့ကျင့်ခန်းလုပ်ရင်း မျက်လုံးပတ်လည်မှာရှိတဲ့ မျက်ခမ်း၊ မျက်ခွံတွေဟာ လိုသလိုအသုံးချလို့ရမှန်း သတိထားမိလာပါလိမ့်မယ်။

မျက်နှာပြင်တစ်ခုလုံးရဲ့ အသားဆိုင်တွေကို နှာခေါင်းနဲ့ မျက်ခုံးနှစ်ခုကြား တစ်နေရာထဲမှာစုပြီး ရှုံ့ထားကြည့်ပါ။

ပြီးရင် တဖြည်းဖြည်း လျှော့ကြည့်ပါ။

ပါးစပ်ကို အစွမ်းကုန် ဟကြည့်ပါ။

ခဏကြာမှ တဖြည်းဖြည်းပြန်လျှော့တဲ့ လေ့ကျင့်ခန်းကို လုပ်ကြည့်ပါ။

ခေါင်းလေ့ကျင့်ခန်းကို လုပ်မယ်ဆိုရင် ညာဖက်ကို (၅)ခါလှည့်ပါ။

ပြီးရင် ဘယ်ဖက်ကို (၅)ခါလှည့်ပါ။

ရင်ကိုကော့၊ လက်နှစ်ဖက်ကလက်ချောင်းတွေကိုချိတ်ပြီး ကျောဖက်မှာထားပေးပါ။ ရသလောက် ဆန့်ထုတ်ကြည့်ပါ။

ခဏကြာမှ တဖြည်းဖြည်း ပြန်လျှော့ပါ။

တစ်ကိုယ်လုံးက အကြောတွေ လျော့သွားဖို့အတွက် ခါးကိုကုန်းပြီး ခြေဖျားနှင့် လက်နှစ်ဖက်ထိအောင် (၁၀)ခါလောက် လုပ်ကြည့်ပါ။

အသက်ကိုပြင်းပြင်းရှူပြီး တဖြည်းဖြည်း ပြန်မှုတ်ထုတ်ပါ။

စိတ်တွေရှင်းသွားအောင် လုပ်တဲ့ လေ့ကျင့်ခန်း ဖြစ်ပါတယ်။

သရုပ်ဆောင်တွေအတွက် အဓိက အရေးကြီးဆုံးအချက်မှာ မိမိရဲ့စိတ်တွေကို ရှင်းနေအောင် ပြင်ဆင်ထားတဲ့ အလေ့အကျင့်ကို လုပ်ပါ။

သရုပ်ဆောင်တွေဆိုရင် အဲဒီလေ့ကျင့်ခန်းကို အကျင့်ပါသွားတဲ့အထိ လေ့ကျင့်ပါ။

ရုပ်ရှင်ရိုက်ရှိတဲ့နေ့ဆိုရင် အဲဒီလေ့ကျင့်ခန်းတွေ ခဏ ခဏ လုပ်ကြည့်ပါ။

တစ်ခန်း တစ်ခန်း ရိုက်ပြီးတိုင်း အာရုံစူးစိုက်တာတွေများတဲ့အတွက် စိတ်ကျဉ်းကျပ်မှုတွေ လျော့သွားအောင်

စိတ်လျှော့ လေ့ကျင့်ခန်း၊

ခန္ဓာကိုယ် အကြောလျှော့ လေ့ကျင့်ခန်းတွေ ခဏ ခဏလုပ်ပေးပါ။



ကိုယ်ခန္ဓာအပိုင်းအစတွေ အကြောလျှော့ လေ့ကျင့်ခန်းတွေ လုပ်ရသလို စိတ်ကိုလည်း လျှော့ရတဲ့ လေ့ကျင့်ခန်းတွေ လုပ်ရပါတယ်။

### စိတ်လေ့ကျင့်နည်းကို အလွယ်ဆုံး သဘောပေါက်အောင် ပြောရမယ်ဆိုရင်

ဘာအမူအရာမှ မလုပ်ခင် ကိုယ့်စိတ်အသိဉာဏ်ခွက်ထဲမှာ ဘာမှမရှိအောင် ရှင်းထုတ်တဲ့ နည်းကို အရင်ဆုံးလုပ်ပါ။

လေကိုဝအောင် အားနှင့် ရှူသွင်းပါ။ ပြီးရင် အကုန်ပြန်ထုတ်ပါ။ (၃)ကြိမ်လုပ်ပါ။ စိတ်ကို ငြိမ်အောင်ထားပါ။

အမူအရာတွေကို ဟိုလိုလုပ်လိုက်မယ်၊ ဒီလိုလုပ်လိုက်မယ်ဆိုတဲ့ ကြိုတင်စဉ်းစားတဲ့ အမူအကျင့်မျိုးကို မလုပ်မိအောင် သတိထားပါ၊ အလေ့အကျင့်လုပ်ပါ။

ကိုယ်ထည့်ချင်တဲ့ ခွက်ထဲမှာ တစ်ခုခုကျန်နေရင် ဘာကိုပဲထည့်ထည့် ရောသွားနိုင်တယ်ဆိုတာကို လက်ခံယုံကြည်ဖို့ လိုပါတယ်။

ဘာမှမရှိတဲ့ စိတ်အသိဉာဏ်ခွက်ထဲကို ထည့်မှ၊ ဘာကိုပဲထည့်ထည့် ထည့်သမျှ အကြောင်းအရာရဲ့ သီးသန့်တန်ဖိုး အစစ်ကို ရမှာသေချာပါတယ်။

ရှင်းလင်းနေတဲ့ စိတ်အသိဉာဏ် တစ်ခုတည်းရှိမှသာ ကိုယ်လုပ်ရမယ့် အမူအရာအဆင့်ဆင့်ကို လုပ်နိုင်မယ်ဆိုတာ သိဖို့ လိုပါတယ်။

အဲဒီလို အလေ့အကျင့်မျိုးမရှိရင် ပထမရိုက်တဲ့အခန်းက ဖန်တီးထားတဲ့ စိတ်လှုပ်ရှားမှုတွေဟာ နောက်တစ်ခန်း ရိုက်တဲ့ အခါမှာ ရောပြီး ပါသွားတတ်ပါတယ်။ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အသံမျိုးစုံကလည်း ကိုယ့်စိတ်ကို အနှောင့်အယှက် ဖြစ်စေတတ်ပါတယ်။

အဲဒါကြောင့် စိတ်ရှင်းလင်းတဲ့ နည်းပညာကို မတတ်ရင် နောက်တစ်ခန်းအတွက်လည်း အမူအရာအစစ်ကို မရနိုင်ဘူး ဆိုတာ သိထားရမှာဖြစ်ပါတယ်။

●

## ကဲ လေ့ကျင့်ခန်းစတဲ့အနေနဲ့ ဒေါသထွက်တဲ့ အမှုအရာကို အရင်ဆုံးလုပ်ကြည့်ကြရအောင်။

ဒေါသထွက်မယ်ဆိုရင် ဒေါသထွက်ရတဲ့ အကြောင်းတွေ အများကြီးရှိသလို၊ ဒေါသထွက်ရတဲ့ အမူအရာတွေလည်း အများကြီးရှိမှာ သေချာတယ်။

ဒါရိုက်တာကို သေသေချာချာ မေးပါ။

ဘယ်လို ဒေါသမျိုးထွက်ပေးရမှာလဲ။

အဲဒီ ဒေါသ ဘာ့ကြောင့် ထွက်ရတာလဲ။

ဘယ်လောက်အတိုင်းအတာထိ ဒေါသထွက်ပေးရမှာလဲ၊ ဆိုတဲ့မေးခွန်းပဲ။

ဒေါသထွက်ရတဲ့ အမူအရာကိုလုပ်ရမယ့် သရုပ်ဆောင်တစ်ယောက်ဟာ ဒေါသထွက်ခြင်းအကြောင်းကို သိဖို့လိုတယ်။

ဒေါသအမျိုးအစားတွေကို ခွဲခြားကြည့်မယ်ဆိုရင်

**ရုတ်တရက်ထွက်တဲ့ ဒေါသမျိုးလား၊**

**စဉ်းစားပြီး တဖြည်းဖြည်းထွက်လာတဲ့ ဒေါသမျိုးလား၊**

**ပေါက်ကွဲခွင့်ရလို့ စိတ်လွတ်ကိုယ်လွတ် ပစ်စလက်ခတ် အဆုံးစွန်ပေါက်ကွဲစွာ ထွက်ရမယ့် ဒေါသမျိုးလား၊**

**ပေါက်ကွဲခွင့်မရလို့ ကြိတ်မှိတ်ပြီး လူမသိအောင် ဒေါသထွက်နေရတာမျိုးလား၊**

**ဒေါသထွက်ရမယ့်လူကို ထွက်ခွင့်မရလို့ ဘေးကိုရမ်းတဲ့ စိတ်ဖြေဒေါသမျိုးလား။**

**ကိုယ့်မိသားစုဝင်ထဲက အဖေ၊ အမေ၊ ညီ၊ ညီမ၊ အစ်မ၊ သားသမီး၊ ဆရာ၊ တပည့် တစ်ယောက်ယောက်ကို အနိုင်ကျင့်ခံလိုက်ရလို့ ထွက်တဲ့ဒေါသမျိုးလား။**

**ကိုယ်မလုပ်နိုင်လို့ တခြားလူကို ခိုင်းလိုက်တဲ့အခါမှာ ကိုယ်ဖြစ်စေချင်သလို လုပ်မလာလို့ ခိုင်းတဲ့လူကို အားမလို၊ အားမရ ဒေါသထွက်တာမျိုးလား။**

ဇာတ်လမ်းတည်ဆောက်မှုအပေါ်မှာ မူတည်ပြီး ဇာတ်လမ်းသဘောအရ ဇာတ်ကောင်ရဲ့ စိတ်အနေအထားကြောင့်ဖြစ်လာတဲ့ ဒေါသအကြောင်းကို သိဖို့လိုပါတယ်။

ကိုယ်လုပ်ရမယ့် ဒေါသအမူအရာကို အတိအကျ လုပ်နိုင်ဖို့ ကိုယ့်ဘဝ အတွေ့အကြုံအရ မကြုံဖူးဘူးဆိုရင်၊ တွေးလို့မရဘူးဆိုရင် ဒါရိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာကို မေးပါ။

ကိုယ်ရိုက်ရမယ့် ဇာတ်လမ်းပေါ်မူတည်ပြီး ဒေါသအမျိုးအစားကို ခွဲခြားပြီး တကယ်သိအောင်လုပ်ပါ။

မသိဘဲနဲ့ရိုက်မယ်ဆိုရင် လုံးဝသဘာဝမကျနိုင်ဘူးဆိုတာ ထပ်သိပါ။

**ဒေါသရဲ့ ဇစ်မြစ်ကို သိပြီဆိုရင် ဒေါသအမူအရာကို ဘယ်လိုလုပ်ရမယ်ဆိုတာ ထပ်သိလာပါလိမ့်မယ်။**

ဘယ်လောက်အထိ ဒေါသထွက်ရမယ်ဆိုတာ သိကို သိလာပါတယ်။

တကယ်လို့ မသိခဲ့ရင် အဲဒီ ဒေါသ စိတ်ခံစားမှုရဲ့ အတိုင်းအတာကို ကိုယ်ကိုယ်တိုင်မသိသေးလို့ပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီတော့ ဒေါသဖြစ်ရခြင်းအကြောင်းကို သိအောင်လုပ်ပါ။

သိအောင်ရှာဖွေရမှာပျင်းလို့၊ သိချင်ယောင်မဆောင်မိဖို့တော့ ကိုယ့်စိတ်ကိုယ် သတိထားပါ။



သရုပ်ဆောင်လုပ်သူက ကိုယ်လုပ်ရမယ့် အမူအရာကို အတိအကျ သိချင်လို့မေးရင် ဒါရိုက်တာလုပ်သူကလည်း သရုပ်ဆောင် နားလည်အောင် ပြောပြနိုင်ရပါမယ်။

ဒေါသအမျိုးအစားကို ခွဲခြားပြီးသိပြီဆိုရင် ဒေါသထွက်ရမယ့် ဇာတ်ကောင်ရဲ့ လူနေမှုအဆင့်အတန်းဟာ ဘယ်လိုမျိုးလဲဆိုတာ နောက်တစ်ဆင့် သိအောင် ရှာဖွေပါ။

ဘာဖြစ်လို့ အဲဒီလို ပြောရလဲဆိုတော့

ရုတ်တရက်ထွက်လိုက်တဲ့ ဒေါသမျိုးထွက်ရမယ်ဆိုပါစို့။

**မျိုးရိုးစဉ်ဆက် ချမ်းသာပြီးနေလာတဲ့ မိသားစုထဲကလူဆိုရင် ဘယ်လိုပုံစံနဲ့ ဒေါသမျိုးထွက်ပြမလဲ။**

**မျိုးရိုးစဉ်ဆက်ချမ်းသာပေမယ့် စိတ်အဆင့်အတန်းနိမ့်တဲ့လူဆိုရင် ဘယ်လိုပုံစံနဲ့ ဒေါသမျိုးထွက်ပြမလဲ။**

**ပညာမတတ်တဲ့ မိသားစုထဲက လူတစ်ယောက်ဆိုရင်ရော ဘယ်လိုပုံစံနဲ့ ဒေါသမျိုးထွက်ပြမလဲ။**

**ငယ်ငယ်တုန်းက ဆင်းရဲပြီး၊ ကြီးလာမှ ဂုဏ်သိက္ခာကြီးတဲ့ အသိုင်းအဝိုင်းထဲရောက်နေတဲ့ မိသားစုထဲက လူတစ်ယောက်ဆိုရင်ရော ဘယ်လိုဒေါသမျိုးထွက်ပြမလဲ။**

**ငယ်ငယ်တည်းက ဘာပညာမှမတတ်ဘဲ သက်တမ်းတစ်လျှောက်လုံး ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတဲ့ လူစားမျိုးဆိုရင် ရုတ်တရက် ထွက်ရတဲ့ ဒေါသအမူအရာကို ဘယ်လိုပုံစံလုပ်ပြမလဲ။**

**ဘဝမှာ အနိုင်ကျင့်ခံခဲ့ရလို့ အငြိုးအတေးကြီးစွာနဲ့ ကိုယ့်အလှည့်ကိုစောင့်နေတဲ့ လူတစ်ယောက်ဆိုရင်ရော ရုတ်တရက်ထွက်ရတဲ့ ဒေါသအမူအရာကို ဘယ်လိုလုပ်ပြမလဲ။**

**ဇာတ်လမ်းအရ မမျှော်လင့်တဲ့ အနိုင်ကျင့်မှုကို ကိုယ်တိုင်ခံလိုက်ရလို့ဖြစ်စေ၊ သူများကို အနိုင်ကျင့်နေတာ မြင်လို့၊ ကြားလို့ မခံချင်စိတ်ဖြစ်ပြီး ရုတ်တရက်ဒေါသထွက်ပြရမယ်ဆိုရင်ရော. . . . ။**

**ကိုယ့်ဘဝမှာ ဒေါသထွက်လေ့ ထွက်ထမရှိဘဲ အေးအေးဆေးဆေး နေလာခဲ့တဲ့ သရုပ်ဆောင်တစ်ယောက်အနေနဲ့ အဲဒီလို ရုတ်တရက် ထွက်ရတဲ့ ဒေါသမျိုးလုပ်ရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။**

**အဖြစ်သင့်ဆုံးက လေ့လာ၊ ရှာဖွေမှုပါပဲ။**

ဒီစာအုပ်ကို လေ့လာနေတဲ့လူဟာ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ လောကထဲကလူတွေကြားထဲမှာ နေထိုင်လှုပ်ရှားနေကြရတာဆိုတော့ ယောက်ျားက ယောက်ျားလိုတွေးပြီး ရှာဖွေပါ၊ လေ့ကျင့်ပါ။

မိန်းမက မိန်းမအနေနဲ့ ခံစားပြီး ရှာဖွေပါ၊ လေ့ကျင့်ပါ။

အရေးကြီးဆုံးက သရုပ်ဆောင်လုပ်တဲ့လူတွေဟာ လူတွေကြားထဲက လူတွေရဲ့အမူအရာအစစ်တွေကို ရှာဖွေချင်တဲ့စိတ်နဲ့ ရှာဖွေနေဖို့ပါပဲ။

**သွားရင်း၊ လာရင်း တကယ့်အမူအရာအစစ်တွေကို လူတွေထဲမှာ မြင်လိုက်တယ်ဆိုရင်လည်း စိတ်ထဲမှာ မှတ်တဲ့ အလေ့အကျင့်လုပ်ပါ။**

**နောက်တစ်ခု** လမ်းခရီးမှာ အနိုင်ကျင့်ခံလိုက်ရတဲ့ကိစ္စတစ်ခုကို၊ အိမ်ပြန်ရောက်မှမိသားစုကို ပြောပြရင်း

တဖြည်းဖြည်းထွက်လာတဲ့ ဒေါသမျိုးဆိုရင်လည်း

**ချမ်းသာတဲ့လူ၊ ဆင်းရဲတဲ့လူ၊ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ လူပျို၊ အပျို၊ ပညာတတ်၊ ပညာမတတ်၊ ဇာတ်လမ်းအရ ဇာတ်ကောင်ဘဝ၊ လူနေမှုအဆင့်အတန်း ကွဲပြားမှုပေါ် မူတည်ပြီး ဒေါသထွက်တဲ့အမူအရာတွေ ကွဲပြားသွားမယ်ဆိုတာ သိဖို့လိုတယ်။**

**ခန္ဓာဗေဒပညာအရ လေ့လာမယ်ဆိုရင် ဒေါသထွက်ပြီဆိုတာနဲ့ အသက်ရှူတာတွေ မြန်လာတယ်။**

**ရင်ခုန်နှုန်းတွေ မြန်လာတယ်။**

**သွေးလည်ပတ်မှု ပုံစံတွေမမှန်တော့ဘူး။**

**ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှားတွေ ဖြစ်လာတယ်။**

**မျက်လုံးတွေ၊ မျက်နှာတွေ နီလာတယ်။**

**သဘာဝအရ ဒေါသထွက်တဲ့လူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ အမူအရာအစစ်ဟာ စိတ်ရဲ့ စေ့ဆော်မှုကြောင့် ခန္ဓာကိုယ်၊ မျက်နှာ၊ မျက်လုံးရဲ့ အနေအထားတွေ ပြောင်းလဲကုန်တယ်ဆိုတာ သိကိုသိရမယ်။**

**ဒါ သရုပ်ဆောင်တိုင်း လိုက်နာရမယ့်** သိမှုပဲ။

***"ဒီလို လုပ်ရတယ်ကွ"*** **လို့ လုပ်နေကျ အမူအရာကို လုပ်ခိုင်းလို့လုပ်မိရင် သီအိုရီ ဖြစ်သွားမယ်။ အဲဒါဆိုရင်တော့ ဘယ်ကား ရိုက်ရိုက် ဒေါသထွက်တဲ့ အမူအရာတွေက တစ်ပုံစံတည်း ဖြစ်နေလိမ့်မယ်။**

**ဇာတ်လမ်းကွဲပြားမှု၊ ဇာတ်ကောင်စရိုက်ကွဲပြားမှု၊ အချိန်ကာလကွဲပြားမှုတွေကိုသိပြီး သရုပ်ဆောင်တယ် ဆိုရင်တော့ ကိုယ်တစ်ယောက်တည်းက အမူအရာတွေ လုပ်နေပေမယ့် ဒေါသထွက်တဲ့ အမူအရာဟာ တစ်ကားနဲ့ တစ်ကား မတူနိုင်ဘူး။ တိကျတဲ့ စိတ်ခံစားမှုကို နားလည်အောင် ကြိုးစားပါ။ ရအောင်လုပ်ပါ။**

ကဲ နောက်ဒေါသတစ်မျိုးကို လေ့ကျင့်ကြည့်မယ်။

**ပေါက်ကွဲခွင့်ရလို့**

**စိတ်လွတ်ကိုယ်လွတ်**

**ပစ်စလက်ခတ်**

**အဆုံးစွန် ပေါက်ကွဲစွာ**

**ဒေါသထွက်ပြရမယ်ဆိုရင် . . . .**

ဘယ်လိုလုပ်မလဲ?

# တစ်မိနစ်စဉ်းစားပါ



ဟုတ်ပြီ။ တစ်မိနစ်စဉ်းစားပြီးရင် စိတ်ထဲမှာ လုပ်မယ်လို့ ဆုံးဖြတ်လိုက်တဲ့ အမူအရာနဲ့ ဇာတ်လမ်းနဲ့ အံဝင်ဂွင်ကျ ဖြစ်မယ့် အမူအရာ ဖြစ်၊ မဖြစ် လေ့လာကြည့်မယ်။

**(၁) ဦးကျော်သာဆိုရင် ရိုက်မယ့်အခန်းစဉ်အရ ပြောရမယ့်စကားကို အရင်ဆုံး အလွတ်ရပြီလားလို့ ကိုယ့်ကိုယ်ကို မေးမယ်။**

**(၂) ပြီးရင် ကိုယ်ခန္ဓာ၊ လက်၊ ခြေတို့ကို အသုံးပြုပြီး ဘယ်စကားကို၊ ဘယ်နေရာမှာ၊ ဘယ်လိုပုံစံနဲ့ ပြောမယ် ဆိုတာကို စိတ်ထဲမှာ အစီအစဉ်ချရင်း လေ့ကျင့်မယ်။**

**(၃) အစမ်းလေ့ကျင့်ရင်း ကင်မရာအနေအထားကို အကဲခတ်မယ်။ ကိုယ်လုပ်မယ့်အမူအရာ ကင်မရာ ဂွင်ထဲမှာ ရှိ၊ မရှိ မေးမယ်။**

**(၄) ကိုယ်နဲ့အတူ တွဲလုပ်ရမယ့် သရုပ်ဆောင်ကို ကိုယ်ဘယ်လို လုပ်မယ်ဆိုတာ ပြောပြမယ်။**

**(၅) ကင်မရာအယူအဆနဲ့ သရုပ်ဆောင်အမူအရာကို သဘောပေါက်နားလည်တဲ့ ဒါရိုက်တာရယ်၊ ကင်မရာမင်းရယ်၊ ဦးကျော်ရယ် ဘာလုပ်မယ်၊ ဘယ်နေရာမှာ ဘယ်လိုရပ်ပြီး၊ ဘာစကားတွေကို ဘယ်လိုပေါက်ကွဲစွာ ပြောဆိုအမူအရာ လုပ်မယ်ဆိုတာကို အသိပေးမယ်။**

**(၆) ပြီးရင် ပြောမယ့်စကား၊ လှုပ်ရှားမယ့် လက်၊ ခြေ အမူအရာပုံစံကို အသုံးပြုပြီး အစမ်းလေ့ကျင့်တဲ့ အနေနဲ့ ရိုက်မယ့် အတိုင်း အစမ်း ရီဟာဇယ်လုပ်ပြမယ်။**

**(၇) ဦးကျော်လုပ်ပြတဲ့ အမူအရာတွေဟာ ဒါရိုက်တာ အယူအဆ၊ ကင်မရာမင်း အယူအဆတွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ သူတို့က အကြံပေးကြမှာပဲ။ အဲလို ညှိနှိုင်းလို့ အိုကေပြီဆိုရင် ခဏလေးစောင့်ပေးပါလို့ ခွင့်တောင်းမယ်။**

**(၈) စိတ်ထဲမှာ မှတ်ထားတဲ့ကိစ္စတွေ အကုန်လုံးကို ပြန်ထုတ်ပစ်လိုက်မယ်။**
**(စောစောကပြောသလို စိတ်အသိဉာဏ်ခွက်ထဲမှာ ဘာမှမရှိအောင် အရင်ဆုံး ရှင်းထုတ်လိုက်တဲ့ သဘောပဲ။)**

**(၉) ပြီးမှ ပစ်စလက်ခတ်ဒေါသထွက်ရမယ့် ဇာတ်လမ်းဖြစ်စဉ်ကို အခန်းစဉ်လိုက်အတိုင်း အသိဉာဏ်ခွက်ထဲကို တစ်ဆင့်ပြီး တစ်ဆင့် ပြန်ထည့်မယ်။**

**(၁၀) တစ်ချိန်တည်းမှာ ဦးကျော်ရဲ့ ရင်ခုန်နှုန်းတွေ မြန်လာမယ်။**
**အသက်ရှူတာတွေ ပြင်းထန်လာမယ်။**
**သွေးတွေဆူလာပြီး အဆုံးစွန်ဆုံးစိတ်ကို မွေးယူလို့ရပြီဆိုရင်၊ ပူးတွဲသရုပ်ဆောင်မယ့်သူကလည်း အဆင်သင့် ဖြစ်ပြီဆိုရင် ရိုက်တော့လို့ ဒါရိုက်တာကို ပြောလိုက်မယ်။**

**(၁၁) မျက်နှာ၊ လက်၊ ခြေ၊ ကိုယ်ခန္ဓာအမူအရာတွေဟာ အကြိမ်များစွာအစမ်းလေ့ကျင့်ထားလို့ စိတ်အသိဉာဏ်မှာ အလွတ်ရနေမှာ သေချာတယ်။ အဆင့်ဆင့် လုပ်ရမယ့် အမူအရာတွေ၊ သူ့နေရာနဲ့သူ ပြောရမယ့် စကားတွေကလည်း အလွတ်ရနေပြီဆိုတော့။**

**(၁၂) ရိုက်ပြီဆိုတာနဲ့ ဇာတ်လမ်းအရ အခန်းစဉ်အတိုင်း အဆင့်ဆင့်မွေးထားတဲ့စိတ်တွေကို တစ်ဆင့်ပြီး တစ်ဆင့် အဆုံးစွန်ထိ ပြန်လွှတ်ပေးလိုက်မယ်။**

**(၁၃) အဲဒီ စိတ်ခံစားမှုမျိုးနဲ့ လုပ်လိုက်တဲ့အမူအရာဟာ ဇာတ်လမ်းနဲ့ အံဝင်ဂွင်ကျ အဖြစ်ဆုံး အမူအရာဖြစ်မှာ သေချာတယ်။**

**(၁၄) ဒါရိုက်တာက တော်ပြီ ကဒ်လို့အော်လိုက်တဲ့အချိန်မှာ ကာယကံရှင် သရုပ်ဆောင်ရဲ့ အသက်ရှူသံတွေဟာ မြန်နေဦးမှာပဲ။ ရင်တွေကလည်း ခုန်နေဦးမှာပဲ။**

**(၁၅) အဲဒီလို စိတ်ထဲမှာ ရှုပ်ယှက်ခတ်နေတာတွေကို စိတ်လေ့ကျင့်ခန်း လုပ်ထားတဲ့အလေ့အကျင့်နဲ့ အမြန်ဆုံး ရှင်းထုတ်နိုင်ရမယ်။**

**(၁၆) ဘာဖြစ်လို့လဲဆိုတော့ *"နောက်တစ်ခန်း ဆက်ရိုက်မယ်ဟေ့"*လို့ ဒါရိုက်တာက ပြောရင် ကိုယ့်ဘက်က အလေ့အကျင့်တွေကြောင့် နောက်တစ်ခန်း ရိုက်ဖို့အဆင်သင့် ဖြစ်နေမှာ သေချာတယ်။**

ကဲ ဦးကျော်သာဆိုရင် စိတ်လွတ်ကိုယ်လွတ် ပစ်စလက်ခတ် ပေါက်ကွဲတဲ့အခန်းကို အမှတ်စဉ်(၁)ကနေ (၁၆)အထိ အစီအစဉ်အတိုင်း စမယ်၊ အဆုံးသတ်မယ်။

ဦးကျော်ထက် ပိုပြီး တိကျတဲ့၊ ပီပြင်တဲ့၊ ပေါက်ကွဲတဲ့ အမူအရာကို တွေးလို့ရမလား။

တွေးလို့ရမယ်ဆိုရင် တွေးနော်။ အလွတ်လပ်ဆုံးတွေး၊ ဒါပေမယ့် ဘောင်ထဲမှာပဲ ဖြစ်ရမယ်။ Over မဖြစ်စေရဘူး။

အဲဒီပေါက်ကွဲတဲ့ အမူအရာကိုပဲ ဇာတ်လမ်းအရ ကိုယ်က

**မျက်စိမမြင်တဲ့လူ၊**

**နားမကြားတဲ့လူ၊**

**စကားမပြောတတ်လို့ အ နေတဲ့လူ၊**

**ဦးနှောက် ကျပ်မပြည့်တဲ့လူ၊**

**ရူးနေတဲ့လူ** အနေနဲ့ ဒီပေါက်ကွဲတဲ့ အမူအရာတွေကို သရုပ်ဆောင်ရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။

ဒါကျတော့ အဲဒီလို ဇာတ်လမ်းမျိုး မရိုက်ခင် ခန္ဓာဗေဒ ကျွမ်းကျင်သူ ပညာရှင်တွေနဲ့ ဆွေးနွေးပြီး အကြံဉာဏ် ယူသင့်တယ်။

အဲဒီ ဝေဒနာသည်တွေထဲမှာလည်း

**စကားမပြောတတ်လို့ အ နေတဲ့လူဆိုရင်** သူရဲ့ ပေါက်ကွဲတဲ့အမူအရာက ပိုပြီး စိတ်ဝင်စားဖို့ကောင်းမယ်။

ဇာတ်ကောင် စရိုက်အမျိုးမျိုးရဲ့ ဒေါသထွက်နည်းမျိုးစုံကို လေ့လာထားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ကိုယ့်ရဲ့ ရှာဖွေမှုကြောင့် ကိုယ့်အတွက် ရိုက်ရမယ့် ဇာတ်လမ်းအမျိုးအစားလည်း ပေါများလာတယ်။ အမူအရာမျိုးစုံလုပ်နိုင်နေရင် ဇာတ်သိပ်ရွေးစရာလည်း မလိုတော့ဘူးပေါ့။

ဒေါသထွက်ခြင်း အမူအရာတွေထဲက

**ပေါက်ကွဲခွင့်မရလို့ ကြိတ်မှိတ်ပြီး လူမသိအောင် ဒေါသထွက်တဲ့ အမူအရာမျိုးဆိုရင်** ဘယ်လိုလုပ်မလဲ?

ဒါမျိုးအမူအရာတွေက ချမ်းသာတဲ့အိမ်မှာ အလုပ်သမားအဖြစ် သရုပ်ဆောင်ရတဲ့လူတွေ၊ အိမ်ဖော်တွေ၊ တပည့်အဖြစ် လှုပ်ရှားရတဲ့ ဇာတ်ကောင်တွေ၊ အများဆုံး လုပ်ရတဲ့အမူအရာတွေပဲ။

**အဲဒီအမူအရာကို မျက်နှာအမူအရာပဲရိုက်မယ်၊ ခြေတွေ၊ လက်တွေ အသုံးချခွင့် မပြုဘူးဆိုရင် ဘယ်လိုလုပ်မလဲ။**

**နားရွက်နှစ်ခုရဲ့ အောက်နားက မေးရိုးကြွက်သားကို အံကြိတ်လိုက်တဲ့အခါမှာ ကြွက်သားတင်းပြီး မျက်နှာထားပါ တင်းသွားလိမ့်မယ်ဆိုတဲ့ လူတိုင်းလုပ်နေကြ သီအိုရီမျိုး လုပ်ခိုင်းရင် မလုပ်မိပါစေနဲ့။**

**မျက်ခုံးနှစ်ခုကိုစုပြီး အရမ်းရှုံ့ထားလိုက်မယ်လို့ စဉ်းစားပြန်ရင်လည်း လုပ်တဲ့အမူအရာဖြစ်သွားပါလိမ့်မယ်။**

**တကယ့်အမူအရာအစစ်ကို ရအောင်လုပ်ချင်တယ်ဆိုရင်တော့ ဇာတ်လမ်းထဲက ဇာတ်ကောင်ရဲ့စရိုက်ဟာ ဇာတ်အရှိန်ရဲ့ ဘယ်အခန်းကို ရောက်နေပြီဆိုတဲ့အပေါ်မှာ မူတည်ပြီး စိတ်ခံစားမှုဖြစ်ကြည့်လိုက်ပါ။**

**ငါဒီလို လုပ်မယ်တွေးပြီး တမင်လုပ်ကြည့်တဲ့ အမူအရာနဲ့ စိတ်ခံစားမှုကြောင့် သူ့ဟာသူ ဖြစ်သွားတဲ့ အမူအရာ မတူနိုင်ပါဘူး။**



စိတ်ထဲမှာ ခံစားလိုက်ရမှာက ***"အရင်ဦးဆုံး ငါအလုပ်ပြုတ်မယ်။ ငါ့အထက်က အလုပ်ရှင်၊ ဒါမှမဟုတ် ငါ့ဆရာ၊ ငါတစ်ခုခု လုပ်မိရင် သူ့အပြစ်က ငါ့အပြစ်ဖြစ်မယ်။ ဒီအလုပ်ကြောင့် ရတဲ့ဝင်ငွေပေါ်မှာ မှီခိုနေတဲ့ ငါနဲ့ အတူ၊ ငါ့မိသားစု ဒုက္ခဖြစ်မယ်"*** စတဲ့ ဇာတ်လမ်းအရ ခံစားမှုကြောင့် သရုပ်ဆောင်ရဲ့ မျက်လုံးအမိပ္ပာယ်တွေဟာ ပေါက်ကွဲခွင့်မရလို့ ကြိတ်မှိတ်ပြီး လူမသိအောင် ဒေါသထွက်တဲ့ အမူအရာမျိုးဖြစ်နေမှာ သေချာတယ်။

အဲလို ဖြစ်သွားတဲ့ အမူအရာမျိုးဟာ စိတ်ခံစားမှု တိကျမှန်ကန်လို့ ဖြစ်သွားတဲ့ အမူအရာအစစ်ပဲ။

**ရူးသွပ်တဲ့ သရုပ်ဆောင်တစ်ယောက် အနေနဲ့ဆိုရင်တော့ ဇာတ်လမ်းကြောင့်ဖြစ်တဲ့ ဇာတ်ကောင်ရဲ့ ဒေါသ အမျိုးအစားတွေကို စဉ်းစားလို့ ရသလောက် စာရွက်ပေါ်မှာ ချရေးပါ။**

**ဒေါသအမျိုးအစားတွေ ဘယ်နှစ်ခုရှိမလဲ။ ရှိသမျှ ဒေါသအမူအရာတွေ အကုန်လာခဲ့။**

**ဒေါသအကြောင်းတွေကို သိပြီးတော့သာ အမူအရာဖြစ်ကြည့်လိုက်။ ဇာတ်လမ်းရဲ့ ဇာတ်ကောင်စရိုက် အံဝင်မှုဟာ လုံးဝ အနီးစပ်ဆုံးပဲ။**

# စိတ်တိုတယ်ဆိုတဲ့ ခံစားမှုကို

ဒေါသအုပ်စုထဲ ထည့်လိုက်ပြီး အမူအရာ နောက်တစ်မျိုးအနေနဲ့ ဆွေးနွေးကြည့်မယ်။

ကိုယ်က စေတနာနဲ့ပြောဆိုကူညီပေးတာကို အကောင်းမထင်ဘဲ စွပ်စွဲ၊ အမြင်မှား၊ အထင်မှားခံလိုက်ရလို့ စိတ်တိုနေတဲ့အချိန်မှာ *"ဘာဖြစ်နေတာလဲ မျက်နှာကြီးက သုန်မှုန်နေတာပဲ"* ဆိုတဲ့စကားတစ်ခွန်းတည်းကိုပဲ

**အိမ်ထောင်ဖက်က ပြောတာဆိုရင်၊ အီစီကလီအဆင့် ချစ်သူက ပြောတာဆိုရင်၊**

**ကိုယ်နဲ့မတည့်တဲ့လူက ပြောတာဆိုရင်၊**

**ကိုယ့်ဆရာ၊ ကိုယ့်မိဘ၊ ကိုယ့်သူငယ်ချင်းတွေက ပြောတာဆိုရင်၊**

ပြောတဲ့လူ အနေအထားချင်း ကွဲပြားနေလို့၊ ဖြစ်ပေးရမယ့် အမူအရာတွေဟာလည်း တစ်ခုနဲ့တစ်ခု လုံးဝ မတူနိုင်ပါဘူး။

# ဒေါသဆိုတဲ့ စိတ်နဲ့ ဆက်နွယ်မှုရှိနေတဲ့

**စိတ်ဆိုးခြင်း၊ စိတ်ရှုပ်ခြင်း၊ စိတ်ညစ်ခြင်း အမူအရာတွေဟာ တစ်ခုနဲ့တစ်ခု မတူနိုင်ပါဘူး။**

**မကျေမနပ်ဖြစ်ခြင်း၊ ကြိတ်မနိုင် ခဲမရဖြစ်ခြင်း၊ ကလဲ့စားချေခြင်း အမူအရာတွေဟာလည်း တစ်ခုနဲ့တစ်ခု မတူနိုင်ပါဘူး။ ကလဲ့စားချေတဲ့နေရာမှာ သိသာထင်ရှားအောင် ကလဲ့စားချေခြင်း၊ မသိမသာ တိုးတိုးတိတ်တိတ် ကလဲ့စားချေခြင်း ဆိုပြီး ကွဲပြားတာတွေ ရှိပါတယ်။**

**ခိုက်ရန်ဖြစ်ပွားခြင်း၊ လက်နက်နဲ့ တိုက်ခိုက်ခြင်း၊ လက်နက်မဲ့ တိုက်ခိုက်ခြင်း အမူအရာ၊**

**လက်၊ ခြေတို့ကို အသုံးပြုပြီး တိုက်ခိုက်ခြင်း။ လက်၊ ခြေတို့မပါဘဲ မျက်နှာအမူအရာနဲ့ တိုက်ခိုက်ခြင်း။**

**ပြောင်မြောက်တဲ့ စကားလုံး အသုံးအနှုန်းတွေကို ပြောဆို၊ တိုက်ခိုက်ခြင်း အမူအရာ၊**

**စစ်ကားရိုက်မယ်ဆိုရင် တစ်ဖက်ရန်သူကို ကိုယ်ကမသိပေမယ့်၊ တာဝန်အရ ချေမှုန်းတဲ့နေရာမှာ စွန့်လွှတ်၊ စွန့်စားတဲ့ အမူအရာ၊**

**လက်ဝှေ့ကြိုးဝိုင်းထဲမှာဆိုရင်လည်း ကိုယ့်ရဲ့ပြိုင်ဘက်ကို ရန်ငြိုးမရှိပေမယ့် အနိုင်ထိုးတဲ့ အမူအရာတွေဟာ ဖြစ်ပျက်မှုအကြောင်းအရာ ကွဲပြားမှုတွေရှိသလို ခံစားမှုအဓိပ္ပာယ်တွေလည်း မတူနိုင်ဘူး။**

ဖြစ်သင့်တဲ့ အမူအရာ ကွဲပြားမှုတွေကို **သတိထား၊ ခွဲခြားပြီး လေ့ကျင့်ကြည့်ပါ။**

ဒါပြီး ဒါလုပ်မယ်၊

ဒါပြီး ဒါလုပ်မယ်လို့ စဉ်းစားပြီးလုပ်နေရင်၊ ကိုယ်လုပ်လိုက်တဲ့အမှုအရာတွေက နောက်ကျသွားနိုင်တယ်။

ဖြစ်ပေးရမယ့် အမူအရာကို လေ့လာပြင်ဆင်ထားလို့ ကိုယ်က သိနေပြီပဲ။

## စိတ်တွေလွှတ်ပြီးတော့သာ လုပ်ပစ်လိုက်ပါ။

ကိုယ့်ရဲ့ ရှာဖွေ၊ လေ့လာမှုအားကြောင့် စိတ်ခံစားမှု အမူအရာတွေဟာ သူ့အစီအစဉ်နဲ့သူ စနစ်တကျ တစ်ခုပြီးတစ်ခု ထွက်လာပါလိမ့်မယ်။

ထူးခြားမယ်။ ဆန်းသစ်မယ်။ ပြီးတော့ တိကျတဲ့အမူအရာမျိုးကို ရနိုင်တယ်။

**တစ်ခါတလေ အမူအရာလုပ်ဖို့ စဉ်းစားနေတုန်း မျက်နှာပြင်တစ်ခုလုံးက ငြိမ်နေပေမယ့် သွားကြိတ်သံ တစ်ခုနဲ့အတူ ကြီးစွာသော သက်ပြင်းရှည်ကြီးတစ်ခု မှုတ်ထုတ်လိုက်တဲ့ အမူအရာမျိုး လုပ်မိနေတတ်တယ်။**

**ဒါမှမဟုတ် အောက်မေးရိုးကို မူလရှိရင်းနေရာကနေ တခြားတစ်ဖက်ကို ရွှေ့လိုက်ပြီး လက်မတစ်ချောင်းတည်း လှုပ်နေတဲ့ လှုပ်ရှားမှုမျိုး လုပ်မိနေတတ်တယ်။**

**ဒါမှမဟုတ် ရုတ်တရက် ဆေးလိပ်မီးညှိ၊ တအားရှိုက်သွင်း၊ မီးခိုးတွေ အကုန်လုံးမှုတ်ထုတ်၊ တစ်ဖွာတည်းသာ သောက်ရသေးတဲ့ ဆေးလိပ်အရှည်ကြီးကို လွှင့်ပစ်၊ ခြေထောက်နဲ့ အဆက်မပြတ် နင်းချေတဲ့ လှုပ်ရှားမှုမျိုးလည်း လုပ်မိသွားနိုင်တယ်။**

**ကားမောင်းနေရင်လည်း ရုတ်တရက် ကားဟွန်းတီးလိုက်တာမျိုး၊**

**ရုတ်တရက် မောင်းနေတဲ့ကားကို ရပ်လိုက်ပြီး ကားပေါ်က ဆင်းသွားတာမျိုး၊**

**အဲဒီလို စိတ်ထဲပေါ်လာတဲ့ အမူအရာမျိုးတွေ လုပ်မိနေတယ်ဆိုရင်လည်း လွတ်လွတ် လပ်လပ်၊ ရဲရဲတင်းတင်း လုပ်လိုက်ပါ။**

ဇာတ်ကောင်ရဲ့ စိတ်အဆင့်အတန်း၊ လူနေမှု အဆင့်အတန်းတွေကို သိနေပြီဆိုတော့ ဇာတ်လမ်းသဘောအရ ဘယ်လိုဒေါသမျိုး ထွက်ရမယ်ဆိုတာကို ဆုံးဖြတ်ပြီး စိတ်လွတ်ကိုယ်လွတ် လှုပ်ရှားခွင့် ရှိပါတယ်။

## လှုပ်ရှားချင်တဲ့စိတ်၊ လှုပ်ရှားရဲတဲ့ စိတ်တွေလည်းရှိဖို့လိုပါတယ်။

**ဒေါသထွက်ခြင်းနဲ့ ခိုက်ရန်ဖြစ်ပွားခြင်းတွေဟာ တစ်ဆက်တည်း ဖြစ်တတ်တဲ့ သဘာဝဖြစ်လို့ သရုပ်ဆောင်လုပ်မယ့်လူ အားလုံးဟာ ကိုယ်ခံပညာကို အခြေခံအဆင့်လောက်တော့ တတ်အောင် သင်ထားသင့်တယ်။**

ကြိုတင် လေ့ကျင့်ထားခြင်း မရှိဘဲ ခိုက်ရန်ဖြစ်ပွားခြင်း အခန်းတွေကို ရိုက်မယ့်နေရာရောက်မှ လက်သီးထိုးကွက်တွေကို ကောက်ကာငင်ကာ အမြန်သင်ပြီး၊ မှားမှာစိုးတဲ့ စိုးရိမ်စိတ်တွေနဲ့ လှုပ်ရှားနေကြမယ်ဆိုရင်တော့ ကြည့်တဲ့ပရိသတ်အတွက် ရင်ခုန်မှုကို ဖြစ်စေမှာ မဟုတ်ပါဘူး။

ပြောင်မြောက်တဲ့ စကားလုံး အသုံးအနှုန်းတွေနဲ့ ပြောဆို၊ တိုက်ခိုက်ချင်တယ်ဆိုရင် ဇာတ်ညွှန်းရေးဆရာရဲ့ စကားလုံးကြွယ်မှု အပေါ်မှာ မူတည်တယ်။

ကာယကံရှင် ကိုယ်တိုင်ကလည်း စကားလုံးကြွယ်ကြွယ်ဝဝနဲ့ ထိရောက်အောင် ပြောဆိုနိုင်တဲ့ အရည်အချင်းတွေ ရှိရမှာဖြစ်ပါတယ်။ မရှိရင် လေ့ကျင့်ရပါမယ်။

လက်နက်မပါဘဲ မျက်နှာအမူအရာနဲ့ တိုက်ခိုက်တာကို ရိုက်ချင်တယ်ဆိုရင်လည်း လေ့ကျင့်ထားတဲ့ မျက်နှာပေါ်က အစိတ်အပိုင်းတွေကို လိုသလို ရှုံ့တွ၊ ထော့ငေါ့တဲ့ အမူအရာတွေနဲ့ လွယ်ကူစွာ လုပ်နိုင်မှာ ဖြစ်ပါတယ်။



# သရုပ်ဆောင်တဲ့ နေရာမှာ စကားမပြောဘဲ ပရိသတ်သိအောင် သရုပ်ဆောင်နိုင်ရင် အဆင့်အမြင့်ဆုံး သရုပ်ဆောင်ပညာရှင်လို့ သတ်မှတ်ခံရတာတွေ ရှိတယ်။

အကောင်းဆုံး သရုပ်ဆောင် ပညာရှင်ဖြစ်ချင်ရင် ကိုယ်လုပ်လိုက်တဲ့အမူအရာကို ဝေဖန်ပေးဖို့ အဖော်အဖြစ်ပါလာတဲ့ သူကို ပရိသတ်လို သဘောထားပြီး ကြည့်ခိုင်းပါ။

သရုပ်ဆောင်ရဲ့ အနီးဆုံးမှာ ရှိနေတဲ့လူဟာ အရေးကြီးတယ်။ ကိုယ်လုပ်တဲ့အမူအရာကို မကောင်းရင်၊ မကောင်းဘူးလို့ ဝေဖန်နိုင်တဲ့လူ ဖြစ်ရမယ်။ ကိုယ်ကလည်း ဝေဖန်တာကို ခံနိုင်တဲ့လူ ဖြစ်ရမယ်။

တကယ်လို့ ပါလာတဲ့အဖော်က ထီးမိုးပေးတဲ့ အဆင့်လောက်ပဲ ရှိတယ်ဆိုရင်တော့ ပွဲကြည့်ပရိသတ် အနေနဲ့ ကြည့်လို့ ကောင်းတယ်၊ မကောင်းဘူးပဲ မေးပါ။

အကောင်းဆုံးကတော့ စိတ်အနေအထား လှုပ်ရှားမှုကိုသိပြီး ၊ လှုပ်ရှားလိုက်တဲ့ ကိုယ့်အမူအရာဟာ ဇာတ်လမ်းနဲ့ အံဝင်ဂွင်ကျ ဖြစ်တယ်၊ မဖြစ်ဘူး ကိုယ့်ဟာကိုယ် သတိထားပြီး သိနိုင်ရင် အကောင်းဆုံးပဲ။

အဲဒီ ပြန်လည်သုံးသပ်ခြင်းကို တစ်ကဒ်ရိုက်ပြီးတိုင်း ပြန်လည်သုံးသပ်ဝေဖန်တဲ့ အကျင့်လုပ်ပါ။

ရိုက်ကွင်းထဲရောက်လို့ အမူအရာမလုပ်ခင် ဖြစ်တည်နေတဲ့ စိတ်အနေအထားကနေ၊ ဇာတ်လမ်းအရ ဇာတ်ကောင်စရိုက်နဲ့ အံဝင်ဂွင်ကျဖြစ်ပေးရမယ့် စိတ်ကိုပြောင်းပြီး သရုပ်ဆောင်လိုက်တဲ့အခါမှာ ဒါရိုက်တာက "*တော်ပြီ၊ ရပြီ*" လို့ ပြောပေမယ့် ဇာတ်ကောင်ရဲ့ စိတ်အစဉ်ဟာ ကာယကံရှင် သရုပ်ဆောင်ရဲ့ စိတ်ထဲမှာ ဆက်လက်တည်ရှိနေနိုင်ပါတယ်။

**အဲဒီ ပူးကပ်လှုပ်ရှားနေတဲ့ စိတ်အလုံးစုံကို ကွဲပြားစွာ ခွဲထုတ်ပြီး ပြန်လည်ငြိမ်သက်အောင် လုပ်တတ်ဖို့လည်း လိုပါတယ်။**

ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ်ရိုက်မယ့် အခန်းစဉ်က နောက်တစ်မျိုး ပြောင်းသွားနိုင်လို့ပါပဲ။

ဒီနေ့ ဒီအချိန် မြန်မာနိုင်ငံမှာ ရိုက်နေကြတဲ့ ရိုက်နည်းတွေက အခန်းစဉ်အတိုင်း မရိုက်ကြတော့ဘူး။ ရိုက်ကွင်း တူတဲ့ နေရာမှာရှိတဲ့ အခန်းစဉ်တွေကို ရွေးပြီး အခန်းများစွာ ကျော်လွှားပြီး ရိုက်နေကြရတယ်။

ကိုယ်က နာမည်ကြီးသရုပ်ဆောင် မဟုတ်ဘူးဆိုရင် ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်ရဲ့ စိတ်အနေအထား၊ ဇာတ်ရှိန်အတက် အကျကို သိပြီး ကြိုတင်ပြင်ဆင်ထားနိုင်မှ ဖြစ်မယ်။

ရိုက်တဲ့အခါမှာလည်း အခန်းများများ ရိုက်ပြီးဖို့ အရေးကြီးနေတဲ့အတွက် စိတ်အစဉ်ကို အမြန်ဆုံး၊ အမျိုးမျိုး ပြောင်းလဲတတ်တဲ့ ပညာတစ်ခုပါ တတ်နေဖို့လိုပါတယ်။

ရိုက်ကွင်းမှာ ကြုံတွေ့ရတဲ့ အခက်အခဲမျိုးစုံကိုလည်း မိမိတို့ သရုပ်ဆောင်တွေဘက်ကနေ နားလည်ခွင့်လွှတ်ပြီး လိုက်လျောပေးနေရတာဆိုတော့ ရိုက်ကွင်းပေါ်ရောက်ရင် ကိုယ့်သဘောမဟုတ်ဘဲ သူ့သဘောနဲ့ နေနေရတဲ့ အခြေအနေမျိုးမှာ ဇာတ်လမ်း အခန်းစဉ်နဲ့ ဇာတ်အရှိန်ထဲက ဇာတ်ကောင်စရိုက်တွေကို အလွတ်မရရင် ပြဿနာ အများကြီး တက်သွားနိုင်ပါတယ်။

အဲဒီတော့ ကိုယ်ရိုက်ရမယ့် အခန်းစဉ်တွေကို အလွတ်ရသည်အထိ လေ့လာ၊ ကျက်မှတ်ထားဖို့ လိုပါတယ်။ လေ့လာနိုင်ဖို့လည်း ဖန်တီးစီစဉ်သူတွေက အခွင့်အရေး ပေးဖို့လိုပါတယ်။

ကိုယ့်စိတ်ရဲ့ မှတ်ဉာဏ်အားတွေ ကောင်းအောင် စိတ်လေ့ကျင့်ခန်းတွေ လုပ်ရင်း ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးနည်းပါပဲ။

## ကဲ အမူအရာနောက်တစ်မျိုးဖြစ်တဲ့

# ရယ်မောခြင်း **ကိုလေ့လာကြည့်ရအောင်။**

ရယ်မောခြင်းအမူအရာကို လုပ်ရတော့မယ်ဆိုရင် မေးနေကျမေးခွန်းကို မေးလိုက်ပါ။

ဘာ့ကြောင့်ရယ်ရတာလဲ၊

ဘယ်လိုရယ်ပေးရမှာလဲ၊

ဘယ်လောက်အထိ ရယ်ရမှာလဲဆိုတာတွေကို ကွဲကွဲပြားပြား သိအောင် မေးပါ။

## ကဲ ရယ်မောခြင်း အမူအရာဆိုတာ ဘယ်လိုမျိုးတွေလဲ လေ့လာကြည့်မယ်

ရယ်မောခြင်းဆိုတာ ရယ်စရာကိုဖြစ်စေတဲ့ စိတ်ခံစားမှုကြောင့်သာ ရယ်မောမိတယ်ဆိုတဲ့ သဘောကို သိထားဖို့ လိုပါတယ်။

ဒီရယ်မောခြင်းကို သင်ကိုယ်တိုင်ဖြစ်စေ၊ တခြားလူတစ်ယောက်ရဲ့ ရယ်မောခြင်းကိုဖြစ်စေ၊ သင်ကိုယ်တိုင် မြင်ဖူး၊ တွေ့ဖူးမှာ သေချာပါတယ်။

ဝမ်းသာတဲ့အချိန်တွေ၊ ပျော်ရွှင်တဲ့အချိန်တွေ၊ ကျေနပ်တဲ့အချိန်မျိုးတွေမှာ ရယ်မောခြင်း အပြုအမူကို ပြုလုပ်တတ်ကြပါတယ်။

ဒါပေမယ့် အဲဒီ အမူအရာတွေဟာ သူငယ်ချင်း အချင်းချင်း၊ ချစ်သူ အချင်းချင်း၊ လင်မယား အချင်းချင်း ရယ်မောတာနဲ့ သာမန်မိတ်ဆွေအဆင့်ပဲ ရှိတဲ့လူရှေ့မှာ၊ လုံးဝမသိတဲ့လူ အရှေ့မှာဆိုရင်တော့ ရယ်မောခြင်း အမူအရာတွေ ကွဲပြားမှုရှိသွားနိုင်ပါတယ်။

**ရယ်မောစရာတစ်ခုကို ရုတ်တရက် သတိရပြီး လူပုံအလယ်မှာ တစ်ယောက်တည်း ယောင်ပြီး ရယ်မောနေမိခြင်း။**

**ရယ်မောရခြင်း အကြောင်းကို ဘေးကလူကို ပြန်ပြောပြရင်း သဘောကျရာမှ လုံးဝ လွတ်လပ်စွာ ရယ်မောခြင်း။**

**မိမိကို လူအများ သတိထားမိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဟန်ဆောင်အော်ဟစ် ရယ်မောခြင်း။**

**ကိုယ်က မျက်နှာစိမ်း ဧည့်သည်အဖြစ်နဲ့ ရောက်နေတဲ့နေရာမှာ ပတ်ဝန်းကျင်ကလူတွေ  ရယ်မောနေတာ ကြည့်ပြီး ဘာမှန်းမသိ ကိုယ်ပါ ရောယောင် ရယ်မောမိတဲ့အမူအရာမျိုး။**

**ကိုယ်ရယ်မောနေတာကို ကောင်မလေးတစ်ယောက် (သို့မဟုတ်) ကောင်လေးတစ်ယောက်က ကြည့်နေတာ သိသွားရင် ကိုယ့်ရဲ့ ရယ်မောခြင်းကို ရုတ်တရက် ပြောင်းလိုက်တာမျိုး။**

**ကိုယ်နဲ့ ယှဉ်ပြိုင်နေတဲ့လူကို အနိုင်ရလိုက်လို့ ကျေနပ်အားရစွာ တစ်ယောက်တည်း ရယ်မောနေတဲ့ အချိန်မှာ၊ ကိုယ်ပြိုင်တဲ့လူ အနားက ဖြတ်သွားတာ မြင်လိုက်လို့၊ ကိုယ်နိုင်တဲ့အကြောင်း သူသိအောင်၊ ရယ်မောခြင်းကို ထပ်ဆင့် ပြောင်းလိုက်တဲ့ အမူအရာမျိုး။**

**ကိုယ်ရဲ့ ရယ်မောသံကြောင့် ပြိုင်နေတဲ့လူက လှည့်ကြည့်လိုက်တဲ့အခါမှာ ကိုယ့်ရဲ့ရယ်မောခြင်းကို ဘယ်လို ဆက်ထိန်းထားမလဲဆိုတာမျိုး။**

**တကယ်လို့ ပြိုင်နေတဲ့လူက ဂရုမစိုက်ဘဲ ထွက်သွားရင် ကိုယ့်ရဲ့ရယ်မောခြင်းကို ဘယ်လို ဆက်လုပ်သင့်တယ် ဆိုတာမျိုးတွေကို အမျိုးမျိုးတွေးပြီး လေ့ကျင့်ကြည့်ပါ။**



**ကိုယ်နဲ့ပြိုင်နေတဲ့လူက ကိုယ့်ရှေ့မှာ အမှားအယွင်းတွေ လုပ်မိလို့ အရှက်ကွဲသွားတာမျိုးကို မြင်တဲ့အခါမှာ ဇာတ် ကောင်စရိုက်အပေါ် မူတည်ပြီး *"လိုတာထက်ပိုပြီး ရယ်"* လို့ ဒါရိုက်တာကများ ခိုင်းရင်၊ ခြေဆောင့်၊ လက်ခါ၊ ကိုယ်ယိမ်း၊ တစ်ကိုယ်လုံး အသုံးချပြီး ဟက်ဟက်ပက်ပက်သာ အော်ဟစ်ရယ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါ။ ဒါပေမယ့် ဇာတ်ကောင်စရိုက်ကို သိပြီး အံဝင်တဲ့ ဆုံးဖြတ်မှုမျိုးဖြစ်ပါစေ။**

**ကိုယ်နဲ့အတူ သရုပ်ဆောင်နေတဲ့လူ ရယ်မောသလို ပုံစံမျိုး ငါလည်း လိုက်လုပ်မယ်ဆိုတဲ့ စိတ်မျိုး မထားပါနဲ့။ သူရယ်သလို ငါတော့ မရယ်ဘူးဆိုတဲ့ စိတ်မျိုးလည်း မထားပါနဲ့။**

**ဇာတ်လမ်းနဲ့ အံဝင်တဲ့၊ ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်တဲ့၊ ရယ်မောခြင်း အစစ်ကိုဖြစ်စေတဲ့ စိတ်ခံစားမှုကိုသာ ရအောင်ခံစားပါ။**

## အတုတွေ မလုပ်မိပါစေနဲ့။

ရယ်မောခြင်း အုပ်စုထဲမှာ **ပြုံးခြင်း၊**

**အပေါ်နှုတ်ခမ်းတစ်ဖက် တွန့်ရုံသာပြုံးခြင်း၊**

**သွားပေါ်ရုံသာ ပြုံးခြင်း၊**

**ပျော်ရွှင်စွာ ရယ်မောခြင်း၊**

**ဝမ်းသာလွန်းလို့ အားရပါးရ ရယ်မောခြင်း၊**

**ကျေနပ်ခြင်း၊**

**ပီတိဖြစ်ခြင်း** အမူအရာတွေ ပါဝင်မှာဖြစ်ပါတယ်။

**ပြုံးခြင်း** အမူအရာဟာ အရောင်းစျေးသည်အဖြစ် သရုပ်ဆောင်ရမယ်ဆိုရင် အဲဒီရယ်နည်းကို အသုံးပြုကြတယ်။ လူမှုရေးအရ၊ တာဝန်အရဆိုတဲ့ နေရာတွေမှာလည်း ဒီရယ်နည်းမျိုးကို အသုံးပြုကြတယ်။

**မျက်ခမ်းနှစ်ခုကို အသုံးပြုပြီး မျက်လုံးနှစ်လုံးတည်း သီးသန့်ပြုံး**တဲ့ အမူအရာဟာ ခပ်လှမ်းလှမ်းက သီးသန့် အသိအမှတ်ပြုချင်တဲ့လူကို ရွေးပြီး နှုတ်ဆက်လိုက်တဲ့ အဓိပ္ပာယ်တစ်ခုကို ဖြစ်စေပါတယ်။

စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတဲ့လူကို မလွှဲမရှောင်သာ မျက်နှာချင်းဆိုင်တွေ့ပြီဆိုပါစို့။ **အပေါ်နှုတ်ခမ်း တစ်ဖက်တွန့်ရုံပြုံး**ပြပေမယ့် မျက်လုံးတွေက ရက်စက်တဲ့ အဓိပ္ပါယ်မျိုးဖြစ်နေရင် *"ခု လူတွေ ရှိနေလို့ မင်းသက်သာသွားတယ်။ နောက်တစ်ခါတွေ့ရင် မလွယ်ဘူး"* ဆိုတဲ့ အဓိပ္ပါယ်ကိုဖြစ်သွားစေပါတယ်။

**သွားပေါ်ရုံသာ ရယ်မောခြင်း** ဆိုတဲ့ အမူအရာဟာ ဘယ်လိုအဓိပ္ပါယ်ကို ဖြစ်စေသလဲ။ အများအားဖြင့်တော့ အမှတ်တရ ဓာတ်ပုံရိုက်တဲ့ နေရာမှာ ဓာတ်ပုံရိုက်သူက ရိုက်တော့မယ်လို့ သတိပေးသံကြားရင် ဖြစ်သွားတတ်တဲ့ အမူအရာမျိုး။

***"ပျော်ရွှင်စွာ ရယ်မောပြကွာ"*** လို့ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ရိုက်တဲ့အခါမှာ ဒါရိုက်တာက ခိုင်းရင် အတွေ့အကြုံနုနယ်သေးတဲ့ သရုပ်ဆောင်တွေအတွက် အခက်အခဲ ဖြစ်သွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အမူအရာတွေထဲမှာ အခက်ဆုံးက ရယ်မောခြင်း အမူအရာပဲ။

သရုပ်ဆောင်မလုပ်ခင်က မိမိပတ်ဝန်းကျင်မှာ မိမိကိုယ်တိုင် ပျော်ရွှင်စွာရယ်မောခဲ့ဖူးပေမယ့် ဒါရိုက်တာက ရုတ်တရက် ခိုင်းရင် မလုပ်တတ်တော့ဘူး။

တချို့ဆိုရင် ရယ်တဲ့အမူအရာ လုပ်နေတယ်သာပြောတယ် မျက်လုံးက မရယ်ဘူး။ မျက်နှာကြီးကအမ်းပြီး ပါးတွေက တဆတ်ဆတ် တုန်နေတယ်။

အဲဒါ ဘာဖြစ်လို့လဲ။

ကိုယ်နဲ့ မရင်းနှီးတဲ့နေရာမှာ၊

နာမည်ကြီး မင်းသား၊ မင်းသမီးနဲ့တွဲပြီး သရုပ်ဆောင်တဲ့အခါမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ စိုးရိမ်စိတ်ပဲ။

အဲဒီ စိုးရိမ်စိတ်ဟာ

## ရယ်မောခြင်းအစစ်ကို ဖြစ်စေတဲ့စိတ်ခံစားမှုကို ပျောက်ကွယ်စေတတ်တယ်။

အဲဒီတော့ ရယ်မောခြင်းအမူအရာကို လုပ်မယ်ဆိုရင် လွတ်လပ်ပေါ့ပါးတဲ့ စိတ်တွေ ရှိနေဖို့လိုပါတယ်။

ရယ်မောခြင်းတွေထဲက နောက်တစ်ခုဖြစ်တဲ့ **ပျော်ရွှင်စွာရယ်မောခြင်းနဲ့ ဝမ်းသာလွန်းလို့ အားရပါးရ ရယ်မောခြင်း** အမူအရာတွေကို ခွဲခြားပြီး မေးကြည့်မယ်။

အခင်ဆုံးသူငယ်ချင်းတွေစုပြီး ပေါက်တက်ကရတွေပြောရင်း ရယ်စရာပြောတတ်တဲ့လူကပြောလိုက်တဲ့ စကားကြောင့် စိတ်လွတ်ကိုယ်လွတ် လွတ်လပ်စွာ ရယ်မောလိုက်တာဟာ **ပျော်ရွှင်စွာ ရယ်မောခြင်းလား၊ ဝမ်းသာလွန်းလို့ အားရပါးရ ရယ်မောခြင်းလား။**

## ဖြေကြည့်ပါ။

ဖြေရင်းနဲ့ ငြင်းခုန်မှုတွေ ရှိလာနိုင်ပါတယ်။

ငြင်းခုန်ရင်း နောက်ထပ် အမူအရာကွဲပြားတဲ့ ခေါင်းစဉ်တွေ တစ်ခုပြီး တစ်ခု ပေါ်လာနိုင်ပါတယ်။

ပေါ်လာတဲ့ အမူအရာမျိုးစုံကို လုပ်ကြည့်ပါ။

**ကျေနပ်ခြင်း၊**

မိမိဖြစ်ချင်မှု၊ ဖြစ်စေချင်မှုတွေကို မျက်ဝါးထင်ထင် မြင်ရပြီဆိုရင်၊ ဒါမှမဟုတ် မမြင်ရသေးပေမယ့် ကြားရတယ် ဆိုရင် မျက်နှာပေါ်မှာ ဖြစ်သွားတဲ့ အမူအရာမျိုးဟာ **ကျေနပ်ခြင်း**ဆိုတဲ့ အဓိပ္ပာယ်ကို ပေါ်စေပါတယ်။ အဲဒီ အမူအရာ လုပ်နိုင်ဖို့ဆိုတာကလည်း ကိုယ့်အသိဉာဏ်ထဲမှာ တကယ့်ခံစားမှုတွေ ရှိနေမှသာ သဘာဝကျတဲ့ အမူအရာအစစ်ကို ဖြစ်စေမှာပါ။

**ပီတိဖြစ်ခြင်း**ဆိုတဲ့ အမူအရာကတော့ မိဘတွေ၊ ဆရာတွေက ကိုယ့်တပည့်၊ သားသမီးတွေအပေါ်မှာ ဖြစ်တဲ့စိတ်အမူအရာပဲ။ အဲဒီ အမူအရာတွေက စိတ်ထဲမှာမရှိဘဲ လုပ်ရင် လုပ်တဲ့အမူအရာ ဖြစ်နေတတ်တယ်။ အဲဒီတော့ တစ်ထွာပတ်လည်သာရှိတဲ့ မျက်နှာပြင်ပေါ်က အမူအရာလုပ်လို့ရတဲ့ ပစ္စည်းတွေကို စိတ်ခံစားမှုအစစ်နဲ့ ပေါင်းလိုက်ရင် အဓိပ္ပာယ်ပေါင်းများစွာ ဖြစ်စေတဲ့ အမူအရာတွေ ဖော်ပြလို့ရတယ်ဆိုတာ သိပြီး လေ့ကျင့်ပါ။

**ကိုယ်လုပ်လိုက်တဲ့ အမူအရာဟာ စိတ်ထဲမှာ တကယ်ခံစားလိုက်ရလို့ ဖြစ်သွားတဲ့ အမူအရာလား၊**

**စိတ်ခံစားမှုမပါဘဲ တမင်လုပ်နေတဲ့ အမူအရာတွေ ဖြစ်သွားလားဆိုတာ ကိုယ်တိုင်သိအောင် လေ့ကျင့်ပါ။**

ရယ်မောခြင်း အမူအရာအမျိုးအစားတွေကို သိပြီဆိုရင် ဇာတ်လမ်းအရ၊ ဇာတ်ကောင်စရိုက် ကွဲပြားမှုပေါ် မူတည်ပြီး လူတန်းစား အမျိုးမျိုးရဲ့ ရယ်မောခြင်း အမူအရာတွေကို ခွဲခြားပြီး လေ့ကျင့်ကြည့်ပါ။

လေ့ကျင့်ကြည့်ပါဆိုတာ ကိုယ်လုပ်မယ့် အမူအရာအမျိုးအစားနဲ့ အဓိပ္ပာယ်ကို မသိဘဲ မှန်ရှေ့မှာ အရူးလို့ စွပ်စွဲခံရတဲ့ လေ့ကျင့်နည်းမျိုး မဖြစ်ပါစေနဲ့။

လေ့ကျင့်ခြင်းရဲ့ ရလဒ်ဟာ အကောင်းဆုံးဆိုတာကို ဖြစ်စေပါတယ်။

●



## ငိုကြွေးခြင်း ဆိုတဲ့ဖြစ်စဉ်ဟာ လူ့ဘဝမှာ အရမ်းစိတ်ဝင်စားစရာ ကောင်းပါတယ်။

လူသားတစ်ယောက်အနေနဲ့ လူ့လောကထဲကို ရောက်လာပြီဆိုတာနဲ့ **ငိုကြွေးခြင်း** အပြုအမူကို စခဲ့ရပါတယ်။ မငိုရင် ငိုအောင် လုပ်ကြရတယ်။ လူ့ဘဝဟာ **ငိုကြွေးခြင်း**နဲ့ စသလို လူ့ဘဝရဲ့ အဆုံးဟာလည်း ငိုကြွေးခြင်းနဲ့ အဆုံးသတ်ပါတယ်။ လူသားအားလုံးနဲ့ ပတ်သက်နေရတဲ့ **ငိုကြွေးခြင်း။**

ငိုကြွေးခြင်းရဲ့ အဓိပ္ပာယ်ဟာ မျက်ရည်ကျခြင်းလို့ လူအများက နားလည်ကြတယ်။ ခံစားမှု ပြင်းထန်လာရင် မျက်ရည်ကျရုံနဲ့ မလုံလောက်တော့ဘူး။ ရင်ထဲ၊ အသည်းထဲကနေ အလိပ်လိုက် တက်ဆောင့်တဲ့ အနေအထားမျိုးအထိ ဖြစ်လာပါတယ်။

တချို့ဆိုရင် ငိုရလွန်းလို့ မျက်ရည်မထွက်တော့ပါဘူး။ ဒါပေမယ့် သူ့မျက်နှာပြင်တစ်ခုလုံးဟာ နီရဲပြီး လုံးဝ ပြိုကျ စုတ်ပြတ်သတ်နေပါတယ်။ ငိုကြွေးခြင်းထဲမှာ အဆိုးရွားဆုံး အဆင့်လို့ ခေါ်နိုင်ပါတယ်။

ရုပ်ရှင်၊ ဗီဒီယို၊ ပြဇာတ်အစရှိတဲ့ ဇာတ်လမ်း တင်ဆက်မှုတွေထဲမှာ မပါမဖြစ် ပါရတဲ့ အမူအရာမျိုးဟာ **ငိုကြွေးခြင်း**ပါပဲ။ ပရိသတ်အများစု အနေနဲ့လည်း **ငိုကြွေးခြင်း** ခံစားမှုကို ကြိုက်ကြလို့ အရသာရှိရှိ ပိုက်ဆံပေးပြီး **ငိုကြွေးခြင်း**တွေကို ဝယ်ယူခံစားတတ်ကြပါတယ်။ ငိုရတဲ့ ဇာတ်လမ်းဆိုရင် တော်တော်များများက ကြိုက်လေ့ကြိုက်ထ ရှိပါတယ်။

**ငိုကြွေးခြင်း** အုပ်စုထဲမှာ

**ပစ်စလက်ခတ် ပရမ်းပတာ ငိုကြွေးခြင်း၊**

**ကြေကွဲစွာ ငိုကြွေးခြင်း၊**

**ယူကျုံးမရဖြစ်စွာ ငိုကြွေးခြင်း၊**

**ဆုံးရှုံးမှုကြီးစွာ ထိခိုက် ငိုကြွေးခြင်း၊**

**ထိန်းထိန်းသိမ်းသိမ်း ငိုကြွေးခြင်း၊**

**မျက်ရည်ဝဲရုံ ငိုကြွေးခြင်း၊**

**အံကိုကြိတ်ပြီး မျက်ရည်မကျအောင် ထိန်းထားတဲ့ ငိုကြွေးခြင်း၊**

**ပူဆွေးသောကဖြစ်စွာ ငိုကြွေးခြင်း၊**

**တစိမ့်စိမ့် သတိရစွာ လွမ်းဆွတ် ငိုကြွေးခြင်း၊**

**အားငယ်ခြင်း၊**

**စိတ်ဓာတ်ကျခြင်း**တို့ ပါဝင်မှာဖြစ်ပါတယ်။

မိသားစုဝင်ထဲက တစ်ယောက်ယောက်သေလို့ ငိုကြွေးခြင်းဟာ၊

သူငယ်ချင်းအဆင့်၊ ချစ်သူအဆင့်၊ သာမန်မိတ်ဆွေအဆင့်၊ သံယောဇဉ်ရှိသူအဆင့်၊ မျက်မှန်းတန်းရုံသာမြင်ဖူးသူ အဆင့်သေဆုံးလို့ ဝမ်းနည်း မိတဲ့ အမူအရာနဲ့ မတူနိုင်ပါဘူး။

မိသားစုဝင်တွေထဲက အဖေနဲ့ သမီး၊ အမေနဲ့ သား၊ မောင်နှမတွေထဲက ရုတ်တရက် သေရင် ငိုကြွေးခြင်းဟာနောက်ထပ် ပုံစံ တစ်မျိုးဖြစ်မှာ သေချာပါတယ်။

မိသားစုဝင်တွေထဲမှာပဲ တစ်ချိန်လုံး နှိပ်စက်၊ အနိုင်ကျင့်နေတဲ့လူ သေသွားရင် ကျန်ရစ်ခဲ့တဲ့လူတွေရဲ့ ငိုကြွေးခြင်းဟာ ပုံစံတစ်မျိုး ဖြစ်နိုင်ပါတယ်။ မိသားစုဝင်တွေထဲမှာ၊ သူငယ်ချင်း အသိုင်းအဝိုင်းထဲမှာ တူတူနေတုန်းကတော့ မတည့်ဘူး။ သေတော့မှ တန်ဖိုးသိပြီး ဝမ်းနည်းရင် နောက်ထပ် ဝမ်းနည်းခြင်း ပုံစံတစ်မျိုး ဖြစ်သွားဦးမှာပါပဲ။

**ပစ်စလက်ခတ် ပရမ်းပတာ ငိုကြွေးခြင်းနဲ့ ထိန်းထိန်းသိမ်းသိမ်း ငိုကြွေးခြင်း** နှစ်ခုမှာ လူနေမှုအဆင့်အတန်း၊ ဇာတ်ကောင်စရိုက် ကွဲပြားမှု၊ အသက်အရွယ် အနေအထားကြောင့် ငိုကြွေးခြင်းပုံစံ ကွဲပြားနေပေမယ့် ဆုံးရှုံးမှုခြင်းက တူနေတယ်ဆိုရင် သရုပ်ဆောင်လုပ်သူရဲ့ အရည်အချင်းကို ထုတ်ဖော်ပြသရတော့မှာ ဖြစ်ပါတယ်။

ဘယ်လိုဇာတ်ကောင်စရိုက်ပုံစံမျိုးနဲ့ ငိုရမယ်ဆိုတာ သိဖို့အရေးကြီးတယ်။

"*ငါကစေတနာနဲ့ပြောတာကို မင်းကနားမလည်ဘူးကွာ*"ဆိုတဲ့ စိတ်မကောင်းဖြစ်မိတာကလည်း **မျက်ရည်ဝဲရုံ ဝမ်းနည်းခြင်း** အမျိုးအစားထဲမှာ ပါနိုင်သလို ဒီစကားအသုံးအနှုန်းကိုပဲ အဖေနဲ့သား ဆိုရင်တော့ **ယူကျုံးမရ ဖြစ်စွာ ငိုကြွေးခြင်း** အဆင့် အထိပြောင်းသွားနိုင်ပါတယ်။

မေ့ထားတဲ့ အကြောင်းကိစ္စတစ်ခုကို ရုတ်တရက် အကြောင်းတိုက်ဆိုင်လို့ သတိရပြီး **ကြေကွဲစွာ ငိုကြွေး**ရမယ်ဆိုတဲ့ အမူအရာကိုလည်း ထိမိပီပြင်အောင် သရုပ်ဆောင်နိုင်ဖို့ ပြင်ဆင်ထားသင့်တယ်။

အဲဒီခံစားမှုမျိုး ဖြစ်နေတဲ့အချိန်မှာ ရှိသေရမယ့် ကိုယ့်အထက်အရာရှိက အနားမှာရှိနေရင် ကိုယ့်ရဲ့**ကြေကွဲမှု**ကို ထိန်းထားရတော့ ဘယ်လို ပုံစံဖြစ်နေမလဲ။

တကယ်လို့ တစ်ဦးတည်းသော နားလည်ပေးနိုင်တဲ့ ချစ်သူက အနားမှာရှိတယ်ဆိုရင်ရော **ကြေကွဲစွာ ငိုကြွေး**ရမယ့် စိတ်ကို ဘယ်လောက်အတိုင်းအတာထိ လွှတ်ပေးလိုက်မလဲ။

"*ဒီတစ်သက် ငါ့ကိုနားလည်နိုင်ပါဦးမလား*"

"*ဒီတစ်သက် ငါ့ကိုခွင့်လွှတ်ပါဦးမလား*"

"*ဒီတစ်သက် ငါဖြစ်ချင်တာတွေ ဖြစ်ပါဦးမလား*"ဆိုတဲ့ ခံစားမှုကို **ယူကျုံးမရ** အမူအရာလုပ်ပြီး ဖော်ပြရမယ်ဆိုရင်

**ချစ်ခြင်းကြောင့်လား၊ မုန်းခြင်းကြောင့်လား၊**

**ရက်စက်ခြင်းကြောင့်လား၊ အနိုင်ကျင့်ခံရလို့လား၊**

**အသည်းခွဲ ခံရလို့လား၊** ဆိုတဲ့ ဇာတ်လမ်းအကြောင်းအရာ ကွဲပြားမှုအပေါ်မှာ မူတည်ပြီး ယူကျုံးမရ ဖြစ်ရတဲ့ ဇာတ်ကောင် စရိုက်နဲ့ညီတဲ့ အမူအရာကို အံဝင်ဂွင်ကျ ဖြစ်အောင် သရုပ်ဆောင် ပေးရပါမယ်။ ဒါဟာ သရုပ်ဆောင်တစ်ယောက်ရဲ့ တာဝန်ပါပဲ။

သံယောဇဉ် အရမ်းကြီးတဲ့လူတစ်ယောက်၊ အရမ်းချစ်တဲ့ လူတစ်ယောက်၊ ဘဝအတွက် အစားထိုးမရအောင် တန်ဖိုးကြီးတဲ့လူတစ်ယောက် ကိုယ့်ရှေ့မှာ၊ ကိုယ့်လက်ထဲမှာ သေဆုံးသွားတာနဲ့ ကြုံရင် ဝမ်းနည်းခြင်းတွေထဲက တစ်ခုဖြစ်တဲ့ **ဆုံးရှုံးမှုကြီးစွာ ထိခိုက်ငိုကြွေးခြင်း** ဆိုတဲ့ ခံစားမှုကို ရွေးချယ်ပြီး သရုပ်ဆောင်ရမှာပဲ။

တွဲဖက် သရုပ်ဆောင်ရမယ့်လူကို သိသိ၊ မသိသိ၊ သံယောဇဉ်ကြီးလိုက်ပါ။ အရမ်းချစ်လိုက်ပါ။ အစားထိုးမရတဲ့ လူအဖြစ် သဘောထားလိုက်ပါ။

ဇာတ်လမ်းထဲက ဇာတ်ကောင်စရိုက်အပေါ်မှာ မူတည်ပြီး စိတ်ခံစားမှုအရှိန်ကို အဆုံးစွန်အထိ လွှတ်ပေးလိုက်ပါ။

မျက်နှာပေါ်က အမူအရာလုပ်လို့ရတဲ့ ပစ္စည်းတွေ၊ ကိုယ်ခန္ဓာမှာရှိတဲ့ ပစ္စည်းတွေ၊ ရှာဖွေထားတဲ့ အသိဉာဏ်တွေ အကုန်ထုတ်သုံးလိုက်ပါ။

ကိုယ့်အသက်အရွယ်၊ ဇာတ်လမ်းထဲက ဇာတ်ကောင်ရဲ့ ဘဝအခြေအနေ၊ လူနေမှုအဆင့်အတန်း၊ ပညာအရည်အချင်း၊ စီးပွားရေး အနေအထား ကွဲပြားမှုတွေကို သတိထားဆင်ခြင်ပြီး စနစ်တကျ သရုပ်ဆောင်လိုက်တဲ့အတွက် **ဆုံးရှုံးမှုကြီးစွာ ထိခိုက်ငိုကြွေးခြင်း**ဆိုတဲ့ အမူအရာဟာ ဇာတ်လမ်းနဲ့ အံဝင်ဂွင်ကျ ဖြစ်မှာသေချာတယ်။



အဲ့လို အမူအရာမျိုးကို ကြည့်မိတဲ့ ပရိသတ်တွေအနေနဲ့လည်း ရင်ဘတ်ကို တည့်တည့်မတ်မတ် ထိခိုက်သွားမှာပါပဲ။

အသက်ရှုရပ်သလို ဖြစ်သွားတဲ့အထိ အစွမ်းကုန်သရုပ်ဆောင်လိုက်ရင် ကာယကံရှင် အနုပညာသမားဟာလည်း မောပန်းသွားမှာ သေချာပါတယ်။

ဒါရိုက်တာကလည်း ကြိုက်ပြီ။ တစ်ဖွဲ့လုံးကလည်း အရမ်းကောင်းတယ်လို့ ပြောတဲ့အသံတွေ ကြားပြီးရင် အားလုံးကို မေ့ပစ်လိုက်ပါ။ **ငိုကြွေးခြင်း** ခံစားမှုတွေ တစ်ခုမှမကျန်အောင် မောင်းထုတ်လိုက်ပါ။ လေ့ကျင့်ထားတဲ့ နည်းတွေသုံးပြီး တစ်ခုမှမကျန်အောင် ထုတ်ပစ်လိုက်ပါ။

အသက်(၆၀)၊ (၇၀)အရွယ်၊ ပညာတတ် အသိုင်းအဝိုင်းထဲက၊ ဒါမှမဟုတ် တရားသဘောတွေ ဆင်ခြင်၊ လေ့ လာ၊ ကျင့်ကြံထားသူတစ်ယောက်က ဆုံးရှုံးမှုကြီးစွာ ထိခိုက်ငိုကြွေးခြင်း အမူအရာကို လုပ်ရမယ်ဆိုရင်တော့ ဖွင့်ဟထုတ်ဖော် အမူအရာပြခြင်းထက် ထိန်းချုပ်ပြီး လုပ်ပြတဲ့အမူအရာကို လုပ်ပြရမှာ ဖြစ်ပါတယ်။

အမူအရာ လုပ်တဲ့အထဲမှာ ဖွင့်ဟထုတ်ပြခြင်းထက် ထိန်းချုပ်ခြင်းအမူအရာက ပိုပြီး လေးနက် ခက်ခဲတယ်လို့ ပညာရှင်ကြီးများက သတ်မှတ်ထားတာရှိပါတယ်။

## ပူဆွေးသောကဖြစ်ခြင်း၊ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊

ဖြစ်ခဲ့ပြီးတဲ့ ဆုံးရှုံးမှုကြီးတစ်ခုကို ပြန်လည်သတိရနေတဲ့အခါ ဖြစ်တတ်တဲ့စိတ်မျိုးဟာ **ပူဆွေးသောကရောက်ခြင်း**ပဲ။

"*ငါ့နားမှာ အားပေးမယ့်လူတွေ တစ်ယောက်မှ မရှိတော့ဘူး၊ တိုးလိုးတန်းလန်း ဖြစ်နေတဲ့ ဘဝပြဿနာတွေ ငါတစ်ယောက်တည်း ဘယ်လို ဖြေရှင်းရမလဲ၊ ဖြေရှင်းနိုင်ပါ့မလား*"လို့ တစ်ဖက်သတ် တွေးမိတဲ့အချိန်မှာ ဖြစ်တတ်တဲ့စိတ်မျိုးဟာ **ပူဆွေးသောကရောက်ခြင်း**ပဲ။

"*ဒီလို အချိန်မျိုးမှာ ဘာပဲလုပ်လုပ် အဆင်ပြေမှာမဟုတ်တော့ဘူး*"လို့ စိတ်ထဲမှာ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း သတ်မှတ်တဲ့အခါမှာ ဖြစ်တတ်တဲ့စိတ်မျိုးဟာ **ပူဆွေးသောကရောက်ခြင်း**ပဲ။

ဒီလိုစိတ်မျိုးဖြစ်လာတာဟာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကြောင့် ကိုယ့်ရဲ့မူလစိတ်အခြေအနေကို လျော့ကျသွားစေတာပဲ။ လျော့ကျသွားတဲ့စိတ်အနေအထားကြောင့် ဖြစ်နေတဲ့အမူအရာဟာ **စိတ်ဓာတ်ကျခြင်း**ပဲ။

စိတ်ဓာတ်ကျနေတဲ့ အနေအထားကို သတိထားပြီး ဆက်ခံစားကြည့်ရင် **အားငယ်ခြင်း**ဆိုတဲ့ အမူအရာကို ထပ်ဖြစ်စေတယ်။

လူတွေထဲမှာ လူသားအချင်းချင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်အပျက်တွေကို ကိုယ်က လေ့လာရှာဖွေ ထားတဲ့လူဆိုတော့ စိတ်ကတစ်ဆင့် ကိုယ်ခန္ဓာကို ပုံစံအမျိုးမျိုး ပြောင်းစေတတ်တာကို သိနေပြီပဲ။ ကိုယ်ရှာဖွေလို့ သိထားတဲ့ အသိဉာဏ်နဲ့ **ပူဆွေးသောက**ရောက်တဲ့ အမူအရာတွေ၊ **အားငယ်**တဲ့ အမူအရာတွေ၊ **စိတ်ဓာတ်ကျ**တဲ့ အမူအရာတွေ၊ အသာလေး လုပ်လိုက်ရုံပဲ။

အဓိကကတော့ ဇာတ်လမ်းနဲ့အံဝင်တဲ့ ဇာတ်ကောင်စရိုက်နဲ့ ကိုက်ညီတဲ့ အမူအရာ ဖြစ်နေစေရမယ်။

**မပိုကြေး၊ မလိုကြေး။**

အဲဒီမှာ ဒါရိုက်တာလုပ်သူက "*မျက်နှာအမူအရာကတော့ တော်တော်ကောင်းနေပြီ၊ မျက်လုံးအိမ်ထဲမှာ မျက်ရည်လေးတွေရှိပေးရင် ပိုကောင်းမယ်ဗျာ*"လို့ ထပ်ပြောရင် ကိုယ့်စိတ်ထဲမှာ ခံစားမှုတွေက ရှိနေသေးတာပဲ။ ဒါရိုက်တာအကြိုက် မျက်ရည်လေးတစ်စက် ကျပေးလိုက်တော့ပေါ့။

## ဘဝင်မြင့်ခြင်း၊ မောက်မာခြင်း၊ နှိမ့်ချစွာ ဆက်ဆံခြင်း၊ အထင်သေးခြင်း၊

ခြေထောက်တစ်ဖက်ကို တင်၊ လက်တစ်ဖက်က ခါးမှာထောက်ပြီး ခေါင်းကိုမော့ထားလိုက်တာနဲ့ အဲဒီပုံစံဟာ **ဘဝင်မြင့်ခြင်း၊ မောက်မာခြင်း၊ တစ်ဖက်သားကို နှိမ့်ချစွာ ဆက်ဆံခြင်း**ဆိုတဲ့ အဓိပ္ပာယ်ကို ပရိသတ်တွေ အလွယ်တကူ သိနိုင်စေတယ်။

ဒီထက်ပိုပြီး အဆင့်မြင့်ချင်ရင် တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို မီးရှို့ပြီး မီးလှုံပြတာမျိုး၊

စဉ်းစားလို့ရတဲ့ ဘဝင်မြင့်ခြင်း၊ မောက်မာခြင်း အမူအရာတွေထဲက ဘယ်အမူအရာကိုလုပ်ရင် ပိုပြီး ရက်စက်မလဲ၊ ထိရောက်မလဲ။ ကြိုက်တာရွေး။

အဲဒီလို စိတ်မျိုးရှိတဲ့လူဟာ အရာရာကို **အထင်သေးတဲ့စိတ်**တွေ ဖြစ်နေတတ်တယ်။ ဒီလို အမူအရာမျိုးတွေကလည်း တစ်ခါတလေ ဇာတ်လမ်းအရ သရုပ်ဆောင်ရတာမျိုးတွေ ရှိတော့ လေ့လာထားဖို့ လိုတယ်။

ဇာတ်လမ်းကိုကြိုက်လို့ လက်ခံပြီး ရိုက်မယ်လို့ ဆုံးဖြတ်ပြီးမှတော့ ဇာတ်ကောင်စရိုက်နဲ့ညီတဲ့ အမူအရာကို အစွမ်းကုန်၊ အဆုံးစွန် လုပ်လိုက်ပါ။

*“ငါ့ကိုမုန်းတော့မှာပဲ”* ဆိုတဲ့ စိုးရိမ်စိတ် မထားပါနဲ့။

ဘဝင်မြင့်ပြလိုက်ပါ။

အမြင်ကတ်စရာကောင်းလောက်အောင် မောက်မာပြလိုက်ပါ။

ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ အထင်ကြီးစရာ မရှိဘူးဆိုတဲ့စိတ်မျိုးနဲ့ တစ်ဖက်သားကို မတူသလို၊ မတန်သလို နှိမ့်ချစွာ ဆက်ဆံပြလိုက်ပါ။

## မော်ကြွားခြင်း၊

မိမိကို အထင်ကြီးစေလိုတဲ့စိတ်နဲ့ သူဌေးအသိုင်းအဝိုင်းထဲက ကြားဖူးနားဝ စကားလုံး အသုံးအနှုန်းတွေကို တစ်ဖက်သား မကြားကြားအောင် အော်ကြီးဟစ်ကျယ် ပြောဆိုတဲ့အမူအရာ။

ကိုယ်သုံးတဲ့တယ်လီဖုန်းက ဘယ်လိုအမျိုးအစား၊ ကိုယ်စီးတဲ့ကားက ဘယ်နိုင်ငံက မှာတာ၊ ကိုယ့်သားသမီးတွေကို ဘယ်လိုကျောင်းမျိုးမှာ ထားတာဆိုတဲ့ အကြွားပိုတဲ့ အမူအရာ။

## မထီမဲ့မြင်ပြုခြင်း၊ ဂရုမစိုက်ခြင်း၊ အလေးမထားခြင်း၊

ပညာမတတ်တဲ့ လူတန်းစား၊ ဂါရဝတရား မရှိတဲ့လူတန်းစား၊ ပြည်သူ့နီတိကို နားမလည်တဲ့ လူတန်းစား၊ မိဘ အုပ်ထိန်းသူတို့ရဲ့ ဆုံးမမှုကို နားမထောင်ခဲ့ရတဲ့ လူတန်းစား၊ ငယ်စဉ်ကလေးဘဝထဲက မပြည့်မစုံကြီးပြင်းခဲ့ရလို့ အရာရာကို အလိုမကျဖြစ်နေတဲ့ လူတန်းစား၊ ကိုယ့်အားနည်းချက်ကို အနိုင်ကျင့်ခံရလို့ မကျေမနပ်ဖြစ်နေတဲ့ လူတန်းစားမျိုးတွေမှာ ရှိတတ်တဲ့ စိတ်အနေအထားမျိုးတွေပဲ။

အဆင့်အတန်းချင်း မတူတာကို အခွင့်အရေးယူပြီး နှိမ့်ချစွာ ဆက်ဆံခံရပါများလာတော့ ထုံသွားတဲ့လူမျိုးတွေဆီမှာ ရှိတတ်တဲ့ စိတ်မျိုး။

*“သူ့ဟာသူ ဘယ်လောက်ချမ်းသာ ချမ်းသာ ငါတို့တစ်ပြားမှ ရတာမဟုတ်ဘူး။ ကိုယ်လုပ်မှ ကိုယ်စားရတာ ဂရုစိုက်စရာ မလိုဘူး”*လို့ တွေးမိတဲ့အခါမှာ ဖြစ်တဲ့စိတ်မျိုး။

လောကရဲ့ အရေးကြီးခြင်း၊ တန်ဖိုးကြီးခြင်း ကိစ္စတွေကိုမကြုံဘူးတဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား လူတန်းစားတွေမှာ ဘာကိုမှ အလေးမထားတဲ့စိတ်တွေ ရှိတတ်တယ်။

သဘာဝထဲမှာ အဲလို စိတ်အနေအထားမျိုးရှိတဲ့ လူတွေကို ကြုံရင် ကြုံသလို လေ့လာထားသင့်တယ်။ သူတို့တွေနဲ့ ဆွေးနွေးသင့်တယ်။ ဘဝကို နာကြည်းမှုတွေနဲ့ ဖြတ်သန်းလာရတဲ့ လူမျိုးတွေနဲ့ တွေ့ရင် သူတို့ပြောပြတဲ့အခါမှာ သူတို့မျက်နှာ၊ သူတို့အသံ၊ သူတို့ရဲ့ လှုပ်ရှားမှု အတွေ့အကြုံတွေကို လေ့လာပြီး ကိုယ့်အတွက် ဗဟုသုတ ပညာယူသင့်တယ်။



လူတန်းစား သရုပ်ဖော်တဲ့ ဇာတ်လမ်းတွေ။ နှိပ်စက်တတ်တဲ့ အရင်းရှင်တွေကို တော်လှန်တဲ့ ဇာတ်ကောင်ပုံစံမျိုးတွေမှာ အဲဒီလိုစိတ်မျိုးတွေ ရှိတတ်တယ်။ အလှည့်ကြုံလို့ အဲ့လို ဇာတ်ကောင်နေရာက သရုပ်ဆောင်ရမယ်ဆိုရင် ကိုယ့်ဘက်က ရှာဖွေထားတဲ့အတွက် ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်နေမှာပဲ။

## အောင်နိုင်ခြင်း၊ ခံ့ညားခြင်း၊

တစ်ယောက်တည်းကို အများးစုက ဖိနှိပ်၊ အနိုင်ကျင့်၊ ကဲ့ရဲ့၊ ပြစ်တင်၊ ရှုံ့ချ၊ တိုက်ခိုက်နေတဲ့ကြားထဲက အများ မလုပ်နိုင်တဲ့တစ်ခုကို ရအောင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်အတိုင်း အံ့သြစရာကောင်းလောက်အောင် လုပ်ပြနိုင်လိုက်တဲ့အချိန်မှာ လုပ်ပြနိုင်သူရဲ့ စိတ်ထဲမှာ ဖြစ်နေတဲ့ခံစားမှု။

အဲဒီနေရာမှာ **အောင်နိုင်ခြင်း** အမူအရာကိုပဲ ပညာတတ်တစ်ယောက်က လှုပ်ရှားပြတာနဲ့ အခြေခံလူတန်းစား တစ်ယောက်ရဲ့ **အောင်နိုင်ခြင်း** အမူအရာ လှုပ်ရှားပြတာ လုံးဝ ကွဲပြားရမယ်ဆိုတာ သတိထားသင့်တယ်။

ဘယ်အရာမှ မတည်မြဲဘူး၊ ဘယ်အရာကိုမှ မပိုင်ဘူးဆိုတဲ့ အသိဉာဏ်ကိုရထားတဲ့ တရားသမားတစ်ယောက် အနေနဲ့ ဆိုရင်တော့ **အောင်နိုင်ခြင်း** အမူအရာဟာ ဘာခံစားမှုမှ မရှိဘဲ တည်ငြိမ်နေရမယ်ဆိုတာ သဘောပေါက်ဖို့လိုပါတယ်။

ရှာဖွေတတ်မြောက်ထားတဲ့ ပညာတွေ၊ ရရှိထားတဲ့ အသိဉာဏ်တွေနဲ့ ပြည့်စုံနေတဲ့ လူတစ်ယောက်ရဲ့ပုံစံဟာ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ပြီး၊ တည်တည်ငြိမ်ငြိမ်လေး နေပြလိုက်တာနဲ့ **ခံ့ညားထည်ဝါမှု**ဆိုတဲ့ပုံစံကို ဖြစ်နေစေပါတယ်။

## အားကျခြင်း၊ အထင်ကြီးခြင်း၊ မနာလိုဖြစ်ခြင်း၊

ကိုယ်လုပ်တတ်တဲ့ အလုပ်၊ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ကိုယ်က ဘယ်လိုမှ မလုပ်နိုင်တဲ့အချိန်မှာ လုပ်ပြနိုင်တဲ့ လူပေါ်လာရင် အဲဒီ လူကိုဖြစ်တဲ့ **အားကျစိတ်၊ အထင်ကြီးစိတ်။**

ဒီစိတ်ခံစားမှု အမူအရာမှာ နှစ်မျိုးခွဲခြားပြီး ရှိနိုင်ပါတယ်။

ကိုယ့်ထက်သာပြီး လုပ်ပြနိုင်တဲ့လူရဲ့ သတင်းကို ကြားတုန်းကတစ်မျိုး၊ အဲဒီလူကို မျက်ဝါးထင်ထင် တွေ့တဲ့အခါမှာ ကြည့်တဲ့မျက်လုံး၊ ရှိသေတဲ့ ကိုယ်ဟန် အမူအရာ၊ ပြောဆိုဆက်ဆံတဲ့ စကားလုံး အသုံးအနှုန်းတွေကတော့ လုံးဝ**အားကျခြင်း၊ အထင်ကြီးခြင်း** ကို ဖြစ်ပေါ်စေတဲ့ အမူအရာမျိုးဖြစ်အောင် လေ့လာရှာဖွေပြီး တိတိကျကျ သရုပ်ဆောင်နိုင်ဖို့လိုပါတယ်။

သူတစ်ပါးကို မဟုတ်ဘဲ မိမိကိုယ်မိမိ အထင်ကြီးတဲ့ အမူအရာမျိုး သီးသန့်ရှိသေးတယ်ဆိုတာကိုလည်း သိပြီး လေ့ကျင့်ထားပါ။

ကိုယ်လုပ်ပြလိုက်တဲ့ အမူအရာဟာ **အားကျခြင်း၊ အထင်ကြီးခြင်း** အဓိပ္ပာယ်ကို ပေါ်လွင်စေရပါမယ်။

**အားကျခြင်း၊ အထင်ကြီးခြင်း**ဆိုတဲ့ အမူအရာကိုပဲ ကိုယ့်ထက်ငယ်တဲ့လူ၊ ကိုယ့်တပည့်၊ ကိုယ့်သားသမီးအပေါ်မှာ လူကြီး၊ မိဘ၊ ဆရာအနေနဲ့ အမူအရာ လုပ်ပေးရမယ်ဆိုရင်လည်း အဲဒီအသက်အရွယ်မျိုးရောက်နေတဲ့ ဝါသနာရှင်အနေနဲ့ လေ့လာ၊ ပြင်ဆင်၊ လေ့ကျင့်ထားသင့်ပါတယ်။

အဲဒီအမူအရာတွေရဲ့ ဆန့်ကျင်ဘက်ကတော့ **မနာလိုခြင်း** အမူအရာပါပဲ။

ဇာတ်လမ်းအရ မနာလိုတဲ့ အမူအရာကို လုပ်ရမယ်ဆိုရင် မနာလိုတဲ့စိတ်ဟာ ဘယ်လိုမျိုးလဲဆိုတာ အရင်ဆုံး သိလိုက်ပါ။ အဲဒီ မနာလိုတဲ့လူတွေဟာ ကိုယ်လည်း မလုပ်နိုင်ဘူး၊ လုပ်နိုင်လို့ လုပ်နေတဲ့ လူကိုလည်း မကြိုက်ဘူး။ အားမပေးဘူး။

တစ်ဖက်သတ် အပြစ်မြင်ပြီး တစ်ချိန်လုံး ဒုက္ခပေးဖို့၊ စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်ဖို့၊ ကိုယ့်လို မနာလိုစိတ်တွေ သူများဆီမှာလည်း ရှိအောင် ပတ်ဝန်းကျင်မှာ ရှိနေတဲ့လူတွေကို စည်းရုံး လှုံ့ဆော်တဲ့ လူစားမျိုး။

ပြီးတော့ ကိုယ်ချင်းစာစိတ် မရှိဘဲ တစ်ဖက်သား ပစ်စလက်ခတ် ဒုက္ခဖြစ်အောင် ကဲ့ရဲ့၊ ပြစ်တင်၊ ဝေဖန်၊ ရှုံ့ချမှုတွေကို ဆက်တိုက်ပုံဖော်နေတဲ့ စိတ်အနေအထားနဲ့ လူစားမျိုးလို့ သဘောပေါက်ရမယ်။

အဲဒီလို သဘောပေါက်ပြီး မနာလိုသူ တစ်ယောက်မှာရှိတဲ့ စိတ်အနေအထားတိုင်း ခံစားပြီး လုပ်လိုက်တဲ့ အမူအရာဟာ၊ မနာလိုသူတစ်ယောက်ရဲ့ မျက်နှာအနေအထား၊ ပုံစံ၊ ပြောဟန် ဆိုဟန်၊ လှုပ်ရှားမှုတွေ ဖြစ်နေမှာ အတိအကျပါပဲ။

**စဉ်းစားခြင်း၊**

**တွေးတောခြင်း၊**

**တွေဝေခြင်း၊**

**ငေးငိုင်ခြင်း၊**

**သတိရခြင်း၊**

**လွမ်းခြင်း** အမူအရာတွေကို အုပ်စုခွဲခြားပြီး၊

အဲဒီ ခံစားမှု(၆)ခုနဲ့ တူညီတဲ့ အမူအရာဟာ ဘယ်လိုမျိုးလဲလို့ စာနဲ့ရေးပြီး ကိုယ်အထင်ကြီး၊ ယုံကြည်စိတ်ချတဲ့ ဒါရိုက်တာ၊ ဒါမှမဟုတ် အမူအရာတွေကို ဝေဖန်တတ်တဲ့ တစ်ယောက်ယောက်ဆီမှာ ပြကြည့်။

ဒါမှမဟုတ် အဲဒီပုဂ္ဂိုလ်ကို ကြည့်ခိုင်းပြီး၊ ကိုယ်က အမူအရာ လုပ်ပြပြီး ဝေဖန်ခိုင်း။

စာမေးပွဲ မဖြေခင် သတိထားရမှာက **စဉ်းစားတဲ့အမူအရာနဲ့ တွေးတောတဲ့ အမူအရာ** မတူဘူး။

**တွေဝေတာက တစ်မျိုး၊ ငေးငိုင်တာက တစ်မျိုး၊**

**ပတ်သက်တဲ့လူကို ခဏခဏ သတိရနေတာက တစ်မျိုး၊**

**ရုတ်တရက် သတိရလိုက်တာက တစ်မျိုး၊**

ပတ်သက်တဲ့လူ ဆိုတဲ့နေရာမှာလည်း ကိုယ့်ကိုအနိုင်ကျင့်လိုက်တဲ့ကိစ္စကို သတိရနေတာမျိုးဆိုရင် တစ်မျိုးပြောင်းသွားပြီ။ ဇာတ်လမ်းပေါ်မှာ မူတည်ပြီး တိကျတဲ့အမူအရာကိုသာ ခွဲခြားပြီး ကွဲပြားစွာ သရုပ်ဆောင်နိုင်ဖို့လိုပါတယ်။

## လွမ်းမယ်

ဘာကိုလွမ်းမှာလဲ ချစ်သူလား၊

မိဘကိုလား၊

အသည်းခွဲသွားတဲ့ ရက်စက်သူကိုလား၊

ချစ်သူမဟုတ် သူငယ်ချင်း မဟုတ်တဲ့ လူကိုလား၊ ကိုယ့်ဇာတ်ကိုယ်ရေးပြီး လွမ်းကြည့်။

သတိ ! **လွမ်းတယ်**ဆိုတာ ဘာကိုခေါ်တာလဲ။ လွမ်းတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ကို တိကျစွာ သိဖို့လိုပါတယ်။

**ကြောက်ရွံ့ထိတ်လန့်ခြင်း၊**

**ချောက်ချားခြင်း၊**

**သွေးပျက်ခြင်း၊**

**တုန်လှုပ်ခြင်း၊**

**အံ့သြခြင်း** စတဲ့ ခေါင်းစဉ်အမျိုးအစားတွေဟာ

**ဒေါသထွက်ခြင်း၊ ငိုကြွေးခြင်း၊ ရယ်မောခြင်း**တွေနဲ့ ခံစားချက်ချင်းမတူတဲ့ နောက်ထပ် အမူအရာမျိုးတွေပါပဲ။

တစ်စုံတစ်ရာကို ရုတ်တရက် မြင်လိုက်လို့ သတိမရှိရင် လန့်သွားတတ်တယ်။ မြင်ရတဲ့ အရာဝတ္ထုက ကြောက်စရာလို့ သတ်မှတ်လိုက်တယ်ဆိုရင်တော့ လန့်သွားတဲ့ စိတ်ထက် ပိုကြီးကျယ်ပြီး **ကြောက်ရွံ့ထိတ်လန့်မှု**ကို ပြောင်းသွားစေတယ်။

ဒီထက်ပိုပြီး ကိုယ့်အသက်ကို ရန်ရှာနေတဲ့ ရန်သူ၊ ကိုယ့်ဘဝပျက်အောင် ဖျက်တော့မယ့်လူကို တွေ့လိုက်ရပြီ ဆိုရင်တော့ **သွေးပျက် ချောက်ချား**တဲ့ အဆင့်ထိ မြင့်တက်သွားနိုင်ပါတယ်။ ဒါတွေဟာ ကြောက်ရွံ့ခြင်းဆိုပေမယ့် ခံစားမှု အခြေအနေ မတူပါဘူး။

ကြောက်ရွံ့ထိတ်လန့်နေပေမယ့် မကြောက်ချင်ယောင်ဆောင်တဲ့ အမူအရာမျိုးကိုလည်း လေ့ကျင့်ထားပါ။ ဇာတ်လမ်းအမျိုးအစားနဲ့ ဇာတ်ကောင်စရိုက်ပေါ်မှာ မူတည်ပြီး ခွဲခြားလေ့ကျင့်ကြည့်ပါ။ ကြောက်ချင်ယောင်ဆောင်ပေမယ့် အမူအရာ ကွဲပြားမှုတွေ ရှိလာနိုင်ပါတယ်။



**ဘယ်လိုကြောက်ရမှာလဲ၊**

**ဘယ်လောက်ထိကြောက်ပေးရမှာလဲ** ဆိုတဲ့မေးခွန်းတော့ မေးဖြစ်အောင်ကိုမေးပါ။

**ဘာဖြစ်လို့ ကြောက်ရတာလဲ၊**

**ဘယ်လိုကြောက်နည်းမျိုးလဲ၊ ထိတ်လန့်ရုံပဲလား၊ ချောက်ချားရမှာလား၊ သွေးပျက်ရမှာလား၊ တုန်လှုပ်နေရမှာလား၊**

ကိုယ်နဲ့ပတ်သက်တဲ့ ခင်မင်ရင်နှီးမှု အတိုင်းအတာပေါ်မူတည်ပြီး ကြောက်စရာကောင်းတဲ့ ကိစ္စတစ်ခုကို ရုတ်တရက် ကြားလိုက်ရတဲ့အချိန်မှာ ဖြစ်သွားတဲ့အမူအရာ။

ကြားတဲ့အဆင့်ကနေ ကြည့်ချင်တဲ့စိတ်ဖြစ်ပြီး သွားတဲ့လမ်းခရီးမှာ ပြောင်းလဲသွားတဲ့ မျက်နှာအမူအရာ။

ကြားထားတဲ့အရာကို မြင်လိုက်ရတဲ့အချိန်မှာ ထင်ထားတာထက် ပိုဆိုးနေတဲ့ မြင်ကွင်းကို မြင်လိုက်ရရင် **ကြောက်လန့်မှု**ကနေ **တုန်လှုပ်ချောက်ချား**သွားတဲ့အဆင့်ထိ ပြောင်းလဲပေးရမှာပဲ။

အဲဒီ **တုန်လှုပ်ချောက်ချား**တဲ့ အမူအရာကို သရုပ်ဆောင်ရမယ်ဆိုရင် ရှိသမျှ သိနားလည်မှု အကုန်သုံးပြီး သရုပ်ဆောင်လိုက်ပါ။ မရှိတာကို အရှိထင်ပြီး သရုပ်ဆောင်ရတဲ့ အလုပ်သဘောအရ ပရိသတ်သဘောပေါက် နားလည်လက်ခံသွားတဲ့အထိ တိကျ ပြောင်မြောက်တဲ့ အမူအရာကို လုပ်ပေးပါ။

**ကောက်ကျစ်ခြင်း၊**

**အတင်းပြောခြင်း** ဇာတ်ဝင်ခန်းတွေကို ရိုက်တော့မယ်ဆိုရင် တချို့ဒါရိုက်တာတွေက ပရိသတ်သိပြီးသား သရုပ်ဆောင်တွေကို ခေါ်သုံးလိုက်တယ်။

ရှေးတုန်းကဆိုရင် ဒေါ်မြလေး၊ ပြီးတော့ ဒေါ်ခင်အေးဟန်၊ ဒီဖက်ခေတ်ကျတော့ မျိုးမျိုးခိုင်။

ကောက်ကျစ်ရတဲ့ အခန်း ရိုက်မယ်ဆိုရင်တော့ ခင်စိုးပိုင်တို့၊ ခင်မို့မို့အေး။

ယောကျ်ား ကောက်ကျစ်သူဆိုရင်တော့ ဟိုးအရင်တုန်းက ဦးအေးကြူ၊ နောက်တော့ ဦးမြင့်နိုင်၊

ဒီဖက်ခေတ်မှာ အောင်ခိုင်။

အောင်မြင်ကျော်ကြားတဲ့ ဇာတ်ကားတွေဆိုရင် လူကြမ်းတို့၊ ချောက်တွန်းတဲ့လူတွေ မပါလို့မဖြစ်ဘူး။ ဇာတ်နာချင်ရင် **ကောက်ကျစ်တဲ့လူ၊ အတင်းပြောတဲ့လူ၊ ချောက်တွန်းတဲ့လူ** ဆိုတာတွေကို ထည့်ကို ထည့်ရတယ်။

လူတွေနဲ့ ပတ်သက်တဲ့ အမူအရာမျိုးစုံ ရှိတဲ့အထဲမှာ

***"သြော် ဒါ့ကြောင့်ကိုး"*** ဆိုတဲ့ အမူအရာ၊

ကြီးစွာသော သက်ပြင်းချသံနှင့်အတူ ***"ဟူး တော်ပါသေးရဲ့"*** ဆိုတဲ့အမူအရာ၊

***"ဘာဖြစ်တယ် ဘာဖြစ်တယ် မင်းပြောတာ 'ဘာ' မကြားလိုက်လို့ ပြန်ပြောစမ်း"*** ဆိုတဲ့အမူအရာ၊

***"ဟဲ့ ဟဲ့ နေပါဦး ဒီမှာ စကားက မဆုံးသေးဘူး ထွက်သွားပြီ"*** လို့ ကိုယ်ပြောတဲ့စကားကို ဆုံးအောင် နားမထောင်ဘဲ ထွက်သွားတဲ့လူကို လှမ်းပြောရင်း ကျန်ခဲ့တဲ့ အမူအရာ၊

အဝေးမှာရှိတဲ့လူကို လက်ခုပ်တီးပြီး လှမ်းခေါ်တာကို တစ်ဖက်ကလူက ကြားရင် အမူအရာကတစ်မျိုး၊ မကြားရင် အမူအရာက တစ်မျိုး၊

ချိန်းထားတဲ့အချိန် နောက်ကျမှာစိုးလို့ ကိုယ်က လောနေတဲ့အချိန်၊

ကိုယ်စီးရမယ့် လိုင်းကား ရောက်လာလို့ ပြေးလိုက်တာ မမီဘဲကျန်ခဲ့တဲ့ အမူအရာ။

**လောကထဲက လူတွေကြားထဲမှာ ရှိနေတတ်တဲ့ သဘာဝအမူအရာတွေ၊**

**ကာယကံရှင်ကိုယ်တိုင် သတိမထားမိတဲ့ အကျင့်စရိုက်တွေ၊**

ခေတ်ရဲ့ပြောင်းလဲမှု၊ လူသားအသစ်တွေရဲ့ ဖြစ်ချင်မှု၊ စိတ်အဆာအသစ်တွေကြောင့် ထပ်ဆင့်ဖြစ်မှုတွေကို သိဖို့လိုတယ် ဆိုတော့ သရုပ်ဆောင် လုပ်မယ့်လူဆိုရင် စာဖတ်ပါ။

စာပေအမျိုးအစားပေါင်းစုံကို ဖတ်ပါ။ စာရေးဆရာပေါင်းစုံရဲ့ အချိန်ယူ အပင်ပန်းခံပြီး ရှာဖွေ၊ လေ့လာရေးသားတဲ့ စာတွေကို တစ်ထိုင်တည်း ဖတ်ပြီးရင် ရေးထားတဲ့စာတွေရဲ့ အဓိပ္ပာယ်အားလုံးကို နားလည်ရဲ့လားလို့ ကိုယ့်စိတ်ကိုယ် ပြန်မေးတဲ့ စိတ်လေ့ကျင့်ခန်းမျိုးကို လုပ်ကြည့်ကြပါ။

အဲဒီ ဗဟုသုတ ရှာယူတဲ့နည်းကို ကျင့်သုံးပါ။

အဲဒီနည်းကို သဘောပေါက်ပြီဆိုရင် စာထဲမှာပါတဲ့ အကြောင်းအရာကို ထပ်ဆင့်ပွားပြီး ရှာဖွေလေ့ကျင့်တဲ့ အသိဉာဏ်ကို ထပ်ရမှာပဲ။ ဘာမှမရဘူးဆိုရင်လည်း အဲဒီစာကို ရေးတဲ့လူဟာ တော်တော် ညံ့တာပဲလို့ စာရေးသူကို အထင်သေးသွားတဲ့ စိတ်ခံစားမှုရယ်၊ညံ့ဖျင်းသေးသိမ်တဲ့စာကို ဖတ်မိလို့ စာရေးသူကြောင့် ငါ့စိတ်ထဲမှာအထင်ကြီးတဲ့စိတ်ကနေ အထင်သေးတဲ့စိတ်ကို ပြောင်းလဲသွားစေတဲ့ စိတ်ခံစားမှုမျိုးတော့ အနည်းဆုံးရမှာပဲ။

အဲဒီ စိတ်ခံစားမှုမျိုးစုံကို သတိထားစောင့်ကြည့်တဲ့ စိတ်လေ့ကျင့်ခန်းမျိုး အလေ့အကျင့် ဖြစ်သွားအောင် လေ့ကျင့်ပါ။

စာရေးတဲ့သူ အားလုံးဟာ သူတို့သိတာကို သူများသိစေချင်လို့ ရေးကြတာချည်းပါပဲ။

ဘယ်စာအုပ်ပဲဖတ်ဖတ် ဖတ်မိတဲ့ စာကြောင်းကတစ်ဆင့် ကိုယ့်အသိဉာဏ်ထဲမှာ

**သိမှုဖြစ်စေလို့ စာမျိုးစုံကိုဖတ်ပါ။**

မကောင်းရင် မကောင်းဘူးဆိုတာကို သိစေတယ်။

စာတစ်ခုဖတ်ပြီးလို့ အသိဉာဏ်တစ်ခုခုရရင် "*စာတွေဖတ်ပြီးရတဲ့ အသိဉာဏ်ကို လက်တွေ့အကောင်အထည် ဖော်လိုက်လို့ ငါဖန်တီးတဲ့ အနုပညာပစ္စည်းတွေ ပြောင်းလဲ၊ တိုးတက်စေတယ်ဟေ့*" လို့ ကိုယ့်အနုပညာ ပတ်ဝန်းကျင်မှာရှိတဲ့ အနုပညာ ဖန်တီးနေတဲ့လူတွေကို စာဖတ်ဖို့ တိုက်တွန်းပါ။

**ပြီးတော့ စာအုပ်ထဲကရတဲ့ အသိဉာဏ်ကို တကယ့်ဘဝနဲ့ စိတ်ထဲမှာ အမြဲတမ်းရှိနေအောင် လက်တွေ့အကောင်အထည် ဖော်တဲ့ စိတ်လေ့ကျင့်ခန်းကို ဆက်လက်လေ့ကျင့်ပါ။**

လူတွေအကြောင်း ရိုက်နေကြရတဲ့ သရုပ်ဆောင်တွေဟာ လူတွေအကြောင်း မသိသင့်ဘူးလား။

လူတွေအကြောင်း သိချင်ရင် စာမျိုးစုံဖတ်။ **လူတွေကြားထဲမှာနေ။**

သူတို့ပြောတာတွေကို နားထောင်တဲ့ အလေ့အကျင့်လုပ်။

ကိုယ်မလုပ်နိုင်ရင်လည်း ကြားလာတာ၊ မြင်လာတာကို အမှန်အတိုင်း ပြန်ပြောနိုင်တဲ့လူ ရှာထားပြီး

ပြန်ပြောခိုင်း၊ **ဝေဖန်ခိုင်း။ ဝေဖန်တာကို လက်ခံနိုင်အောင် ကိုယ့်စိတ်ကိုယ် လေ့ကျင့်။**

**ဝေဖန်မှုကို လက်ခံတာ၊ ကိုယ့်ဘဝအတွက် တိုးတက်မှုကို ဖြစ်စေတယ်။**

**သူတို့ဝေဖန်သလို ကိုယ်ကဖြစ်နေရင် ပြင်လိုက်။**

**သူတို့ဝေဖန်သလို ကိုယ်ကမဖြစ်ရင် ငါ့ကိုဝေဖန်ခြင်းနဲ့ အားပေးနေကြပါလားလို့ အမြတ်ထုတ်လိုက်။**

●



**နှစ်ပေါင်း (၄၀) လှုပ်ရှားခဲ့တဲ့**

**အနုပညာသမားတစ်ယောက်ရဲ့**

**အတွေ့အကြုံတွေကို**

**ရုပ်ရှင်လောကအတွက် ကျေးဇူးဆပ်ခဲ့ရင်း**

**ကျော်ဟိန်းဘဝကို အဆုံးသတ် စတေးခဲ့ပါပြီ။**

**နောက်ထပ် အသက်ရှင်နေသမျှ**

**နောက်ဆုံးထွက်သက်အထိ**

**ရဟန်းဘဝနဲ့**

**စိတ်ရှိတဲ့ လူသားအားလုံးကို**

**ပေးဆပ်ဖို့**

**သံသရာက လွတ်မြောက်စေတဲ့**

**ကျင့်စဉ် အသိဉာဏ်တွေကို**

**ဆက်လက် ရှာဖွေ၊ ကျင့်ကြံအားထုတ်ရင်း**

**ကျေးဇူးဆပ်နေဦးမှာပါ။**